

# မြေမြှုပ်မိုင်း စောင့်ကြည့်လေ့လာရေးအဖွဲ့

# မြန်မာနိုင်ငံ အစီရင်ခံစာ ၂၀၂၀

LANDMINE & CLUSTER MUNITION MONITOR

**၂၀၂၀ပြည့်နှစ် မြေမြုပ်မိုင်းစောင့်ကြည့်လေ့လာရေး**
**မြန်မာနိုင်ငံဆိုင်ရာအစီရင်ခံစာ**
**၂၀၂၀ပြည့်နှစ် Cluster Munition Monitor အစီရင်ခံစာပါဝင်သည်။**

**မြေမြှုပ်မိုင်းနှင့် ထပ်ဆင့်ပေါက်ကွဲစေသောလက်နက်ပစ္စည်းများစောင့်ကြည့်လေ့လာရေးအဖွဲ့**သည် မြေမြှုပ်မိုင်းအသုံးပြုမှု ပိတ်ပင်တားမြစ်ခြင်းဆိုင်ရာ နိုင်ငံတကာ စည်းရုံးလှုံ့ဆော်ရေးအဖွဲ့နှင့် ထပ်ဆင့်ပေါက်ကွဲစေသော စစ်လက်နက်ပစ္စည်းများ အသုံးပြု တားမြစ်ပိတ်ပင်ခြင်း ညွန့်ပေါင်းအဖွဲ့အတွက် သုတေသန လုပ်ငန်းများ ဆောင်ရွက်ပေးသည်။ မြေမြှုပ်မိုင်း အသုံးပြုမှု ပိတ်ပင်တားမြစ်ခြင်း နိုင်ငံတကာ စည်းရုံးလှုံ့ဆော်ရေးအဖွဲ့ (ICBL) အား ကမ္ဘာ့အပုမ်းလူသတ်မိုင်းများ ရှင်းလင်းပပျောက်ရေးအတွက် ၁၉၉၂ ခုနှစ် တွင် ဖွဲ့စည်းခဲ့သည်။ ICBL သည် နိုင်ငံပေါင်း(၇၀) နိုင်ငံတွင်ရှိသော အစိုးရမဟုတ်သော အဖွဲ့အစည်းပေါင်း ၁၃၀၀ ကျော် ပါဝင်သော ကွန်ယက်တခုဖြစ်သည်။ ၁၉၉၇ခုနှစ်တွင် ငြိမ်းချမ်းရေး နိုဘယ်လ်ဆုရခဲ့သည်။ ထပ်ဆင့်ပေါက်ကွဲစေသော စစ်လက်နက်ပစ္စည်းများ အသုံးပြုမှု တားမြစ်ပိတ်ပင်ခြင်း ညွန့်ပေါင်းအဖွဲ့သည် ထပ်ဆင့်ပေါက်ကွဲ လက်နက်များ ဖျက်သိမ်းပေးရန်၊ ယင်းလက်နက်ကြောင့် နောက်ဆက်တွဲ ထိခိုက်သေကြေဆုံးရှုံးမှုများ မဖြစ်ပေါ်စေရေးအတွက် ကာကွယ်ဟန့်တားရန်နှင့် ထိုလက်နက်များကြောင့် အတိဒုက္ခရောက်မှုများကို ထာဝရ အဆုံးသတ်စေရန် စသည်တို့အတွက် ရည်ရွယ်ကြိုးပမ်း ဆောင်ရွက်နေသော နိုင်ငံတကာ စည်းရုံး လှုံ့ဆော်ရေးအဖွဲ့ကြီး ဖြစ်သည်။

**မြေမြှုပ်မိုင်းအသုံးပြုမှုစောင့်ကြည့်လေ့လာရေးအဖွဲ့**သည် ၁၉၉၇ခုနှစ် အိုတာဝါ သဘောတူစာချုပ် သို့မဟုတ် မိုင်း အသုံးပြုမှု ပိတ်ပင်တားမြစ်ခြင်း သဘောတူစာချုပ်အား အကောင်အထည်ဖေါ်ခြင်းနှင့်ပတ်သက်၍ မှတ်တမ်းတင်သည်။ ထို့အပြင် ထပ်ဆင့်ပေါက်ကွဲစေသော လက်နက်ပစ္စည်းများ စောင့်ကြည့်လေ့လာရေးအဖွဲ့သည် ၂၀၀၈ခုနှစ်ထပ်ဆင့်ပေါက်ကွဲစေသော လက်နက်ပစ္စည်းများဆိုင်ရာ သဘောတူချုပ် အကောင်အထည်ဖေါ်မှုကို မှတ်တမ်းတင်သည်။ ၎င်းနှစ်ဖွဲ့စလုံးသည် ယင်းလက်နက်များကြောင့် ဖြစ်ပေါ်လာသည့် အကြပ်အတည်းများအပေါ် နိုင်ငံတကာအသိုင်းအဝန်းက တုန့်ပြန်ဆောင်ရွက်ချက်များနှင့် ပတ်သက်၍လည်း စောင့်ကြည့် လေ့လာသည်။

၂၀၂၀ ပြည့်နှစ် နိုဝင်ဘာလ (၁)ရက်နေ့အထိ ကမ္ဘာ့အစိုးရစုစုပေါင်း၏ ၈၀ ရာခိုင်နှုန်းဖြစ်သော နိုင်ငံပေါင်း ၁၆၄ နိုင်ငံက မြေမြှုပ်မိုင်း အသုံးပြုမှု တားမြစ်ပိတ်ပင်ခြင်း သဘောတူစာချုပ်အား သဘောတူလက်ခံခြင်း (သို့မဟုတ်) လက်ခံကျင့်သုံးခြင်းများပြုလုပ်ခဲ့သည်။ ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာလ (၁) ရက်နေ့အထိ နိုင်ငံပေါင်း ၁၂၃ နိုင်ငံက ထပ်ဆင့် ပေါက်ကွဲစေသော လက်နက်ပစ္စည်းများ အသုံးပြုမှုတာမြစ်ပိတ်ပင်ခြင်း သဘောတူစာချုပ်အား လက်မှတ်ရေးထိုးခြင်း (သို့မဟုတ်) လက်ခံကျင့်သုံးခြင်းများများပြုလုပ်ခဲ့သည်။ **မြန်မာနိုင်ငံသည် စာချုပ်နှစ်ခုစလုံးအား လက်မှတ်ရေး ထိုးခြင်း မပြုသေးပေ။**

မြေမြှုပ်မိုင်းနှင့် ထပ်ဆင့်ပေါက်ကွဲစေသောလက်နက်ပစ္စည်းများစောင့်ကြည့်လေ့လာရေးအဖွဲ့သည် စာချုပ်ပါအချက်များ မှန်ကန်ခြင်း ရှိ မရှိ စစ်ဆေးသော အဖွဲ့မဟုတ်သကဲ့သို့ တရားဝင်စုံစမ်းစစ်ဆေးရေးအဖွဲ့လည်း မဟုတ်ပေ။ သက်ဆိုင်ရာအစိုးရများသည် လူသတ်မိုင်း ဆန့်ကျင် တိုက်ဖျက်ရေး တာဝန် ရှိမှုအပေါ် လိုက်နာဆောင်ရွက်ခြင်းရှိမရှိ လေ့လာသော သာမန်ပြည်သူများ၏ အားထုတ်ချက်တခုသာ ဖြစ်သည်။ စာချုပ်အား လက်မှတ်ရေးထိုးထားသော တိုင်းပြည်များ အနေဖြင့် အစီရင်ခံတင်ပြခြင်းစည်းကမ်းအား လိုက်နာလာစေရန် ရည်ရွယ်ခြင်းလည်း ဖြစ်သည်။ မိမိတို့ အစီရင်ခံစာသည် မြေမြှုပ်မိုင်းနှင့် ထပ်ဆင့်ပေါက်ကွဲစေသော လက်နက်ပစ္စည်းများပြဿနာ၏ အခြေအနေကို ပိုမိုထင်သာ မြင်သာဖြစ်လာစေရန်၊ လက်မှတ်ရေးထိုးထားခြင်းမရှိသေးသော အစိုးရ၏မူဝါဒများ (သို့မဟုတ်)လုပ်ဟန်များကို ပိုမိုသိရှိလာစေရန်အတွက် ရည်ရွယ်သည်။

မြေမြှုပ်မိုင်းနှင့်ထပ်ဆင့်ပေါက်ကွဲစေသောလက်နက်ပစ္စည်းများစောင့်ကြည့်လေ့လာရေးအဖွဲ့သည် မြေမြှုပ်မိုင်းကင်းစင်သောကမ္ဘာကြီး ဖြစ်လာစေရေး ရည်မှန်းချက် အထမြောက် အောင်မြင်စေရန်အတွက် လူ့အဖွဲ့အစည်းအတွင်းပိုမိုသိရှိ နားလည်လာစေရန်နှင့် ဆွေးနွေးမှုများ ပိုရှိလာစေရန် ရည်ရွယ်သည်။

မြေမြှုပ်မိုင်းနှင့်ထပ်ဆင့်ပေါက်ကွဲစေသောလက်နက်ပစ္စည်းများစောင့်ကြည့်လေ့လာရေးအဖွဲ့သည် ကမ္ဘာကြီးတခုလုံးအကျိုး ဖြစ်ထွန်းစေ လိုသည့်အလို့ငှာ ၎င်းစောင့်ကြည့်လေ့လာသော ကိစ္စရပ်နှင့်ပတ်သက်၍ မှန်ကန်သော သတင်းအချက်အလက်များအတွက်သာ ဦးတည် လုပ်ဆောင် သည်။ ၎င်းမှတ်တမ်းများနှင့် သုံးသပ်ချက်များသည် အရေးကြီးသကဲ့သို့ အပြုသဘောဆောင်သော တင်ပြချက်များ သာဖြစ်သည်။

၂၀၂၀ပြည့်နှစ်မြန်မာနိုင်ငံဆိုင်ရာမြေမြှုပ်မိုင်းနှင့်ထပ်ဆင့်ပေါက်ကွဲစေသောလက်နက်ပစ္စည်းများစောင့်ကြည့်လေ့လာရေး သုတေသီသည် ယက်စ်ဟူဟွာ မိုဆာ-ပူအန်စူဝမ် (Yeshua Moser-Puangsuwan) ဖြစ်သည်။ နှစ်စဉ် အစီရင်ခံစာအတွက် သတင်းအချက်အလက်များ ပေးပို့ကြသည့် အဖွဲ့အစည်းအားလုံး နှင့် ပုဂ္ဂိုလ်တဦးချင်းစီအား ကျေးဇူးအထူးတင်သကဲ့သို့ အစီရင်ခံစာဖြစ်မြောက်ရေးအတွက် ပံ့ပိုး ကူညီမှုများကိုလည်း အထူး အသိအမှတ်ပြုပါသည်။

အကြောင်းအရာများနှင့်ပတ်သက်၍မှတ်တမ်းများပိုမိုတိကျစေရန် ပါဝင်ကူညီမှုများ ပြုလုပ်ပေးကြရန်အတွက်လည်း တောင်းဆို လိုက်ပါ သည်။ burma@icblcmc.org သို့ဆက်သွယ်နိုင်ပါသည်။ အစီရင်ခံစာပါ သတင်း အချက်အလက်များနှင့်ပတ်သက်၍ ပြင်ဆင်ချက်များရှိပါက monitor@icblcmc.org သို့စာရေးသား ဆက်သွယ်နိုင်ပါသည်။

မျက်နာဖုံးဓါတ်ပုံ။ ကော့ကရိတ် မိုင်းသင့်ပြည်သူကူညီရေးဌာနမှ လက်ထောက်မန်နေဂျာက ခြေတုတစ်ခု ပြင်ပေးနေပုံ။ ဓါတ်ပုံ - မိမိခိုင်/Humanity & Inclusion

CLUSTER MUNITION COALITION

**မြန်မာနိုင်ငံမြေမြှုပ်မိုင်းနှင့်**
**ထပ်ဆင့်ပေါက်ကွဲစေသောလက်နက်ပစ္စည်းများ စောင့်ကြည့်လေ့လာရေးအဖွဲ့**
www.the-monitor.org|
www.burma.icbl.org

International Campaign to Ban Landmines
1997 Nobel Peace Co-laureate

**မူဝါဒ**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသည် မြေမြှုပ်မိုင်းအသုံးပြုမှု ပိတ်ပင်တားဆီးခြင်း သဘောတူစာချုပ်ကို သဘောတူ လက်ခံထားသော နိုင်ငံတနိုင်ငံမဟုတ်ပေ။[1]

မြန်မာနိုင်ငံသည်  မြေမြှုပ်မိုင်းအသုံးပြုမှုပိတ်ပင်တားဆီးခြင်း သဘောတူ စာချုပ်ကိုထောက်ခံကြောင်း အချိန်အခါ သင့်သလို ဖော်ပြပြောဆိုသော်လည်း လက်ခံကျင့်သုံးရန်အတွက် တစုံတရာ ဆောင်ရွက်ခြင်း မရှိသေးပေ။ တပ်မတော်က မြေမြှုပ်မိုင်းများကို အကန့်အသတ်ဖြင့် အသုံးပြုနေသည်ဟု ထုတ်ဖော်ပြောဆိုသည်။ (အောက်ပါ အသုံးပြုမှု အခန်းကို ကြည့်။)

၂၀၁၉ ခုနှစ် နိုဝင်ဘာလတွင် အော်စလိုတွင် ကျင်းပသော မိုင်းအသုံးပြုမှုတားမြစ်သောသဘောတူစာချုပ်၏ လေးကြိမ်မြောက် ပြန်လည်သုံးသပ်ခြင်း ညီလာခံတွင် ပြည်ထောင်စုမြန်မာနိုင်ငံ လူမှုဖူလုံရေး၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြတ်အေးက "မြန်မာနိုင်ငံသည် လူသတ်မိုင်း အသုံးပြုမှု တားမြစ်ပိတ်ပင်ခြင်းသဘောတူစာချုပ်သည် လူသတ်မိုင်းများကြောင့် နောက်ဆက်တွဲဖြစ်ပေါ်ရသည့် လူ့အသက်ဆုံးရှုံးမှုများ၊ ဘေးဒုက္ခခံစားရမှုများ အဆုံးသတ်ရန်၊ လူ့ဂုဏ်သိက္ခာ နှင့် မျှော်လင့်ချက်များ ပြန်လည်ရယူခြင်းနှင့် လူအသက်ပေါင်းများစွာကို ကယ်တင်ခြင်းလုပ်ငန်းများ ဆောင်ရွက်နေခြင်းကြောင့် ၎င်း၏အရေးပါမှုကို အသိအမှတ်ပြုသည်။ သဘောတူစာချုပ်အား ကမ္ဘာအဝှမ်းလွှမ်းခြုံရေးအတွက်ဆောင်ရွက်ခြင်းသည် လူသာချင်း စာနာမှု ထိခိုက်နစ်နာမှု လျော့ချခြင်းတွင် အရေးပါသည်ဟု ကျွန်ုပ်တို့ ယုံကြည်သည်။[2]

၂၀၁၉ ခုနှစ် နိုဝင်ဘာလ ၆ ရက်နေ့တွင် ကျင်းပခဲ့သော ကမ္ဘာ့ကုလသမဂ္ဂအထွေထွေညီလာခံတွင် မြန်မာနိုင်ငံက ၎င်း၏ သက်ဆိုင်ရာအရာရှိများသည် အနာဂါတ်သဘောတူစာချုပ်တွင် မြန်မာနိုင်ငံပါဝင်မည်ဟူသော ရည်ရွယ်ချက်ဖြင့် မိုင်းအသုံးပြုမှု ပိတ်ပင်တားမြစ်ခြင်း သဘောတူစာချုပ်ပါအချက်များကို ပိုမိုနားလည်မှုရှိရန် ပြန်လည်သုံးသပ်မှုများ ပြုလုပ်နေသည်ဟု တင်ပြခဲ့သည်။ လက်နက်ဖျက်သိမ်းရေးကိစ္စရပ်များသည် လက်ရှိငြိမ်းချမ်းရေးလုပ်ငန်းစဉ်ဆွေးနွေးမှုများ၏ တစိတ်တပိုင်းဖြစ်ကြောင်းနှင့် မြန်မာနိုင်ငံအတွက် သဘောတူစာချုပ်သို့ ပါဝင်ရန်အတွက် အကန့်အကတ်ဖြစ်မှုများကိုပါ မြန်မာနိုင်ငံက ဖြည့်စွက်ပြောကြားခဲ့သည်။[3]

၂၀၁၈ ခုနှစ် နိုဝင်ဘာလတွင် မြန်မာနိုင်ငံက ငြိမ်းချမ်းရေးလုပ်ငန်းစဉ်သည် 'အမြင့်ဆုံးဦးစားပေး' လုပ်ငန်းစဉ်တစ်ခုဖြစ်ကြောင်း ထုတ်ဖော်ပြောဆိုခဲ့သည်။ 'နိုင်ငံတကာအဖွဲ့အစည်းများနှင့်  စာချုပ်အဖွဲ့ဝင်အဖွဲ့အစည်းများအနေဖြင့်  သဘောတူစာချုပ်အား လက်မှတ်ရေးထိုးရန် အဆင်သင့်မဖြစ်သေးသည့် နိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်မှု ပိုမိုအားကောင်းစေရန်နှင့် လိုအပ်သောနည်းပညာအကူအညီများများပို၍ ကူညီပေးရန် ထိုမှသာ ၎င်းနိုင်ငံများအနေဖြင့် စာချုပ်တွင် အမြန်ပါဝင်လာနိုင်ရန် အထောက်အကူဖြစ်လိမ့်မည်ဟု မိမိတို့ ယုံကြည်ကြောင်း'  မြန်မာနိုင်ငံက ထုတ်ဖော်ပြောဆိုခဲ့သည်။[4]

၂၀၁၈ ခုနှစ် ဇွန်လတွင် ကာကွယ်ရေးဝန်ကြီးဌာန အရာရှိများက ICBL ကို သက်ဆိုင်သူများ အထူးသဖြင့် တပ်မတော်သည် မိုင်းအသုံးပြုမှု တားမြစ် ပိတ်ပင်ခြင်းသဘောတူစာချုပ်တွင် သဘောတူပါဝင်ရန် ဖြစ်နိုင်ချေများကို ပြန်လည်သုံးသပ်နေကြောင်း ပြောဆိုခဲ့သည်။[5] သို့သော် ၂၀၁၈ ခုနှစ် မေလတွင် နိုင်ငံတကာပူးပေါင်းဆောင်ရွက်ရေးဝန်ကြီး ဦးကျော်တင်က သဘောတူစာချုပ်၏ အထူးသံတမန်ဖြစ်သော ဂျော်ဒန် တော်ဝင်မင်းသား မီရာရိဒ် ဇီယ်ဒ်အယ် ဟူစိန်ကို အဖွဲ့အစည်းအားလုံးက တစ်နိုင်ငံလုံးအပစ်အခတ်ရပ်စဲရေးသဘောတူစာချုပ်ကို အောင်မြင်စွာ အကောင်အထည်ဖော်ပြီးသည့်နောက်တွင် မြန်မာနိုင်ငံသည် စာချုပ်အဖွဲ့ဝင်အဖြစ် ပါဝင်ရန် စဉ်းစားပါမည်ဟု ပြောဆိုခဲ့သည်။[6]

---

1.ယခင်က ပြည်ထောင်စုမြန်မာနိုင်ငံဟုခေါ်သည်။ ယခင် စစ်အစိုးရလက်ထပ်တွင် Burma မှ Myanmar သို့ ပြောင်းလဲ သတ်မှတ်ခဲ့သည်။ တိုင်းရင်းသားအဖွဲ့အစည်းအများစု နှင့် နိုင်ငံအများစုက Burma ဟူ၍သာ ဆက်လက်ခေါ်ဝေါ် သုံးစွဲလိုကြသည်။ ပြည်နယ်နှင့်တိုင်းများ၏ အမည်များကို ယခင်မူရင်းအတိုင်း ခေါ်ဝေါ်ကြသလို အာဏာရ ပြည်ခိုင်ဖြိုး အစိုးရက အသံထွက်အတိုင်းခေါ်ဆိုသည့် အသုံးအနှုန်းကိုလည်း ကွင်းစ ကွင်း ပိတ်နှင့် ဖော်ပြသုံးစွဲမှုမျိုး လည်း ရှိသည်။ ဥပမာ ကရင်နီ (ကယား) ပြည်နယ်ဟူ၍ ဖြစ်သည်။ ၂၀၁၉ ခုနှစ်မှစ၍ မြေမြှုပ်မိုင်းနှင့် ထပ်ဆင့်ပေါက်ကွဲ လက်နက်များ စောင့်ကြည့်လေ့လာရေးအဖွဲ့သည် ကမ္ဘာ့ကုလသမဂ္ဂ၏ မြန်မာနိုင်ငံဆိုင်ရာသတင်းစီမံခန့်ခွဲမှုအဖွဲ့  (MIMU) က အသုံးပြုသည့် အမည်များအတိုင်း မြို့နယ်အမည်များကို စတင်အသုံးပြုသည်။ ပိုမိုသိရှိလိုပါက www.themimu.info  တွင်ကြည့်ပါ။ MINU website.

2.Statement of Myanmar (segment on Universalization), Mine Ban Treaty Fourth Review Conference, Oslo, 26 November 2019.

3.Myanmar, Explanation of Vote on Resolution L.40, 72nd Session, UNGA First Committee, New York, 31 October 2017, UNGA, Official Records, A/C.1/72/PV26, pp. 18–19/29.

4.Statement of Myanmar, Mine Ban Treaty Seventeenth Meeting of States Parties, Geneva, 30 November 2018.

5.ICBL/Landmine Monitor meeting with U Min Htike Hein, Assistant Secretary, Union Minister Office for Defence, Ministry of Defence, Naypyitaw, 29 June 2018.

6."Union Minister for International Cooperation U Kyaw Tin receives Prince Mired Ra'ad Al-Hussein, Special Envoy of the Convention on the Prohibition of the Use, Stockpiling, Production and Transfer of Anti-Personnel Mines and on Their Destruction (Ottawa Convention)," Global New Light of Myanmar, 30 May 2018; and Anti-Personnel Mine Ban Convention press release, "Mine Ban Convention Special Envoy to visit Myanmar," 24 May 2018. In June 2017, Ministry of Foreign Affairs and Ministry of Defense officials told the ICBL that the government was actively considering acceding to the Mine Ban Treaty, but could not provide an estimated timeline for when Myanmar might join. Landmine Monitor meetings with Kyaw Moe Tun, Director of International Organizations, Ministry of Foreign Affairs, Naypyitaw, 26 June 2017; and with Lt. Col. Myo Win Aung, Judge Advocate General's office, Ministry of Defense, Naypyitaw, 26 June 2017. In July 2012, then Minister of Foreign Affairs, U Wunna Maung Lwin, stated that Myanmar was considering acceding to the Mine Ban Treaty. Mine Ban Treaty Implementation Support Unit (ISU) press release, "Myanmar seriously considering landmine treaty as part of its state reforms," 12 July 2012.

၂၀၁၉ ဒီဇင်ဘာလ ၁၂ ရက်နေ့ ကမ္ဘာ့ကုလသမဂ္ဂ အထွေထွေညီလာခံ ဆုံးဖြတ်ချက် ၇၄/၆၁ တွင် မြန်မာနိုင်ငံက မဲမပေး ကြားနေနိုင်ငံအဖြစ် ရပ်တည်ခဲ့သည်။ ထိုဆုံးဖြတ်ချက်က မြေမြှုပ်မိုင်းအသုံးပြုမှု တားမြစ်ပိတ်ပင်ခြင်း သဘောတူစာချုပ်ကို ကမ္ဘာအပွမ်းလွှမ်းခြုံရေးအတွက်တောင်းဆိုခဲ့သည်။၁၉၉၇ ခုနှစ်မှစ၍ မြေမြှုပ်မိုင်းအသုံးပြုမှုပိတ်ပင်တားဆီးခြင်းသဘောတူစာချုပ်ကို ထောက်ခံသော အထွေထွေညီလာခံ နှစ်စဉ်ဆုံးဖြတ်ချက်အားလုံးကို မြန်မာနိုင်ငံက မဲမပေး ကြားနေနိုင်ငံအဖြစ် ရပ်တည်လာခဲ့သည်။[7]

မြန်မာနိုင်ငံသည် မြေမြှုပ်မိုင်း အသုံးပြုမှုတားဆီးပိတ်ပင်ခြင်း သဘောတူစာချုပ် အဖွဲ့ဝင်နိုင်ငံများ အစည်းအဝေးများသို့ လေ့လာသူအဖြစ် တက်ရောက်ခဲ့သည်။ နောက်ဆုံးတက်ခဲ့သည့်အစည်းအဝေးမှာ ၂၀၁၉ ခုနှစ်  နိုဝင်ဘာလ အော်စလိုတွင် ကျင်းပခဲ့သော စတုတ္ထအကြိမ်မြောက် ပြန်လည်သုံးသပ်ခြင်း ညီလာခံ ဖြစ်သည်။ ၎င်းညီလာခံတွင် ကမ္ဘာ့လုံးဆိုင်ရာလွှမ်းခြုံမှုနှင့်ပတ်သက်၍ ကြေညာချက်တစ်ခု တင်သွင်းခဲ့သည်။[8] မြန်မာနိုင်ငံသည် ၂၀၁၃၊ ၂၀၁၄ နှင့် ၂၀၁၆ ခုနှစ် နှင့် ၂၀၁၉ ခုနှစ် ဂျနီဗာတွင် ကျင်းပသော မြေမြှုပ်မိုင်း အသုံးပြုမှု တားဆီးပိတ်ပင်ခြင်း သဘောတူစာချုပ် ကဏ္ဍစုံအစည်းအဝေးများသို့ တက်ရောက်ခဲ့သည်။

၂၀၁၈ခုနှစ် ဒီဇင်ဘာလတွင် ကျင်းပသော အဖွဲ့ဝင်နိုင်ငံများ၏ ခုနစ်ကြိမ်မြောက်အစည်းအဝေးတွင် မြန်မာနိုင်ငံ ကိုယ်စားလှယ်အဖွဲ့က တပ်မတော်က မြေမြှုပ်မိုင်းအသုံးပြုမှုစွတ်စွဲချက်အပေါ် တုန့်ပြန်ပြောဆိုခဲ့သည်။[9]

၂၀၁၉ ခုနှစ် ဧပြီလတွင် မြန်မာနိုင်ငံသည် နိုင်ငံတကာကြက်ခြေနီကော်မတီ (ICRC) နှင့် လာအိုနိုင်ငံ နိုင်ငံခြားရေး ဝန်ကြီးဌာနက ဗီယင်ကျင်းမြို့တွင်ကျင်းပသော မြေမြှုပ်မိုင်းအသုံးပြုမှုတားမြစ်ပိတ်ပင်ခြင်း သဘောတူစာချုပ်ဆိုင်ရာ ဒေသဆိုင်ရာ နီးနှောဖလှယ်ပွဲသို့ တက်ရောက်ခဲ့သည်။[10]

၂၀၂၀ ပြည့်နှစ် မတ်လတွင် မြန်မာနိုင်ငံဆိုင်ရာ လူ့အခွင့်အရေးကောင်စီ၏ အထူးကိုယ်စားလှယ်က အစိုးရနှင့် နယ်စပ်ဒေသများတွင် လှုပ်ရှားနေကြသော အစိုးရမဟုတ်သော လက်နက်ကိုင်အဖွဲ့အစည်းများအား မြေမြှုပ်မိုင်းအသုံးပြုမှုကို ချက်ချင်း ရပ်တန့်ပေးရန် နှင့် အစိုးရအား မိုင်းအသုံးပြုမှု တားဆီးပိတ်ပင်ခြင်း သဘောတူစာချုပ်တွင် ပါဝင်ရန်တောင်းဆိုခဲ့သည်။[11]

၂၀၁၉ ခုနှစ် ဒီဇင်ဘာလတွင် မြန်မာနိုင်ငံမိုင်းကင်းစင်ရေးအဖွဲ့[12](၂၀၀၃ ခုနှစ်တွင် ICBL က လူသတ်မိုင်းအသုံးပြု ရပ်တန့်ခြင်းအတွက် တောင်းဆိုမှုအပါအဝင် မြန်မာနိုင်ငံအတွင်း မြေမြှုပ်မိုင်းအသုံးပြုမှုပိတ်ပင်ခြင်းကို မြှင့်တင်ရန်အတွက် စတင်ခဲ့သော လှုပ်ရှားမှုတစ်ခု) မြန်မာနိုင်ငံဆိုင်ရာ ၂၀၁၉ ခုနှစ် မြေမြှုပ်မိုင်း အသုံးပြုမှုစောင့်ကြည့်ရေး အစီရင်ခံစာ ထုတ်ဝေမှု သတင်းစာရှင်းလင်းပွဲ ကျင်းပခဲ့ပြီး  မြန်မာဘာသာဖြင့်ပြန်ဆိုပေးထားသော အစီရင်ခံစာစာအုပ် ၁၂၀၀ ကို ဖြန့်ချိခဲ့သည်။[13] ၂၀၁၉ ခုနှစ် ဒီဇင်ဘာနှင့် ၂၀၂၀ ပြည့်နှစ် စက်တင်ဘာလတွင် မြေမြှုပ်မိုင် စောင့်ကြည့်လေ့လာရေးအဖွဲ့ နှင့် ကမ္ဘာ့ကုလသမဂ္ဂ မြန်မာနိုင်ငံဆိုင်ရာသတင်းစီမံခန့်ခွဲမှုယူနစ် (MIMU) က မြန်မာနိုင်ငံအတွင်း မြေမြှုပ်မိုင်းအသုံးပြုမှု သတ်ရောက်မှုနှင့် မြန်မာနိုင်ငံ၏ ကျန်းမာရေးစနစ်အပေါ် မြေမြှုပ်မိုင်း ထိခိုက်အနာတရဖြစ်မှုများနှင့်ပတ်သက်၍ သတင်းပုံကားချပ်တစ်ခု ထုတ်ဝေခဲ့သည်။[14]

## ထုတ်လုပ်ခြင်း၊ သိုလှောင်ခြင်းနှင့်လွှဲပြောင်းခြင်း

ပဲခူးတိုင်းအနောက်ဖက်ခြမ်း၊ ညောင်ခြေထောက်ရှိ နိုင်ငံပိုင်စက်မှုလုပ်ငန်းတခုဖြစ်သော မြန်မာ့ကာကွယ်ရေး နှင့် စစ်ပစ္စည်းထုတ်လုပ်ရေးစက်ရုံများ (ကပစ) သည် မိုင်းရှာစက်ကိရိယာဖြင့် ရှာဖွေ၍ မရသော အစိတ်အပိုင်းများအပါအဝင် ဖြန့်ထွက် လူသတ်မိုင်းနှင့် နင်းမိုင်းများ ထုတ်လုပ်သည်။[15] ၂၀၁၆ ခုနှစ် စက်တင်ဘာလတွင် မြန်မာနိုင်ငံအာဏာပိုင်များသည် ၎င်းတို့ သိုလှောင် သိမ်း

7.၁၉၉၆ ခုနှစ်တွင် မြန်မာနိုင်ငံသည် လူသတ်မြေမြှုပ်မိုင်းများ တားမြစ်ပိတ်ပင်ခြင်း နိုင်ငံတကာသဘောတူစာချုပ်တစ်ခုကို အစိုးရများက အရယူရန် တောင်းဆိုသော UNGA ဆုံးဖြတ်ချက်ကို မြန်မာနိုင်ငံက ထောက်ခံမဲပေးခဲ့သည်။

8.Myanmar previously attended Mine Ban Treaty Meetings of States Parties in 2003, 2006, and 2011–2013. It did not participate in the Mine Ban Treaty Review Conference held 2004, 2009, or 2014.

9.Myanmar stated that it had begun joint-patrols with Bangladesh along their shared border in August 2018, and claimed that since the institution of these patrols, no landmine casualties had been reported.  Statement of Myanmar, Mine Ban Treaty Seventeenth Meeting of State Parties, Geneva, 26 November 2018.

10."Experts Discuss Landmine-related Risks At A Regional Seminar," Lao News Agency, 2 May 2019. The seminar covered landmines, cluster munitions and explosive remnants of war.

11.Office of the High Commissioner on Human Rights, "Report of the Special Rapporteur on the situation of human rights in Myanmar," A/HRC/43/59, 4 March 2020. The report recommended that Myanmar "Immediately stop laying landmines; ratify the Convention on the Prohibition of the Use, Stockpiling, Production and Transfer of Anti-Personnel Mines and on Their Destruction; clear mines and unexploded ordnance in accordance with international standards; mark and fence mine areas; and carry out systematic mine-risk and education activities."

12.The ICBL initiative was initially known as "Halt Mine Use in Burma/Myanmar." See, Mine-Free Myanmar website.

13."2017 Myanmar/Burma Country Report released at Yangon Press Conference," 11 January 2018. Audio recording of the press conference.

14."Townships with Known Landmine Contamination (2017) and Casualties in Myanmar (as of Dec 2016)," United Nations Myanmar Information Management Unit (MIMU), 30 May 2018. Infographic provides a 11-year overview of data from the Landmine Monitor (2007–2017). In 2018, the infographic was also available in Burmese language for the first time. MIMU reported to the Landmine Monitor that the landmine infographic has been one of their most requested products.

15.မြန်မာနိုင်ငံသည် တရုတ်နိုင်ငံလုပ် Type – 59 တိုက်မိုင်းအမျိုးအစားကို ပုံတူကူးချထားသော MM1 မိုင်းနှင့် တရုတ်လုပ် Type -58 အမျိုးအစား ရှေ့ထွက်မိုင်း MM2 အပြင် အမေရိကန်လုပ် M14 ပလစ်စတစ်မိုင်းများလည်း တုပထုတ်လုပ်သည်။

ဆည်းထားသော လူသတ်မိုင်းအရေအတွက်၊ အမျိုးအစားနှင့်ပတ်သက်သော သတင်းအချက်အလက်များ ထုတ်ပြန်ခြင်း မရှိသော်လည်း ဆက်လက် ထုတ်လုပ်နေကြောင်း အတည်ပြု ပြောကြားသည်။[16]

မြန်မာနိုင်ငံသည် လူသတ်မိုင်းများကို တင်ပို့ခြင်း၊ လက်ခံရယူခြင်းအပြင် တရုတ်နိုင်ငံ၊ အိန္ဒိယနိုင်ငံ၊ အီတလီနိုင်ငံ၊ ဆိုဗီယက်ပြည်ထောင်စု၊ အမေရိကန်ပြည်ထောင်စုနှင့် တခြားအမည်မသိ စစ်လက်နက် ပစ္စည်းထုတ်လုပ်သည့် နိုင်ငံများမှလည်း လူသတ်မိုင်းများ ဂယ်ယူ အသုံးပြုမှု ရှိသည်ဟု မြေမြှုပ်မိုင်း အသုံးပြုသည်။[17]

အစိုးရလက်ဂယ်တွင် ရှိသော လူသတ်မိုင်းအမျိုးအစား သို့မဟုတ် အရည်အတွက် နှင့်ပတ်သက်၍ တရားဂင် ထုတ်ပြန်သော သတင်းအချက်အလက်မရှိပေ။ ၂၀၁၉ ခုနှစ်နိုဂင်ဘာလတွင် ရှမ်းပြည်နယ်အတွင်းရှိ အစိုးရမဟုတ်သော လက်နက်ကိုင်အဖွဲ့တစ်ဖွဲ့က ကပစ ထုတ် MM2 လူသတ်မြေမြှုပ်မိုင်းဓါတ်ပုံများ ထုတ်ပြန်ခဲ့သည်။ မိုင်းများတွင် ပါသောနံပါတ်အရ ၎င်းမိုင်းများသည် ၂၀၁၈ ခုနှစ်တွင် ထုတ်လုပ်ထားသည်ဟုတွေ့ရသည်။[18]

မြန်မာနိုင်ငံသည် လူသတ်မိုင်းများ နိုင်ငံခြားတင်ပို့ ရောင်းချသည့် နိုင်ငံတခုအဖြစ် သတ်မှတ်ခံ ထားရခြင်းမရှိချေ။[19]

**အစိုးရမဟုတ်သော လက်နက်ကိုင်အဖွဲ့များ၏ ထုတ်လုပ်ခြင်း၊ လွှဲပြောင်းခြင်း နှင့် သိုလှောင်ခြင်း**

ကချင်လွတ်လပ်ရေးတပ်မတော် (KIA), ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော်(KNLA) နှင့် ဒီမိုကရေစီ အကျိုးပြု ကရင်တပ်မတော်(DKBA), အပါအဂင် မြန်မာနိုင်ငံ အတွင်းရှိ အစိုးရမဟုတ်သော လက်နက်ကိုင် အဖွဲ့အစည်း (NSAG) များစွာသည် လူသတ်မိုင်းများ ထုတ်လုပ်သည်။ မြန်မာနိုင်ငံအတွင်းရှိ အစိုးရမဟုတ်သော လက်နက်ကိုင် အဖွဲ့အစည်း အများစုသည် လက်လုပ်မိုင်းများထုတ်လုပ်နိုင်သည်ဟု ယုံကြည်ရသည်။

အစိုးရမဟုတ်သော လက်နက်ကိုင်အဖွဲ့များသည် ဒေသတွင်းရရှိသော ကုန်ကြမ်းများဖြင့် ထပ်ဆင့်ပေါက်ကွဲမိုင်းများ ထုတ်လုပ်သည်။ လက်လုပ် လူတိုက်မိုင်းများကို လက်လုပ် လူသတ်မိုင်းများအဖြစ် သတ်မှတ်ပြီး မိုင်းအသုံးပြုမှု ပိတ်ပင်တားဆီးခြင်း သဘောတူစာချုပ်ကလည်း တားမြစ်သည်။ မိုင်းရှာစက်ဖြင့်ရှာမရသော မိုင်းများ အသုံးပြုသည်ဟူသော စွတ်စွဲချက်များကိုတော့ အတည်ပြုနိုင်ခြင်းမရှိပါ။[20] ၂၀၂၀ ပြည့်နှစ်အတွင်း Monitor အဖွဲ့က အစိုးရမဟုတ်သော လက်နက်ကိုင်အဖွဲ့များသည် လူသတ်မြေမြှုပ်မိုင်းများထုတ်လုပ်သည်ဟူသော ခိုင်မာသော သက်သေများ ရရှိခဲ့သည်။[21]

တချို့ အစိုးရမဟုတ်သော လက်နက်ကိုင်အဖွဲ့များသည် ရှေ့ထွက်မိုင်းများ ထုတ်လုပ်နိုင်ပြီး၊ အဂေးထိန်းကားမိုင်းများပါ ထုတ်လုပ်သည်။

မြန်မာနိုင်ငံရှိလက်နက်ကိုင်အဖွဲ့များသည် တပ်မတော်ထံမှ ထောင်ထားသောမိုင်းများကို ဖော်ယူခြင်းဖြင့်သော်လည်းကောင်း၊ တပ်မတော်လက်နက်တိုက်များကိုသိမ်းယူခြင်းဖြင့်သော်လည်းကောင်း မှောင်ခိုလက်နက် ဈေးကွက်များမှ ဂယ်ယူခြင်းဖြင့်သော်လည်းကောင်း မိုင်းများရရှိတတ်သည်။[22]

**မိုင်းအသုံးပြုမှု**

၁၉၉၉ ခုနှစ်ပထမအကြိမ်အစီရင်ခံစာစတင်ထုတ်သည့်အချိန်မှစ၍မြေမြှုပ်မိုင်းအသုံးပြုမှုစောင့်ကြည့်လေ့လာရေးအဖွဲ့သည် မြန်မာနိုင်ငံတွင် အစိုးရတပ်ဖွဲ့ နှင့် အစိုးရမဟုတ် သော တပ်ဖွဲ့များ၏ လူသတ်မိုင်း အသုံးပြုမှုကို နှစ်စဉ် မှတ်တမ်းတင်ခဲ့သည်။

16.ထူးသန့် ။"တပ်မတော်ကရင်းသည်မြေမြှုပ်မိုင်းကို ဖြစ်နိုင်သမျှအနည်းဆုံးအသုံးပြုနေသည်ဟုအခိုင်အမာပြောကြား။ မြန်မာတိုင်းမ်စ်။ ၁၃ စက်တင်ဘာ ၂၀၁၆။

17.Landmine Monitor Report 2004 ကိုကြည့်ပါ။ p. 938. မိုင်းအမျိုးအစားများတွင် တရုတ်လုပ် Type-58-59-69-72A။ ဆိုဗီယက်လုပ် POMZ-2, POMZ-2M, PMN, PMD-6, US M14, M16A1, M18 နှင့် အိပ် POMZ-2, POMZ-2M, PMN, PMD-6, US M14, M16A1, M18 နှင့် အိန္ဒိယနှင့် ဗြိတိန်လုပ် LTM-73, LTM-76

18.The allegation and photographs were published on a Facebook page associated with the Restoration Council of Shan State (RCSS), 3 December 2019.

19.၁၉၉၉ ခုနှစ်တွင် ကုလသမဂ္ဂမြန်မာနိုင်ငံကိုယ်စားလှယ်က မြန်မာနိုင်ငံသည် လူသတ်မိုင်းများ ပြည်ပသို့ရောင်းချတင်ပို့ခြင်း တားမြစ်ချက်ကို ထောက်ခံကြောင်း၊ သို့သော် တရားဂင်ရပ်ဆိုင်းခြင်း (သို့မဟုတ်) ပြည်ပပို့ကုန်တားမြစ်ခြင်းနှင့်ပတ်သက်၍ တစုံတရာ လူသိရှင်ကြား ထုတ်ဖော်ခြင်း မရှိပေ။ Landmine Monitor Report 2000။ စာ ၄၆၉ ကိုကြည့်။

20.In October 2017, photographs were republished on several social media sites showing an unknown non-detectable antipersonnel mine, alleged to be of Chinese origin, in use by the Kachin Independence Army (KIA).

21.Photographs of an improvised mine in northern Shan State which did not require batteries, but was percussion activated. The mine is said to have been manufactured by the Shan State Army-South (SSA-S), but the Monitor was not able to confirm this allegation. Information provided by informant who requested anonymity.

22.Landmine Monitor Report 2009 တွင် မြန်မာနိုင်ငံအတွင်း အမေရိကန်လုပ် M26 နင်းမိုင်းရှိသည်ဟု ဖော်ပြခဲ့သည်။ သို့သော် အသုံးပြုသူကို မသိခဲ့။ ၂၀၁၀ ခုနှစ်တွင် လျှို့ဂှက် သတင်းအရင်းအမြစ်တခု၏ အဆိုအရ KNLA သည် တော်ဂင်ထိုင်းတပ်မတော်ထံမှ M26 မိုင်းများ ရရှိခဲ့သည်ဟု ဆိုသည်။ မိုင်းအသုံးပြုမှုပိတ်ပင်တားမြစ်ခြင်း သဘောတူစာချုပ်သို့ ထိုင်းနိုင်ငံမဂင်ရောက်ခင်က ဖြစ်သည်။ Landmine Monitor Report 2009 အစီရင်ခံစာ၊ စာ ၁၀၁၃ ကိုကြည့်။

## အစိုးရတပ်ဖွဲ့များ၏ အသုံးပြုမှုအသစ်များ

၂၀၁၈ ခုနှစ် ခုနှစ်ကြိမ်မြောက် မိုင်းအသုံးပြုမှုတားမြစ်ပိတ်ပင်ခြင်းသဘောတူစာချုပ်အဖွဲ့ဝင်နိုင်ငံများအစည်းအဝေးတွင် ဘင်္ဂလားဒေ့ရှ်နိုင်ငံနှင့်ထိစပ်နေသော နယ်စပ်တလျှောက်တွင် မြေမြှုပ်မိုင်းများ အသုံးပြုသည်ဟူသော စွပ်စွဲချက်များသည် အခြေအမြစ်မရှိကြောင်းနှင့် ဘင်္ဂလားဒေ့ရှ်နယ်စပ်တပ်ဖွဲ့များနှင့် ပူးတွဲကင်းလှည့်တပ်ဖွဲ့များသည် မည်သည့်မိုင်းမှ ထိခိုက်ခြင်း ရှာဖွေတွေ့ရှိခြင်း မရှိကြောင်း မြန်မာနိုင်ငံ ကိုယ်စားလှယ်တစ်ဦးက အခိုင်အမာ ပြောဆိုခဲ့သည်။[23]

သို့သော် ၂၀၁၉ ခုနှစ် ဇူလိုင်လတွင် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံးဌာနမှ အရာရှိတစ်ဦးက "အရပ်သား အစိုးရ စတင်သည့်အချိန်မှစ၍ တပ်မတော်သည် မြေမြှုပ်မိုင်းများ အသုံးပြုခြင်း မရှိတော့ကြောင်း" ပြောဆိုခဲ့သည်။ သို့သော် တချို့ အခြေအနေများတွင် မြေမြှုပ်မိုင်းများ ဆက်လက် အသုံးပြုနေဆဲ ဟူ၍ ထုတ်ဖော်ပြောဆိုခဲ့သည်။ တိတိကျကျဖေါ်ပြရပါက "နယ်စပ်ဒေသများတွင် တပ်မတော်သည် အင်အားနည်းပါက ၎င်းတို့တပ်စွဲသည့် နေရာတဝိုက်တွင် မိုင်းထောင်လေ့ရှိပြီး၊ အင်အား နည်းပါးသည့်အချိန်သာ ဖြစ်သည်ဟု ၎င်းက ပြောဆိုခဲ့သည်။ မိုက်ကရိုဝေ့တိုင်များ အစရှိသည့် အဆောက်အအုံများတဝိုက်တွင်လည်း မိုင်းထောင်လေ့ရှိသည်။ အနီးတဝိုက်တွင် ရွာများရှိပါက ရွာသားများကို သတိပေးသည်။ တပ်မတော်စခန်းသည် တိုင်းရင်းသား လက်နက်ကိုင်များထိန်းချုပ်ရာ နေရာတွင်ရှိပြီး လက်ဖြောင့်သေနတ်သမားများ၏ ချောင်းမြောင်း တိုက်ခိုက်လေ့ရှိသည့် နေရာများတွင် စခန်းတဝိုက် မိုင်းထောင်လေ့ရှိသည်။[24] ၂၀၁၆ ခုနှစ် စက်တင်ဘာလတွင် ကာကွယ်ရေးဝန်ကြီး ဗိုလ်ချုပ်မြင့်နွယ်က တပ်မတော်သည် ပြည်တွင်းလက်နက်ကိုင်ပဋိပက္ခတွင် မြေမြှုပ်မိုင်းဆက်လက်အသုံးပြုနေဆဲဟု လွှတ်တော်သို့ အစီရင်ခံခဲ့သည်။[25]

၂၀၁၈ နှစ်လယ်ပိုင်းမှစ၍ တပ်မတော်နှင့် ရခိုင်ပြည်နယ်တွင် လှုပ်ရှားနေသော အစိုးရမဟုတ်သည့် လက်နက်ကိုင် အဖွဲ့အစည်းဖြစ်သည့် ရခိုင်တပ်မတော် (AA) အကြား တိုက်ခိုက်မှုများ ပြင်းထန်လာခဲ့သည်။[26] AA သည် တခြားသိမ်းဆည်းရမိသော လက်နက်များနှင့်အတူ အစိုးရပိုင် ကပစ စက်ရုံ ထုတ် MM2၊ MM5 နှင့် MM6 လူသတ် မြေမြှုပ်မိုင်းဓါတ်ပုံများကို အွန်လိုင်းမှတဆင့် ပုံမှန်ထုတ်ပြန်လေ့ရှိသည်။[27] ၎င်းဓါတ်ပုံများသည် မြေမြှုပ်မိုင်း အသစ် ဟုတ်မဟုတ် တိတိကျကျ ဖော်ပြခြင်းမရှိသော်လည်း တပ်မတော် စစ်ကြောင်းများသည် လူသတ်မိုင်းများကို လက်နက်များ အဖြစ်ရှေ့တန်းဒေသတွင် အသုံးပြုနေသည်ဟု ညွှန်ပြနေသည်။

ယခုအစီရင်ခံစာကာလအတွင်း အစိုးရတပ်များက မိုင်းအသုံးပြုမှုအသစ်များနှင့်ပတ်သက်၍ ပြောဆိုချက်များကို အောက်ပါအတိုင်း တွေ့ရသည်။

- ၂၀၂၀ ပြည့်နှစ် ဖွနလတွင် ကရင်ပြည်နယ် ဖာပွန်မြို့နယ် အနောက်ဖက်တွင် တပ်မတော်စခန်းအနီး KNLA ထောင်ထားသော မိုင်းကြောင့် ရွာသားတစ်ဦး အသက်သေဆုံးခဲ့သည်။
  တပ်မတော်နှင့် KNLA အကြား စစ်ရေးတင်းမာမှုများရှိလာခြင်းကြောင့် မိုင်းများထောင်ခဲ့ခြင်း ဖြစ်သည်။[28] ၂၀၂၀ ပြည့်နှစ် မေလတွင် ကရင်ပြည်နယ် ဖာပွန်ခရိုင် မြောက်ဖက်မှ ကျေးရွာသားများက ဖာပွန် စကခလက်အောက်ခံ တပ်များဖြစ်သော ခလရ ၁၉ နှင့် ခမရ ၃၄၀၊ ၃၄၁ နှင့် ၄၃၄ မှ စစ်သားများသည် လမ်းမကြီးတလျှောက် စခန်းအရှေ့ဖက်တွင် မိုင်းများထောင်ခဲ့သည်ဟု ပြောဆိုခဲ့သည်။[29]
- ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီလ ၇ ရက်နေ့တွင် ရခိုင်ပြည်နယ် ဘူးသီးတောင်မြို့နယ် ကျောက်ရင်ကျေးရွာစုအတွင်းရှိ တိုက်ပုပေါက်ကျေးရွာအနီး ကလေးတော်တော်များများနှင့် လူကြီး တစ်ဦးသည် တပ်မတော်မှ ထောင်ထားသော မိုင်းဟု ရွာသား

---

23.Statement of Myanmar, Mine Ban Treaty Seventeenth Meeting of States Parties, Geneva, 30 November 2018. The statement said "...the security forces of Myanmar and Bangladesh have been conducting coordinated patrol along the border in the west of Myanmar. Coordinated patrol has been made for 19 times so far since August of this year. No incidents of landmines casualty have been reported in the area. Such accusation without concrete evidence will not help facilitate countries to join the convention."

24.Landmine Monitor meeting with U Min Htike Hein, Assistant Secretary, Union Minister Office for Defence, Ministry of Defence, in Naypyitaw, 5 July 2019.

25."Pyithu Hluttaw hears answers to questions by relevant ministries," Global New Light of Myanmar, 13 September 2016. The deputy minister stated that the Tatmadaw used landmines to protect state-owned factories, bridges and power towers, and its outposts in military operations. The deputy minister also stated that landmines were removed when the military abandoned outposts, or warning signs were placed where landmines were planted and soldiers were not present.

26.New landmine casualties in areas of conflict between the Tatmadaw and the Arakan Army (AA) not previously known to have landmine contamination also indicate new use, by either the AA, the Tatmadaw, or both. In January 2018, Indian authorities blamed landmine casualties occurring on its border with Myanmar, in Mizoram state, on either the Tatmadaw or the AA, both of whom were operating in the area. "Man hurt in Mizoram IED blast," The Telegraph, 18 January 2018.

27.See, AA, Battle News, undated. Photographs of MM2, MM5 and MM6 mines, among other weapons allegedly captured in June and March 2020, and in December, November and October 2019. See also, Mine Free Myanmar, "Allegedly Seized Mines Displayed by Arakan Army," 18 April 2019.

28."Karen Human Rights Group Submission to Landmine Monitor," August 2020, unpublished. The villager, who eventually died from his injuries, stated that he knew the placement of the mines as he had been informed by the KNLA, however forgot about them on his return.

29."Karen Human Rights Group Submission to Landmine Monitor," August 2020, unpublished. The villagers state that the Tatmadaw had issued verbal warnings to avoid the area.

များက ပြောသော မိုင်းကြောင့် အသက် သေဆုံး သို့မဟုတ် ဒဏ်ရာ ရခဲ့သည်။ တပ်မတော်က ယာယီစခန်းချခဲ့ဖူးပြီး ၎င်းတို့ရှင်းထားသော နေရာမှ ခုတ်ထားသော သစ်ပင်ခြောက်များ ကျန်ခဲ့သည်။ ဆရာနှင့် သူ့ကျောင်းသားများက ထမင်းဟင်း ချက်ရန်အတွက် ၎င်းနေရာသို့ ထင်းခွေ သွားခဲ့သည်။ ၎င်းယာယီစခန်း အနီးတဝိုက် မိုင်းထောင်ထားသည်ဟု စစ်သားများက ၎င်းတို့ကို သတိပေးခြင်း မရှိဟု ရွာသားများက ပြောသည်။ ထင်းစခွေသည်နှင့် ၎င်းတို့ မိုင်းနင်းမိပြီး သုံးဦးဒဏ်ရာရပြီး လေးဦး သေဆုံးခဲ့သည်။[30] ၂၀၂၀ ပြည့်နှစ် စက်တင်ဘာလ ရခိုင်ပြည်နယ် ဘူးသီးတောင်မြို့နယ် ဖိုကောင်းချောင်း ကျေးရွာမှ တခြားရွာသားတစ်ဦးသည် ၂၀၂၀ ပြည့်နှစ် အစောပိုင်းကတည်းက ရုတ်သိမ်းသွားသော တပ်မတော် ယာယီစခန်း အနီး ထင်းခွေသွားရင်း မိုင်းနင်းမိခဲ့သည်။[31]

• ၂၀၁၉ခုနှစ် နိုဝင်ဘာလတွင် ရှမ်းပြည်တပ်မတော် (တောင်ပိုင်း) (SSA-S) က ရှမ်းပြည်နယ် မြောက်ပိုင်း နမ္မတူမြို့နယ် မန်မူဒေသ ဂမ်ဝါကျေးရွာအနီး တပ်မတော်တပ်မ ၉၉ က ထောင်ထားသည်ဟုပြောသော MM2 လူသတ်မိုင်းပုံများကို ဖော်ပြခဲ့သည်။ တပ်မတော်နှင့် တခြားအစိုးရမဟုတ်သော လက်နက်ကိုင် အဖွဲ့အစည်းတစ်ခု တိုက်ပွဲဖြစ်ပြီးနောက် တပ်မတော်သည် သူပုန်အဖွဲ့များ မိုင်းထိနိုင်သည်ဟု ၎င်းတို့ ယုံကြည်သော ၎င်းကျေးရွာအပြင်ဖက် စိုက်ခင်းများနှင့် သစ်တောများအနီး မိုင်းစတင်ထောင်ခဲ့သည်ဟု SSA-S က စွတ်စွဲခဲ့သည်။[32]

မြန်မာနိုင်ငံတွင် မိုင်းပေါက်ကွဲမှုများဖြစ်ပါက လက်နက်ကိုင်အဖွဲ့တစ်ဖွဲ့ကို တာဝန်ယူမှု တိတိကျကျပြောဆိုရန် တခါတရံ အလွန်ခက်သည်။ သို့သော် ၂၀၂၀ ပြည့်နှစ် အစောပိုင်း လများတွင် ရွာသားများသည် လောလောလတ်လတ် လက်နက်ကိုင်တိုက်ပွဲများဖြစ်သော နေရာများမှ မြေမြှုပ်မိုင်း ထိခိုက်အရာတဖြစ်မှုများကို အစီရင်ခံခဲ့ကြသည်။ သာဓကအားဖြင့် အောက်ပါအဖြစ်အပျက်များ ပါဝင်သည်။

• ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီလ ၁၉ ရက်နေ့တွင် ရခိုင်ပြည်နယ် ပုဏ္ဏားကျွန်းမြို့နယ်အတွင်း တပ်မတော်နှင့် AA နှင့် တိုက်ပွဲဖြစ်ခဲ့သော ဒေသတွင် ရွာသားတစ်ဦး ဒဏ်ရာရခဲ့သည်။ မည်သူလက်ချက်ဖြစ်သည်ကို ဆုံးဖြတ်မရနိုင်ပေ။[33]

• ၂၀၂၀ ပြည့်နှစ် ဖေဖော်ဝါရီလ ၂၉ ရက်နေ့၊ မတ်လ ၁၁ ရက်နေ့နှင့် မေလ ၅ ရက်နေ့တွင် တနင်္သာရီတိုင်း ဒေသကြီးတောင်ပိုင်း ရေဖြူမြို့နယ် အလယ်စခန်းကျေးရွာအနီးတွင် ရွာသားများ မြေမြှုပ်မိုင်းကြောင့် ထိခိုက်ဒဏ်ရာရခဲ့သည်။

တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) လက်မှတ်ရေးထိုးထားသော ကရင်အမျိုးသားအစည်းအရုံး (KNU) နှင့် မွန်ပြည်သစ်ပါတီ(MNSP) အကြား ပဋိပက္ခဖြစ်ပွားရာဒေသအတွင်း ၂၀၁၈ခုနှစ် အောက်တိုဘာလမှစ၍ ထိခိုက်ဒဏ်ရာရမှုများ ဆက်တိုက်ဖြစ်ပေါ်ခဲ့သည်။ နှစ်ဖွဲ့စလုံးက မြေမြှုပ်မိုင်းအသုံးမပြုဟု ငြင်းဆိုကြပြီး တဖက်နှင့်တဖက် အပြစ်ပုံချနေသည်။ မိုင်းပေါက်ကွဲမှုများတွင် လက်လုပ်မိုင်းများပါဝင်ပြီး အသုံးပြုမှုအတွက် မည်သူတွင် တာဝန်ရှိသည်ဟု မသိနိုင်ပေ။[34]

• ၂၀၂၀ ပြည့်နှစ် မတ်လတွင် ရှမ်းပြည်မြောက်ပိုင်း ကျောက်မဲမြို့နယ် ခမ်ဆာကျေးရွာအနီး ရွာသားနှစ်ဦး မြေမြှုပ်မိုင်းနင်းမိပြီး အသက်သေဆုံးခဲ့သည်။ ထိုဒေသတဝိုက်တွင် တပ်မတော်၊ SSA-S နှင့် တအန်းအမျိုးသားလွတ်မြောက်ရေးတပ်မတော် (TNLA) အဖွဲ့များအကြား တိုက်ပွဲဖြစ်ခဲ့ဖူးသည်။ ထို့ကြောင့် မည်သည့်အဖွဲ့တွင် တာဝန်ရှိသည်ကို မသဲကွဲပေ။[35]

• ၂၀၂၀ ပြည့်နှစ် ဧပြီလ ၅ ရက်နေ့တွင် ရခိုင်ပြည်နယ် ရသေ့တောင်မြို့နယ် မိုတီဆိုးချောင်းကျေးရွာမှ ရွာသားတစ်ဦးသည် တပ်မတော်နှင့် AA တိုက်ပွဲမကြာခဏ ဖြစ်လေ့ရှိသည့်နေရာတွင် မိုင်းထိပြီး သေဆုံးခဲ့သည်။[36]

• ၂၀၂၀ ပြည့်နှစ် မေလ ၂၄ ရက်နေ့တွင် တပ်မတော် နှင့် AA တိုက်ပွဲဖြစ်ခဲ့ဖူးသည့် ရခိုင်ပြည်နယ်၊ ပုဏ္ဏားကျွန်းမြို့နယ်အတွင်း ရွာသားတစ်ဦး မိုင်းထိခဲ့ပြီး ၎င်းကို လာရောက်ကူညီသည့် ဒုတိယတစ်ဦးလည်း ထိခိုက်ဒဏ်ရာရခဲ့သည်။ သို့သော် မည်သူက ထောင်သော မိုင်းဟု ရွာသားများ မသိပါ။[37] ၂၀၂၀ ပြည့်နှစ် ဇူလိုင်လတွင် သံဃာတစ်ပါးသည် ကျောင်းပရဝုဏ်အတွင်း သန့်ရှင်းရေးလုပ်နေစဉ် မြေမြှုပ်မိုင်းပေါက်ကွဲပြီး ပျံလွန်တော်မူခဲ့သည်။ ရွာသားများက ၎င်းဘုန်းကြီးကျောင်းတွင် တပ်မတော်က မကြာမခဏဆိုသလို လာရောက် နေရာယူတက်သည်ဟု ပြောဆိုသော်လည်း ထိုဒေသအတွင်း TNLA လည်း

30.Monitor interview with villagers who requested anonymity. Families of the injured were each required to pay 20,000 Kyat (US$20) per day to the hospital so that the injured would be cared for by the doctors and nurses.

31.Monitor interview with villagers who requested anonymity.

32.Allegation and photographs were published on a Facebook page associated with the RCSS, 3 December 2019.

33."9 people wounded in Arakan landmine explosions," Narinjara News, 20 January 2020.

34."Two villagers from Ye Phyu Township severely wounded in landmine blasts," Mon News Agency/Burma News International, 14 March 2020. See also, Lawi Weng, "Civilian Injured by Landmine as Mon, Karen Armed Groups Trade Blame," The Irrawaddy, 5 May 2020. Details also based on Monitor interviews with informants who wished to remain anonymous.

35.Lawi Weng, "Landmine Kills Two Shan Civilians in Northern Myanmar," The Irrawaddy, 12 March 2020.

36."Rathedaung man killed by landmine," Development Mulitmedia Group/Burma News International, 9 April 2020.

37. "Mro ethnic villagers Injured in Ponna Kyaut landmine blasts," Narinjara News, 25 May 2020.

စခန်းချသည်။၎င်းနေရာအတွင်းရှိ မိုင်းများကိုရှင်းပေးရန် နှစ်ဖက်စလုံးကို ရွာသားများက တောင်းဆိုခဲ့သည်။[38]

• ၂၀၂၀ ပြည့်နှစ် ဩဂုတ်လတွင် ကလေးများ ရှာတွေ့သော မြေမြုပ်မိုင်းနှင့် ကစားကြသဖြင့် ကလေးတစ်ဦး အသက်သေဆုံးခဲ့ပြီး၊ ငါးဦး ဒဏ်ရာရခဲ့သည်။ မိုင်းပေါက်ခဲ့သော နေအိမ်တွင် တပ်မတော်မှစစ်သားများ နေခဲ့ဖူးသည်ဟု ရွာသားများက ပြောဆိုသည်။[39]

၂၀၁၉ ခုနှစ် နိုဝင်ဘာလတွင် ကျင်းပသော စတုတ္ထအကြိမ် ပြန်လည်သုံးသပ်ခြင်းညီလာခံတွင် မြန်မာနိုင်ငံနှင့် ဘင်္ဂလားဒေ့ရှ် နိုင်ငံ နှစ်နိုင်ငံစလုံးမှ ကိုယ်စားလှယ်များ တက်ရောက်ခဲ့ပြီး ဘင်္ဂလားဒေ့ရှ်ကိုယ်စားလှယ်က အောက်ပါအတိုင်း တိုက်တွန်းခဲ့သည်။

"မြန်မာနိုင်ငံသည် လူသတ်မိုင်းများ အသုံးပြုခြင်း၊ ထုတ်လုပ်ခြင်းနှင့် လွှဲပြောင်းခြင်းများကို ရပ်တန့်ပစ်ရမည်။ မြန်မာနိုင်ငံ အနေဖြင့် သတ်ရောက်ခံရသော လူမှုအသိုင်းအဝိုင်းအားလုံးပါဝင်သော မိုင်းသင့်ပြည်သူ အကူအညီပေးမှု လုပ်ငန်းအား ပွင့်လင်းမြင်သာမှုရှိစွာ ဆက်လက်ဆောင်ရွက်ရန်နှင့် အစိုးရမဟုတ်သော လက်နက်ကိုင်အဖွဲ့အစည်းများသည် ၎င်းတို့ဒေသများအတွင်း လူသတ်မိုင်းများအသုံးပြုခြင်း၊ သိုလှောင်ခြင်းများနှင့်ပတ်သက်၍ စွတ်စွဲချက်များရှိသဖြင့် ထိုအဖွဲ့အစည်းများနှင့်လည်း အဓိပ္ပါယ်ရှိစွာ ဆက်လက်ထိတွေ့ဆောင်ရွက်ရန် မိမိတို့ တိုက်တွန်းလိုသည်။ ၎င်းဆောင်ရွက်ချက်များသည် ရခိုင်ပြည်နယ်သို့ ရိုဟင်ဂျာများ ၎င်းတို့ နေအိမ်သို့ လုံခြုံ၍ ဂုဏ်သိက္ခာရှိစွာ ပြန်နိုင်ရေးအတွက် အခင်းအကျင်းတစ်ခု ဖန်းတည်းပေးခြင်းအတွက် အလွန်အရေးကြီးပါသည်။ ထို့အတွက် ကုလသမဂ္ဂ၏ ငြိမ်းချမ်းရေးထိန်းသိမ်းရေးလုပ်ငန်း၏ အဓိက ကူညီပံ့ပိုးသူ တစ်ဦးဖြစ်ပြီး မိုင်းအရေးဆောင်ရွက်မှုတွင် ကျွမ်းကျင်ပြီး မိုင်းပစ္စည်းများ ဖျက်ဆီးခြင်းတွင် အတွေ့အကြုံရှိသော မိမိတို့နိုင်ငံအနေဖြင့် မြန်မာနိုင်ငံနှင့် လက်တွဲဆောင်ရွက်ရန် အမြဲ အဆင်သင့်ရှိသည်။ မြန်မာနိုင်ငံ၏ လူသတ်မိုင်းဆက်လက်အသုံးပြုနေခြင်းအပေါ် မိမိတို့ စိုးရိမ်မှုကို ထပ်မံဖော်ပြလိုသည်။ ၂၀၁၉ ခုနှစ် စက်တင်ဘာမှ နိုဝင်ဘာလအထိ မြန်မာနိုင်ငံနှင့်ထိစပ်နေသော မိမိတို့နယ်စပ်တွင် မိုင်းနှင့်ဆက်စပ်သောအဖြစ်အပျက်များကို မိမိတို့ နယ်စပ်စီမံခန့်ခွဲမှု အာဏာပိုင်များက မှတ်တမ်းတင်ခဲ့သည်။ ၎င်းကြောင့် အရပ်သားများစွာ ထိခိုက် သေဆုံးမှု ရှိခဲ့သည်။ UN အချက်အလက်ရှာဖွေရေးမစ်ရှင်သည် မြန်မာနိုင်ငံ လက်နက်ကိုင်တပ်ဖွဲ့များသည် အနည်းဆုံး ပြည်နယ်နှစ်ခုတွင် လူသတ်မိုင်း အသုံးပြုမှု အစီရင်ခံမှုများနှင့် ပတ်သက်၍ ရှင်းရှင်းလင်းလင်း ဖော်ပြထားပြီးဖြစ်သည်။" [40]

မြန်မာနိုင်ငံ ကိုယ်စားလှယ်သည် အစည်းအဝေးခန်းမအတွင်း မရှိတော့သဖြင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံ၏ကမ်းလှမ်းချက်ကိုသော်လည်းကောင်း အသုံးပြုမှုနှင့်ပတ်သက်၍ ၎င်း၏ အကြံပြုချက်ကိုသော်လည်းကောင်း တစုံတရာ မှတ်ချက်ပြုခြင်း မရှိခဲ့ပေ။

ဘင်္ဂလားဒေ့ရှ်နှင့်ထိစပ်နေသော မြန်မာနိုင်ငံဖက်ခြမ်းတွင် မြေမြုပ်မိုင်းထိခိုက်အနာတရဖြစ်မှုများ ဆက်လက်ကြား သိနေရသည်။ ၂၀၂၀ ပြည့်နှစ် မတ်လ ၁၆ ရက်နေ့တွင် နယ်စပ် ဒုက္ခသည်စခန်းတွင်နေထိုင်သော ရိုဟင်ဂျာ ဒုက္ခသည် တစ်ဦးသည် ဘန်ဒါဘင်ခရိုင်အနီး မောင်းတောမြို့နယ်အကြား 'မည်သူမှ မပိုင်သော နယ်ခြားမြေ' အနီး ထင်းခွေနေစဉ် သေဆုံးခဲ့သည်။[41]

၂၀၁၈ ခုနှစ် ဖွန်လတွင် လူ့အခွင့်အရေးကောင်စီ၏ မြန်မာနိုင်ငံဆိုင်ရာ လွတ်လပ်သော နိုင်ငံတကာ အချက်အလက်ရှာဖွေရေး မစ်ရှင် (IIFFMM) က ၂၀၁၇ စက်တင်ဘာလတွင် မိုင်းအသုံးပြုမှုနှင့်ပတ်သက်၍ အောက်ပါ စွတ်စွဲချက်ကို ၎င်းတို့ စုံးစမ်းစစ်ဆေးမှုတွင် အစီရင်ခံခဲ့သည်။

"တပ်မတော်သည် နယ်မြေရှင်းလင်းခြင်းစစ်ဆင်ရေး၏ တစ်စိတ်တစ်ပိုင်းအနေဖြင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံဖက်သို့ ထွက်ပြေးသော ရိုဟင်ဂျာအရပ်သားများအား ဒဏ်ရာရစေခြင်း သို့မဟုတ် သတ်ဖြတ်ခြင်းတို့၏ ရည်ရွယ်ချက် နှင့် နယ်စပ်ဒေသများနှင့် ရခိုင်ပြည်နယ်မြောက်ပိုင်းတွင် မြေမြုပ်မိုင်းများကို ထောင်ခဲ့သည်ဟူ၍ ကောက်ချက်ချရန် ခိုင်လုံသောအကြောင်းပြချက်များရှိခဲ့သည်။ ထို့အပြင် ရိုဟင်ဂျာဒုက္ခသည်များ မြန်မာနိုင်ငံသို့ ပြန်မလာရဲစေရန် ချမှတ်ထားသော မဟာဗျူဟာ၏ အစိတ်အပိုင်းအဖြစ် နယ်စပ်ဒေသများတွင် လူသတ်မိုင်းအသစ်များ ထောင်ထားသည့်ပုံရှိသည်။" [42]

၂၀၁၈ ခုနှစ် ဖွန်လတွင် Landmine Monitor အဖွဲ့သည် KIA က ပေးသော ဓါတ်ပုံများကို ပြန်လည်သုံးသပ်ခဲ့ပြီး၊ မြန်မာနိုင်ငံအတွင်း လူသားချင်းစာနာသောလုပ်ငန်းဆောင်ရွက်သော အဖွဲ့တစ်ဖွဲ့ထံသို့ ပေးပို့ခဲ့သည်။ KIA တပ်ဖွဲ့များ အစီရင်ခံခဲ့သော မိုင်းဓါတ်ပုံများမှာ ကချင်ပြည်နယ်၊ တနိုင်းမြို့နယ် ဂေါ်ရီဘမ်၊ မန်ထူဘမ် နှင့် အူလွိုင်ဘိုင်ရွာများမှ ၎င်းတို့ ရှင်းလင်းခဲ့သော မိုင်းများဖြစ်သည်။ အကြမ်းအားဖြင့် 80 M14 နှင့် MM2 လူသတ်မိုင်းများပုံပါသော ဓါတ်ပုံတစ်ပုံတွင် ၎င်းမိုင်းများသည် မြန်မာအစိုးရက ထုတ်လုပ်သည်ဟူသော အမှတ်အသားများ ပါသည်ကို တွေ့ရသည်။ ၂၀၁၈ ခုနှစ် ဧပြီလနှင့် မေလအကြား တပ်မတော်က ၎င်းရွာများမှ ဆုတ်ခွာသည့်အချိန်တွင် ထောင်ထားခဲ့သော မိုင်းများ ဖြစ်သည်ဟု KIA က အခိုင်အမာ ပြောဆိုခဲ့သည်။ မိုင်းရှင်းလင်းစဉ် ၎င်း၏

37."Mro ethnic villagers Injured in Ponna Kyaut landmine blasts," Narinjara News, 25 May 2020.

38."Buddhist Abbot And Villager Killed By Landmine," Shan Herald News Agency/Burma News International, 17 July 2020.

39."One Child Dead and Five Injured in Northern Shan State Landmine Blast," Network Media Group/Burma News International, 4 August 2020.

40.Statement of Bangladesh, Mine Ban Treaty Fourth Review Conference, Oslo, 27 November 2019.

41.Abdul Azeez, "Rohingya man killed in landmine explosion, Dhaka Tribune, 18 March 2020.

42.Human Rights Council, "Report of the detailed findings of the Independent International Fact-Finding Mission on Myanmar," A/HRC/39/CRP.2, 17 September 2018, p. 288.

စစ်သားနှစ်ဦး ဒဏ်ရာရခဲ့သည်ဟု KIA က ပြောဆိုခဲ့သည်။[43]

၂၀၁၈ ခုနှစ် ဖွန်လတွင် Landmine Monitor အဖွဲ့သည် KIA ထံမှ လက်ခံရရှိသော ဓါတ်ပုံများကို ကာကွယ်ရေး ဝန်ကြီးဌာန အရာရှိတစ်ဦးကို ပြ၍ မှတ်ချက်ပေးရန် မေတ္တာရပ်ခံခဲ့သည်။ ၎င်းအရာရှိက ဓါတ်ပုံတွင်ပါသော မိုင်းတစ်လုံးသည် ကားမိုင်းဖြစ်သည်ဟု မှတ်ချက်ပြုပြီး အစိုးရအနေဖြင့် ကားမိုင်းအသုံးပြုခြင်းမရှိဟု၎င်းက ပြောဆိုခဲ့သည်။ ၎င်းအရာရှိက အစိုးရမဟုတ်သော လက်နက်ကိုင် အဖွဲ့ တစ်ဖွဲ့ဖွဲ့က မြန်မာထုတ်မိုင်းများကို ပုံစံတုပ၍ ထောင်ထားသေ လူသတ်မိုင်းများ ဖြစ်နိုင်သည်ဟု ပြောဆိုခဲ့ပြီး တပ်မတော်သည် စစ်ဆင်ရေးပြီးသည်နှင့် မြေမြှုပ်မိုင်းထားကို ချန်ထားခြင်း မရှိကြောင်း ပြောဆိုခဲ့သည်။[44]

၂၀၁၇ ခုနှစ် စက်တင်ဘာလတွင် မြေမြှုပ်မိုင်းစောင့်ကြည့်လေ့လာရေးအဖွဲ့နှင့် တခြားသော အဖွဲ့အစည်းများက သီးခြား လွတ်လပ်သော သက်သေများ ထုတ်ဖော်ပြခဲ့ဖူးသည်။ ၎င်းသက်သေများအရ မြန်မာနိုင်ငံအစိုးရ တပ်ဖွဲ့များသည် ဘင်္ဂလားဒေ့ရှ် နယ်စပ်နှင့်ထိစပ်နေသော နယ်နမိတ်တလျှောက် လူသတ်မိုင်းများ အသုံးပြုနေသည်ဟူ၍ ညွှန်ပြနေသည်။ မြန်မာနိုင်ငံသည် ရိုဟင်ဂျာ ထောင်သောင်းချီ၍ ဘင်္ဂလားဒေ့ရှ်နိုင်ငံအတွင်းသို့ နယ်စပ်ဖြတ်ကျော် အတင်းအကြပ် မောင်းထုတ်ခဲ့သည့်၂၀၁၇ ခုနှစ် ဩဂုတ်လ နှောင်းပိုင်းမှစ၍ မိုင်းများ စတင်အသုံးပြုခဲ့သည်။ ထိုအချိန်က မိုင်းအသစ် ထောင်ခဲ့သော နေရာများသည်နှစ်နိုင်ငံအကြား အဓိက နယ်စပ်ထွက်ပေါက် နှစ်ခုဖြစ်သော မြန်မာနိုင်ငံ မောင်တောမြို့နယ်နှင့် ဘင်္ဂလားဒေ့ရှ် ဘန်ဒါဘန်ခရိုင်အကြား ဖြစ်သည်။[45]

ယခင်မြေမြှုပ်မိုင်းစောင့်ကြည့်ရေး အစီရင်ခံစာများတွင် နယ်စပ်တလျှောက် လူသတ်မိုင်းများအသုံးပြုမှုကိုလည်း မှတ်တမ်း တင် ဖော်ပြခဲ့သည်။[46]

## ရက်စက်ကြမ်းကြုပ်မှု/ပေါ်တာများဖြင့် မိုင်းရှင်းခြင်း

မြန်မာစစ်တပ်သည် မိုင်းထောင်ထားသည့်နေရာများတွင် လူသားများကို မိုင်းရှင်းကိရိယာများအဖြစ် စစ်ကြောင်းများ အရှေ့မှ 'လမ်းပြ' အဖြစ် သွားခိုင်းသည့် အလေ့အထ ဆက်လက်အသုံးပြုနေသည့် သက်သေ အထောက်အထား များကို Landmine Monitor က တွေ့ရှိခဲ့သည်။ ၎င်းဆောင်ရွက်ချက်သည် နိုင်ငံတကာ လူသားချင်းစာနာမှု နှင့် လူ့အခွင့်အရေး ဥပဒေကို ဆိုးဝါးစွာ ချိုးဖောက်ခြင်း ဖြစ်သည်။[47]

နိုင်ငံတကာမဟုတ်သော လက်နက်ကိုင်ပဋိပက္ခများအပါအဝင် စစ်ဆင်ရေးများနှင့်တိုက်ရိုက် ပတ်သက်သော လုပ်ငန်းများ တွင် ပြည်သူများကို အတင်းအကြပ်ခိုင်းသော ပေါ်တာဆွဲခြင်းသည် မိရိုးဖလာနိုင်ငံတကာ လူသားချင်း စာနာသော ဥပဒေကို ချိုးဖောက်ခြင်းဖြစ်သည်။ ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီလတွင် ရှမ်းပြည်နယ် လားရှိုးမြို့နယ် ကျောက်ဖြူကျေးရွာမှ အမျိုးသားတစ်ဦးသည် တပ်မတော်က ပေါ်တာဆွဲခံထိပြီး စစ်ပစ္စည်းများ သယ်ဆောင်စဉ် မိုင်းနင်းမိပြီး ညာဖက်ခြေထောက် ဆုံးရှုံးခဲ့ရသည်။[48]

၂၀၁၉ ခုနှစ် အောက်တိုဘာလတွင် ရခိုင်ပြည်နယ် ကျောက်ဖြူမြို့နယ် အပေါက်ဂကျေးရွာမှ လယ်သမားတစ်ဦးသည် တပ်မတော်က လမ်းပြအဖြစ် အတင်းအဓမ္မခိုင်းစေရပြီး မိုင်းထိပြီး အသက်သေဆုံးခဲ့သည်။ မြေမြှုပ်မိုင်းပေါက်ပြီး ရုတ်ရုတ်သဲသဲ ဖြစ်နေသည့်အချိန်အတွင်း စစ်သားများက သူ့အမျိုးသားကို သေနတ်ဖြင့်ပစ်သတ်ခဲ့သည်ဟု ၎င်း၏ဇနီးသည်က အခိုင်အမာပြောသည်။ သို့သော် စစ်တပ်က ၎င်းသည် မိုင်းပေါက်ကွဲပြီး သေဆုံးခဲ့သည်ဟု ပြောဆိုသည်။[49]

---

43.The Free Burma Rangers published the photographs. See, Free Burma Rangers, "Burma Army Laying Landmines in Civilian Areas," 23 June 2018.

44.Human Rights Council, "Report of the detailed findings of the Independent International Fact-Finding Mission on Myanmar," A/HRC/39/CRP.2, 17 September 2018, p. 288.

45.According to the Monitor, local researchers interviewing and assisting displaced Rohingya civilians as they crossed into Bangladesh on 28 August 2017 saw an army truck arrive on the Myanmar side of the border from which they witnessed Myanmar government soldiers unloading three crates. They said the soldiers removed antipersonnel landmines from the crates and placed them in the ground, later returning at night to place more mines. According to these researchers, the mines were emplaced within Taung Pyo Let Yar village tract of Maungdaw township, adjacent to border pillar No. 31 in Bangladesh, an area that demarcates the beginning of the land border between Bangladesh and Myanmar. Email and phone interviews with researchers working with an NGO, who wish to remain anonymous, 17 September 2017.

46.A massive outflow of Rohingya people, nearly a quarter of a million, from northern Rakhine State, occurred in 1991 and 1992. Following widespread condemnation of Burma at the time by the Muslim world, Myanmar's armed forces emplaced a significant minefield along the entire length of its border with Bangladesh. Bangladeshi officials and humanitarian workers stated at the time that Burma's boundary minefield was laid for the purpose of deterring further flight out of the country by the Rohingya, and also to harass cross border movement by several Rohingya and Rakhine non-state armed groups active at that time. See, Landmine Monitor 2000, "Burma Country Report." In the early 1990s, several armed groups operated near the border, including the Rohingya Solidarity Organization, the Arakan Rohingya National Organization, the AA, and the Arakan Liberation Army. Further mine laying occurred in later years. See, Landmine Monitor, "Country Profile: Myanmar/Burma: Ban Policy," for 2013, 2014, and 2015.

47.Over the past two decades, Landmine Monitor has reported disturbing evidence that Myanmar military have forced civilians to clear antipersonnel mines without training or protective equipment or forced civilians to guide or carry equipment for the military in mined areas. Such activities constitute a threat to the right to life, liberty, and security of person. During Myanmar's first Universal Periodic Review of its human rights record, in 2011, the ICBL provided a submission detailing the use of human minesweepers.

48."Landmine Injuries On the Rise in Northern Shan State," Network Media Group/Burma News International, 30 January 2020.

49."Farmer killed as he was forced to guide soldiers," Narinjara/Burma News International, 21 October 2019.

၂၀၁၉ ခုနှစ် ဖေဖော်ဝါရီလ ၂၅ ရက်နေ့တွင် ဘင်္ဂလားဒေ့ရှ်နယ်စပ်အနီး AA နှင့်နီးစပ်သော ရှေ့တန်းတနေရာတွင် ခမရ ၅၄၄ က ပေါ်တာအဆွဲခံထိသော ချင်းပြည်နယ်တောင်ပိုင်း ပလက်ဝ မြို့နယ်မှ အသက် ၄၅ နှစ်အရွယ် အောင်လွန်းသည် မိုင်းထိ၍ အသက်သေဆုံးခဲ့သည်ဟု ချင်းလူ့အခွင့်အရေးအဖွဲ့ (CHRO)က အစီရင်ခံခဲ့သည်။[50] တပ်မတော်စစ်ကြောင်းအတွက် လမ်းပြအဖြစ် အဖမ်းခံခဲ့ရသူ တခြား ရွာသားနှစ်ဦးလည်း ဒဏ်ရာရခဲ့သည်။ စစ်ကြောင်းမှ စစ်သားနှစ်ဦးလည်း ပေါက်ကွဲမှုကြောင့် ဒဏ်ရာရခဲ့သည်။ မိုင်းထိသူ၏ မိသားစုအား တပ်မတော်က လျော်ကြေးငွေ အမေရိကန်ဒေါ်လာ တစ်ထောင် ပေးသည်။ ပလက်ဝတိုက်ပွဲများတွင် တပ်မတော်သည် ရွာသားများကို လမ်းပြအဖြစ်ဖမ်းယူအသုံးပြုမှု အလေ့အထ ပိုတိုးများလာသည်ဟု CHRO က အစီရင်ခံခဲ့သည်။[51]

၂၀၁၉ ခုနှစ်တွင် ဇူလိုင်လတွင် ကာကွယ်ရေးဝန်ကြီးဌာနမှ အရာရှိတစ်ဦးက ၎င်းမိုင်းထောင်ထားသော ဒေသများအတွင်း တပ်မတော်က အတင်းအဓမ္မလုပ်အားပေးခိုင်းစေခြင်းဆိုသည်မှာ လိမ်ညာပြောဆိုခြင်းသာ ဖြစ်သည်ဟု Landmine Minitor ကို ပြောဆိုခဲ့သည်။ တပ်မတော်တွင် အတင်းအဓမ္မလုပ်အားပေးခိုင်းစေခြင်းကို တားမြစ်သော မူဝါဒရှိသည်ဟု ၎င်းက ပြောဆိုသည်။ သောင်းကျန်းသူများသည် ၎င်းတို့လက်နက်များကို ဖွက်၍ ဒေသခံပြည်သူများအကြား ရောနှောနေကြသည်။ ၎င်းတို့အဖမ်းခံရပါက ၎င်းတို့သည်အတင်းအဓမ္မလုပ်အားပေးခိုင်းစေခံရသည်ဟုပြောဆိုလေ့ရှိကြောင်း၎င်းအရာရှိကပြောဆိုခဲ့သည်။ ဒေသခံပြည်သူများကို လမ်းပြအဖြစ် ခေါ်ယူခြင်းဟူသော စွပ်စွဲမှုကို ၎င်းက ပယ်ချခဲ့ပြီး စစ်ကြောင်းများတွင် GPS များရှိ၍ နယ်မြေအနေအထားကို ဒေသခံများ ထက်ပင် ပိုသိဟု ၎င်းက ပြန်လည်ချေပခဲ့သည်။[52]

၂၀၂၀ ပြည့်နှစ် မတ်လတွင် ICBL သည် လူ့အခွင့်ရေးကောင်စီ UPRအလုပ်အဖွဲ့၏ ၃၇ ကြိမ်မြောက်အစည်းအဝေးသို့ မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂ ကာလအပိုင်းအခြားအလိုက်ပြန်လည်သုံးသပ်ခြင်း (UPR) တင်ပြမှုတွင် ပါဝင်ကူညီပေးခဲ့သည်။ တင်ပြမှုတွင် Landmine Monitor အဖွဲ့က မှတ်တမ်းယူထားသော အစီရင်ခံမှုများပါဝင်သည်။ ၎င်းအစီရင်ခံမှုများတွင် အစိုးရစစ်တပ်က အရပ်သားပြည်သူများက စစ်ကြောင်းများအတွက် လမ်းပြအဖြစ်သော်လည်းကောင်း မိုင်းများရှိသောနေရာများတွင် စစ်ပစ္စည်းများ အတင်းအကြပ်သယ်ခိုင်းခြင်း နှင့် တချို့အခြေအနေများတွင် လူသားမိုင်းရှင်းကိရိယာများအဖြစ် ခိုင်းစေခြင်းများ ပါဝင်သည်။[53]

## အစိုးရမဟုတ်သော လက်နက်ကိုင်အဖွဲ့များ၏ အသုံးပြုမှု

၁၉၉၉ ခုနှစ်မှစ၍ မြန်မာနိုင်ငံအတွင်းရှိ အစိုးရမဟုတ်သော လက်နက်ကိုင်အဖွဲ့အစည်းများသည် လူသတ်မိုင်း များ အသုံးပြုသည်။ ၂၀၁၉ ခုနှစ်နောင်းပိုင်းနှင့် ၂၀၂၀ ပြည့်နှစ် အစောပိုင်းတွင် AA, KNLA နှင့် တခြားအဖွဲ့များ မိုင်းအသစ်အသုံးပြုမှု အစီရင်ခံမှုများရှိခဲ့သည်။[54]

သို့သော် အဖြစ်အပျက်တစ်ခုကို လက်နက်ကိုင် အဖွဲ့တစ်ဖွဲ့၏ တာဝန်အဖြစ် အတိအကျပြောရန် ခက်ခဲ့သည်။ ဥပမာ ၂၀၁၉ ခုနှစ် ဩဂုတ်လတွင် ရှမ်းပြည် မြောက်ပိုင်း၌ တပ်မတော်သည် မြောက်ပိုင်းမဟာမိတ်အဖွဲ့များဖြစ်သော TNLA, AA နှင့် MNDA အဖွဲ့များ နှင့် ကွတ်ခိုင်မြို့နယ် မောဟန်ကျေးရွာအနီး တိုက်ပွဲဖြစ်ပွားခဲ့သည်။ တဆက်တည်းတွင် မော်ဟန် ကျေးရွာသား တစ်ဦး မြေမြှုပ်မိုင်းနင်းမိ ဒဏ်ရာရခဲ့သည်။၎င်းနေရာတွင် ယခင်က မိုင်းမရှိဟု ရွာသားများက ပြောသဖြင့် မည်သည့်အဖွဲ့က တာဝန်ရှိသည်ကို မသိနိုင်ပေ။[55]

ကရင်ပြည်နယ်၊ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်များတွင် မိုင်းအသစ်အသုံးပြုမှုနှင့်ပတ်သက်သော စွပ်စွဲချက်အသစ်များကို အောက်ပါအတိုင်း အစီရင်ခံခဲ့သည်။

- ☐ ၂၀၁၉ ခုနှစ် နှောင်းပိုင်းတွင် KNLA တပ်သားများသည် သံလွင်မြစ်ပေါ် ထပ်ကြီးရေကာတာ တည်ဆောက်ခြင်း လုပ်ငန်းကို ရပ်တန့်ရန် ကရင်ပြည်နယ် ဖာပွန်မြို့နယ်အတွင်း မိုင်းများ ထောင်ခဲ့သဖြင့်၂၀၂၀ ပြည့်နှစ် ဖေဖော်ဝါရီလတွင် ဒေသခံကျေးရွာသားတစ်ဦး ထိခိုက်ဒဏ်ရာရခဲ့သည်။[56]
- ☐ ၂၀၂၀ ပြည်နှစ် မတ် - ဧပြီလတွင် KNLA တပ်ခွဲ (၃) သည် တပ်မတော်နှင့် တိုက်ပွဲဖြစ်စဉ် ကရင်ပြည်နယ် ဖာပွန်မြို့နယ်တွင်မိုင်းထောင်ခဲ့သဖြင့် ၂၀၂၀ ပြည့်နှစ် မေလတွင် ရွာသားတစ်ဦး ဒဏ်ရာရခဲ့သည်။[57]

---

50.“Civilian Injured by Landmine on Burma-India Border,” Burma News International, 19 March 2019.

51.Email to Landmine Monitor from Sang Hnin Lian, Chin Human Rights Organization (CHRO), 17 April 2019.

52.Landmine Monitor meeting with U Min Htike Hein, Ministry of Defence, in Naypyitaw, 5 July 2019.

53.Email from Diana Carolina Prado Mosquera, Advocacy and Campaigns Manager, ICBL, 23 March 2020.

54.There are also allegations of use by the Ta’ang National Liberation Army (TNLA), the Shan State Progress Party/Shan State Army-North (SSPP/SSA-N) and the Restoration Council Shan State/Shan State Army-South (RCSS/SSA-S) in their operations against Myanmar armed forces during the reporting period.

55.“Kutkai Villager ‘Seriously Injured’ by Landmine,” Burma News International, 20 September 2019.

56.“Karen Human Rights Group Submission to Landmine Monitor,” August 2020, unpublished. The villager who was injured while hunting near the area stated he was aware of the verbal warnings issued by the KNLA prior to laying the landmines, but felt it was safe as he had been hunting in the area previously.

57.“Karen Human Rights Group Submission to Landmine Monitor,” August 2020, unpublished. The villager who was injured while collecting thatch near the area stated he was aware that the KNLA had laid landmines but thought it was safe as he had collected thatch there before.

□ ၂၀၁၉ ခုနှစ် ဇူလိုင်လတွင် ကရင်အမျိုးသားကာကွယ်ရေးတပ် (KNDO) သည် ကရင်ပြည်နယ် ဖာပွန်မြို့နယ်အတွင်း ဘူးအဲဒါကျေးရွာစုတွင် မိုင်းထောင်ခဲ့သည်။ တပ်မတော်က တိုက်ခိုက်မည့်ရန်ကို ကာကွယ်ရန်ဟု ဆိုသည်။[58]
□ ၂၀၁၉ ခုနှစ် မေလတွင် ကရင်ပြည်နယ် လှိုင်းဘွဲ့မြို့နယ် မဲဖရူကျေးရွာစုမှ DKBA အရာရှိတစ်ဦးက ၎င်းရဲဘော်များကို ၎င်းတို့ဒေကိုကာကွယ်ရန် အနီးနားတောင်ပေါ်ရွာများတဝိုက်တွင် မြေမြုပ်မိုင်းများ ပိုထောင်ရန် အမိန့်ပေးခဲ့သည်။[59]

၂၀၁၁ ခုနှစ်တွင် အစိုးရသည် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနှင့် ငြိမ်းချမ်းရေး သဘောတူညီချက် ရယူရန် ဆန္ဒရှိကြောင်းထုတ်ဖော်ပြောဆိုခဲ့သည်။၂၀၁၅ ခုနှစ်အောက်တိုဘာလ ၁၅ ရက်နေ့တွင် တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့(၈)ဖွဲ့သည်"မိုင်းထောင်ခြင်းကိုအဆုံးသတ်ရမည်။"နှင့်"မြေမြှုပ်မိုင်းရှင်းလင်းခြင်း လုပ်ငန်းစဉ်တွင် ပူးပေါင်းပါဝင်မည်။" ကတိကဝတ်ပြုသော NCA ကို လက်မှတ်ရေးထိုးခဲ့ကြသည်။NCA ကို ကရင်အမျိုးသား အစည်းအရုံး (KNU)မှ ခွဲထွက်ခဲ့သော (၂) ဖွဲ့ အပါအဝင်၊ ရှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ (RCSS)၊ ရခိုင်လွတ်မြောက်ရေးပါတီ (ALP)၊ပအိုဝ်အမျိုးသားလွတ်မြောက်ရေးအဖွဲ့၊ မြန်မာနိုင်ငံလုံးဆိုင်ရာကျောင်းသားများ ဒီမိုကရက်တစ်တပ်ဦး၊ ချင်းအမျိုးသားတပ်ဦးစသည့် တိုင်းရင်းသားလက်နက်ကိုင်(၈) ဖွဲ့က လက်မှတ်ရေးထိုးခဲ့သည်။[60] ၂၀၁၈ခုနှစ် ဖေဖော်ဝါရီလတွင် မွန်ပြည်သစ်ပါတီ နှင့် လားဟူဒီမိုကရက်တစ်အစည်းအရုံးက တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေး သဘောတူစာချုပ်တွင် လက်မှတ်ရေးထိုးခဲ့သဖြင့် လက်မှတ်ရေးထိုးသူ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်း ၁၀ ဖွဲ့ရှိလာခဲ့သည်။[61] ၂၀၁၉ခုနှစ်ဧပြီလတွင် လူမှုဖူလုံရေး၊ ကယ်ဆယ် ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုဝန်ကြီး ဦးစိုးအောင်က မိုင်းများရှိနေခြင်းသည် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများသည် NCA ကို လက်မှတ်ရေး ထိုးခြင်းမရှိခြင်း၏ အကျိုးဆက်ဖြစ်သည်ဟု ပြောဆိုခဲ့သည်။[62]

ဆွစ် NGO တခုဖြစ်သော Geneva Callက စီစဉ်သော ကတိကဝတ်ပြုမှုသဂ္ဂဏ်လွှာကို လက်မှတ်ရေးထိုးခဲ့သော လက်နက်ကိုင်အဖွဲ့အဟောင်းများနှင့် လက်နက်ကိုင်အဖွဲ့တချို့က လူသတ်မိုင်းအသုံးပြုမှုကို ယခင်က တဖက်သတ်စွန့်လွှတ်ခဲ့ဖူးသည်။[63] ပလောင်ပြည်နယ် လွတ်မြောက်ရေးတပ်ဦး (PSLF)သည် ၂၀၀၇ ခုနှစ်တွင် Deed of Commitment ကို လက်မှတ်ရေးထိုးခဲ့ပြီး ၎င်း၏ လက်နက်ကိုင်တပ်ဖြစ်သော TNLA သည် မိုင်းအသုံးပြုမှုမှ ကန့်သတ်ရန် ယခင်က ကတိပြုခဲ့သည်။[64] ၂၀၁၇ ခုနှစ် ဇွန်လတွင် TNLA က မိုင်အသစ်အသုံးပြုခြင်း စွတ်စွဲချက်များကို ငြင်းဆန်ခဲ့ပြီး ၎င်းသည် Deed of Commitment လက်မှတ်ရေးထိုးသည့်အချိန်မှစ၍ မြေမြုပ်မိုင်းများ အသုံးပြုတော့ခြင်းမရှိဟု ထပ်လောင်း ပြောဆိုခဲ့သည်။[65]

## မြေမြုပ်မိုင်းအသစ်အသုံးပြုမှုအပေါ် တုန့်ပြန်မှုများ

မြန်မာနိုင်ငံအစိုးရအရာရှိများစွာက အစိုးရတပ်ဖွဲ့များ လူသတ်မိုင်းအသုံးပြုခြင်းနှင့် ပတ်သက်၍ဝန်ခံခြင်း သို့မဟုတ် ငြင်းဆန်ခြင်းများ ယခင်ကာလတွင် ပြုလုပ်ခဲ့ဖူးသည်။၂၀၁၉ခုနှစ်ဇူလိုင်လတွင် ကာကွယ်ရေးဝန်ကြီးဌာနမှ အရာရှိတစ်ဦးက Landmine Monitor အဖွဲ့အား "အရပ်သားအစိုးရတာဝန်ယူသည့်အချိန်မှစ၍ တပ်မတော်သည် မြေမြှုပ်မိုင်း အသုံးပြုခြင်း မရှိတော့ကြောင်း" ပြောဆိုခဲ့သည်။ သို့သော်လည်း တချို့အခြေအနေများတွင်တော့ မြေမြှုပ်မိုင်းများ ဆက်လက် အသုံးပြုနေဆဲဟု ထုတ်ဖော် ပြောဆိုခဲ့သည်။

"တချို့နယ်စပ်ဒေသများတွင် တပ်မတော် အင်အားနည်းပါးနေပါက ၎င်းတို့တပ်ဆွဲသည့်နေရာတဝိုက်တွင် မိုင်းထောင်ကြောင်း၊ သို့သော် အင်အားနည်းပါးသည့် အချိန်တွင်သာ အသုံးပြုသည်ဟု ၎င်းအရာရှိက တိတိကျကျ ပြောဆိုခဲ့သည်။ဆက်သွယ်ရေးတာဝါတိုင်များကဲ့သို့သော အဆောက် အဦးများအနီးတွင်လည်း မိုင်းထောင်လေ့ ရှိပါတယ်။ အနီးမှာ ရွာတွေရှိတယ်ဆိုရင် ကျနော်တို့ သတိပေးပါတယ်။ တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့တစ်ဖွဲ့ထိန်းချုပ်တဲ့နေရာမှာ တပ်မတော်စခန်းရှိလို့ အဲဒီ စခန်းဟာ ချောင်းမြောင်း

58."Karen Human Rights Group Submission to Landmine Monitor," September 2019, unpublished.

59.Ibid.

60."ငြိမ်းချမ်းရေးသဘောတူစာချုပ်လက်မှတ်ရေးထိုး။"မြန်မာ့အလင်း။ ၁၆အောက်တိုဘ၂၀၁၅။ စာ၁။ အပစ်အခတ်ရပ်စဲသောသဘောတူစာချုပ် ချုပ်ဆိုသည့် နိုင်ငံရေးအဖွဲ့အစည်းများတွင် လက်နက်ကိုင်တပ်များရှိကြသည်။ KNU တွင် ကရင့်အမျိုးသားလွတ်မြောက်ရေးတပ်မတော်(KNLA)၊ RCSS တွင် ရှမ်းပြည်တပ်မတော်(တောင်ပိုင်း)၊ ALP တွင်ရခိုင်လွတ်မြောက်ရေးတပ်မတော်၊ PNLO တွင် ပအိုဝ်အမျိုးသားလွတ်မြောက်ရေးတပ်မတော် နှင့် CNF တွင် ကချင်အမျိုးသား တပ်မတော်တို့ဖြစ်သည်။ ကျန်၂ ဖွဲ့သည် တပ်နှင့်နိုင်ငံရေးအမည် တူညီသည်။

61."Two ethnic armed groups sign ceasefire agreement in Nay Pyi Taw," Global New Light of Myanmar, 14 February 2018.

62.Lei Lei, "Landmines Strike 10 Civilians in a Single Town in Myanmar's Shan State," the Irrawaddy, 27 September 2019.

63.In the past, a few armed groups and former-armed groups, unilaterally renounced the use of antipersonnel mines by signing the Deed of Commitment administered by the Swiss NGO, Geneva Call. The Chin National Front/Chin National Army renounced use in July 2006. The Arakan Rohingya National Organization and the National United Party of Arakan, both now militarily defunct, renounced use in October 2003. The Lahu Democratic Front (LDF), Palaung State Liberation Army, and PPLO/Pa'O Peoples Liberation Army (PPLA) renounced use in April 2007. In a June 2010 report, Geneva Call noted that LDF and the PPLA had disbanded.

64.Since 2014, Geneva Call has been pursuing inquiries about allegations of mine use made against the TNLA. See, Geneva Call, "Burma/Myanmar: Geneva Call urges an end to mine use in northern Shan State," 14 July 2016.

65.Amnesty International, "All the Civilians Suffer: Conflict, Displacement and abuse in Northern Myanmar," 14 June 2017, p. 44.

ပစ်ခတ် နောင့်ယှက်ခံရရလည်း အနီးတဝိုက်မှာ မိုင်းထောင်ပါတယ်ဟု ၎င်းက ဆက်လက် ပြောဆိုခဲ့သည်။" [66]

"ပြည်တွင်းပဋိပက္ခတွင် ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်စောင့်ရှောက်နေသော မြန်မာနိုင်ငံ လက်နက်ကိုင်တပ်ဖွဲ့များသည် မြေမြှုပ်မိုင်းများ အသုံးပြုခြင်းမရှိ" ဟု မြန်မာနိုင်ငံက ၂၀၁၈ ခုနှစ်တွင် ထုတ်ဖော် ပြောဆိုခဲ့ဖူးသည်။[67] သို့သော် ၂၀၁၈ ခုနှစ် ဇွန်လတွင် ကာကွယ်ရေးဝန်ကြီးဌာနမှ အရာရှိတစ်ဦးက မြန်မာနိုင်ငံ လက်နက်ကိုင်တပ်များသည် မြေမြှုပ်မိုင်းများကို "မိမိကိုယ်မိမိကာကွယ်ခြင်း" အတွက်သာ အသုံးပြုရန်နှင့် " စနစ်တကျ မြေပုံအမှတ်အသားပြုလုပ်ရန်" စည်းကမ်းများကို တိတိကျကျ လိုက်နာရသည်ဟု Landmine Monitor သို့ ပြောဆိုခဲ့သည်။[68]

မြန်မာနိုင်ငံ၏ အစိုးရမဟုတ်သော လက်နက်ကိုင်မဟုတ်သော အဖွဲ့အစည်းများသည် လူသတ်မိုင်း အသုံးပြုခြင်းကို အစိုးရတပ်များကိုသော်လည်းကောင်း၊ ၎င်းအချင်းချင်းကိုသော်လည်းကောင်း ပြစ်တင်ပြောဆိုလေ့ရှိသည်။[69] သို့သော် KIA က ယမန်နှစ်အတွင်း ၎င်း၏ မိုင်းထုတ်လုပ်မှုနှင့် လက်လုပ်မြေမြှုပ်မိုင်းများ အသုံးပြုခြင်းကို ကာကွယ်ပြောဆိုခဲ့သည်။ သတင်းထုတ်ပြန်ရေးဌာနတာဝန်ခံ ဗိုလ်မှူးကြီးနော်ဘုက ၂၀၁၈ခုနှစ် ဇန်နဝါရီလ မီဒီယာအင်တာဗျူးတစ်ခုတွင် KIA၏ မိုင်းအသုံးပြုမှုနှင့်ပတ်သက်၍ KIA သည် "မိမိတို့ဌာနချုပ်တဝိုက်နှင့် ရှေ့တန်းစခန်းသို့ သွားသောလမ်းများတွင်" ထောင်သည်ဟု ပြောကြားခဲ့သည်။ "မိမိတို့သည် ပဋိပက္ခဒေသများတွင်သာ မိုင်းထောင်၍ အရပ်သားပြည်သူများ လှုပ်ရှားသွားလာသောနေရာများတွင် မိုင်းထောင်ခြင်း မပြု။" ဟု ၎င်းတို့မိုင်းအသုံးပြုမှုကို ကာကွယ်ပြောဆိုခဲ့သည်။[70]

မြန်မာနိုင်ငံတွင် မြေမြှုပ်မိုင်းအသုံးပြုနေခြင်းကို ကျယ်ကျယ်ပြန့်ပြန့် ရှုံ့ချ ပြောဆိုသည်။

၂၀၂၀ ပြည့်နှစ် မတ်လတွင် လူ့အခွင့်အရေးကောင်စီ၏ မြန်မာနိုင်ငံ လူ့အခွင့်အရေးအခြေအနေ အထူးကိုယ်စားလှယ်က မြန်မာနိုင်ငံအစိုးရနှင့် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများအား မိုင်းအသုံးပြုမှုကို ချက်ချင်းရပ်တန့်ရန် နှင့် မိုင်းအသုံးပြုတားမြစ်ပိတ်ပင်ခြင်းသဘောတူစာချုပ်တွင် အစိုးရပါဝင်ရန် တောင်းဆိုခဲ့သည်။[71]

၂၀၂၀ ပြည့်နှစ် ဇွန်လတွင် ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်၏ ကလေးနှင့်လက်နက်ကိုင်ပဋိပက္ခဆိုင်ရာ အထူးကိုယ်စားလှယ်က "လူသတ်မိုင်းများကြောင့်အပါအဝင် အသက်သေဆုံးမှု၊ ကိုယ်ခန္ဓာအစိတ်အပိုင်းစွန့်လွှတ်ရမှု အရေအတွက်များ တိုးမြင့်လာသည့်အပေါ် မိမိအနေဖြင့် အလွန်အမင်း စိတ်ပျက်မိပါသည်။ မြန်မာနိုင်ငံသည် ကလေးသေဆုံးမှု ဒုတိယအမြင့်မားဆုံးနိုင်ငံဖြစ်သည်နှင့်အညီ လူသတ်မိုင်းများနှင့် စစ်အတွင်းကြွင်းကျန်ရစ်သည့် ပေါက်ကွဲစေသော စစ်လက်နက်ပစ္စည်းများအရေးကို အလေးပေးဆောင်ရွက်ရန် တောင်းဆိုသည်။ မြန်မာနိုင်ငံအား မိုင်းအသုံးပြုမှုတားမြစ်ပိတ်ပင်ခြင်းသဘောတူစာချုပ်တွင် ပါဝင်ရန် အထူးကိုယ်စားလှယ်က တိုက်တွန်းလိုက်သည်။"[72]

၂၀၁၉ ခုနှစ် သြဂုတ်လတွင် လူ့အခွင့်အရေးကောင်စီက ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်များအတွင်း မြေမြှုပ်မိုင်းများရှိနေခြင်းသည် နေရပ်စွန့်ခွာပြည်သူများ လုံခြုံစွာနေရပ်ရင်းပြန်လာနိုင်ရေးအတွက် အဟန့်အတားဖြစ် နေရခြင်းကို အစီရင်ခံခဲ့သည်။[73]

၂၀၁၉ ခုနှစ် မတ်လ ၁ ရက်နေ့တွင် လူ့အခွင့်အရေးမဟာမင်းကြီး မစ်ရှယ်ဘက်ချက်လက်က မြန်မာနိုင်ငံတွင် အစိုးရနှင့် အစိုးရမဟုတ်သော လက်နက်ကိုင်အဖွဲ့ နှစ်ဖွဲ့စလုံးသည် လူသတ်မြေမြှုပ်မိုင်းများအသုံးပြုမှုကို ရှုံ့ချခဲ့သည်။[74]

မိုင်းအသုံးပြုမှုတားမြစ်ပိတ်ပင်ခြင်း သဘောတူစာချုပ်အဖွဲ့ဝင် ဘင်္ဂလားဒေ့ရှ်အစိုးရသည် မြန်မာအစိုးရလုံခြုံရေးတပ်ဖွဲ့များက နယ်စပ်တလျှောက်တွင် မြေမြှုပ်မိုင်းအသစ်များဆက်လက်အသုံးပြုခြင်းကို ကန့်ကွက်ခဲ့သည်။ (မိုင်းအသုံးပြုမှု တားမြစ်ပိတ်ပင်ခြင်း မူဝါဒအခန်းကိုရှု)[75] ၂၀၁၇ စက်တင်ဘာလ ၂၁ ရက်နေ့ ကမ္ဘာ့ကုလသမဂ္ဂ အစည်းအဝေးတွင် ဘင်္ဂလားဒေ့ရှ်နိုင်ငံ ဝန်ကြီးချုပ် ရှိတ်ဟာဆီနာက မြန်မာနိုင်ငံနှင့်နယ်နမိတ်ထိစပ်နေသည့် နယ်နမိတ်စည်းမျဉ်းတွင် မိုင်းအသစ်များ အသုံးပြုနေသည်ဟု ရှုံ့ချ ပြစ်တင်ခဲ့သည်။ "ရိုဟင်ဂျာပြည်သူများ မြန်မာနိုင်ငံသို့ ပြန်မလာနိုင်အောင် နယ်စပ်တလျှောက် မြန်မာအာဏာပိုင်များက မြေမြှုပ် မိုင်းများချထားသည် မြင်ရသည့်အတွက် အလွန်အမင်း တုန်လှုပ်မိပါသည်" ဟု သူမက ပြောဆိုခဲ့သည်။[76] ဘင်္ဂလားဒေ့ရှ်နိုင်ငံသည် ၎င်း

66.Landmine Monitor meeting with U Min Htike Hein, Assistant Secretary, Union Minister Office for Defence, Ministry of Defence, in Naypyitaw, 5 July 2019.

67.Statement of Myanmar, Mine Ban Treaty Sixteenth Meeting of States Parties, Vienna, 21 December 2017.

68.Landmine Monitor meeting with U Min Htike Hein, Ministry of Defence, in Naypyitaw, 29 June 2018.

69.Lawi Weng, "3 Civilians Reportedly Killed by Landmines in Shan State in June," the Irrawaddy, 8 July 2018.

70.Nang Lwin Hnin Pwint, "Mined areas increase to 11 Townships-original in Burmese language," the Irrawaddy, 13 January 2018.

71.UN Office of the High Commissioner on Human Rights (OHCHR), "Report of the Special Rapporteur on the situation of human rights in Myanmar," A/HRC/43/59, 4 March 2020. The report recommended Myanmar "Immediately stop laying landmines; ratify the Convention on the Prohibition of the Use, Stockpiling, Production and Transfer of Anti-Personnel Mines and on Their Destruction; clear mines and unexploded ordnance in accordance with international standards; mark and fence mine areas; and carry out systematic mine-risk and education activities."

72.UN, "Children and armed conflict Report of the Secretary-General," A/74/845-S/2020/525, 20 June 2020.

73.Human Rights Council, "Report of the Independent International Fact-Finding Mission on Myanmar," A/HRC/42/50, 8 August 2019.

74.OHCHR, "Mine Ban Convention – 20 years of protection. Celebrating 20 years since the Mine Ban Treaty entered into force," Keynote Speaker: UN High Commissioner for Human Rights Michelle Bachelet, 1 March 2019, Palais des Nations, Geneva.

75.Bangladesh, "Statement under Thematic Discussion on "Conventional Weapons" in the First Committee of the 72nd session of the UN General Assembly on Wednesday, 18 October 2017," New York, 18 October 2017.

နယ်စပ်ဖက်ခြမ်းတွင် လူသတ်မိုင်းများထောင်ထားသည်ကို ညွှန်ပြသော သက်သေအထောက်အထား မရှိပေ။ ၂၀၁၇ ခုနှစ် အောက်တိုဘာလ ၂ ရက်နေ့ ဘင်္ဂလားဒေ့ရှ် နှင့် မြန်မာနိုင်ငံ အဆင့်မြင့် ကိုယ်စားလှယ်များအကြား အစည်းအဝေးတစ်ခုအတွင်း ဘင်္ဂလားဒေ့ရှ် ပြည်ထဲရေးဝန်ကြီး အာဆဒူဇူမန် ကန်ကမယ်က မြန်မာစစ်တပ်အား ဘင်္ဂလားဒေ့ရှ်နယ်စပ်တွင် မြေမြှုပ်မိုင်းများ ဆက်လက်မထောင်ရန် ပြောခဲ့သည်ဟုဆိုသည်။ "ဇီရိုးလိုင်းတလျှောက်မှာ မိုင်းထောင်တဲ့ကိစ္စနဲ့ပတ်သက်ပြီး ကျမပြောခဲ့ပါတယ်။ နိုင်ငံတကာဥပဒေအရ မြန်မာနိုင်ငံဟာ နယ်စပ်မှာ မိုင်းထောင်လို့မရဘူး ဆိုတဲ့အကြောင်း ဝန်ကြီးကို ကျမ ရှင်းရှင်းလင်းလင်း ပြောခဲ့ပါတယ်။ ဒါဟာ ဥပဒေနှင့် မညီပါဘူး။" [77]

## လူသတ်မြေမြှုပ်မိုင်းများ၏ သတ်ရောက်မှု

ပြည်ထောင်စုမြန်မာနိုင်ငံသည်[78] ၁၉၄၈ခုနှစ်လွတ်လပ်ရေးရသည့်အချိန်မှစ၍တပ်မတော်နှင့်လူနည်းစု တိုင်းရင်းသားများနှင့် ဆက်နွယ်သော အစိုးရမဟုတ်သော လက်နက်ကိုင်အဖွဲ့အစည်းများအကြား ဖြစ်ပွားသော လက်နက်ကိုင် ပဋိပက္ခများကြောင့် မိုင်းအမြောက်အများပျံ့နှံ့တည်ရှိနေသော နိုင်ငံတစ်နိုင်ငံဖြစ်သည်။ ဘင်္ဂလားဒေ့ရှ်၊ တရုတ်၊ အိန္ဒိယ၊ ထိုင်းနိုင်ငံနှင့် ထိစပ်နေသော မြန်မာနိုင်ငံနယ်စပ်ဒေသများတွင် မိုင်းများ ထောင်ထားသည်။ တပ်မတော်နှင့် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များက မိုင်းအသစ်များ ဆက်လက်ထောင်နေဆဲဖြစ်သည်။  မိုင်းပြန့်နှံ့တည်ရှိမှု ပမာဏအတိအကျကို ခန့်မှန်းနိုင်ခြင်းမရှိသော်လည်း လက်လုပ်မိုင်းများနှင့် နိုင်ငံတွင်း အစိုးရ စက်ရုံထုတ်မိုင်းများ ပါဝင်သည်။ မိုင်းပြန့်နှံ့မှုကြောင့် ဒုက္ခသည်များနှင့် စစ်ဘေးရှောင်ပြည်သူများ နေရပ်ရင်း ပြန်ရန်အတွက် အဟန့်အတား ဖြစ်စေသည်။ နိုင်ငံအတွင်းမိုင်းအရေးဆောင်ရွက်နေသူများ၏ အစီရင်ခံမှုများတွင် လွန်ခဲ့သောနှစ်များအတွင်း မိုင်းကြောင့် ထိခိုက်ဒဏ်ရာရမှုအရည်အတွက် ပိုများလာသည်ကို မြင်တွေ့ရသည်။

၂၀၂၀ ပြည့်နှစ် ဖေဖော်ဝါရီလတွင် အမျိုးသားအဆင့် အစည်းအဝေးတစ်ခုကျင်းပခဲ့ပြီး လူမှုဖူလုံရေး၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန (MoSWRR) ၏ ကြီးကြပ်မှုအောက်တွင် ရှိလာမည့် အမျိုးသားအဆင့် မိုင်းအရေးဆောင်ရွက်မှု အာဏာပိုင်အဖွဲ့အစည်းနှင့် အမျိုးသားအဆင့် မိုင်းအရေးဆောင်ရွက်မှု ဌာနဖွဲ့စည်းမှုကို ဆွေးနွေးခဲ့သည်။

စစ်တပ်သည် မိုင်းရှင်းလင်းမှုတချို့ဆောင်ရွက်နေသော်လည်း အော်ပရေးရှင်းများကို စနစ်တကျဆောင်ရွက်ခြင်း သို့မဟုတ် မှတ်တမ်းတင်ခြင်း မရှိပေ။၂၀၁၂ ခုနှစ်မှစ၍လူသားချင်းစာနာသော မိုင်းအရေးဆောင်ရွက်သည့် အဖွဲ့အစည်းများ မြန်မာနိုင်ငံသို့ စတင်ရောက်ရှိလာခဲ့သော်လည်း မိုင်းရှင်းလင်းခွင့် ခွင့်ပြုချက်မရသေးပေ။

မိုင်းအန္တရာယ်လျှော့ချရေး ပညာပေးမှုကို မိုင်းအန္တရာယ်လျှော့ချရေးလုပ်ငန်းအဖွဲ့ (MRWG) တာဝန်ခံဆောင်ရွက်ပြီး ပြန်လည်ပြုစုပျိုးထောင်ရေးဌာနနှင့်  UNICEF က ပူးတွဲ ဥက္ကဌအဖြစ် တာဝန်ယူသည်။ ၎င်းတွင် ကချင်၊ ကယား၊ ကရင်နှင့် ရှမ်းပြည်နယ်မှ ပြည်နယ်အဆင့် တာဝန်ခံပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ ၄ ခု တို့ပါဝင်သည်။ ၂၀၁၉ ခုနှစ်တွင် ရခိုင်ပြည်နယ်တွင် တာဝန်ခံပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီတစ်ခု တည်ထောင်ရန် သဘောတူညီမှု ရရှိခဲ့သည်။ မိုင်းအန္တရာယ်လျှော့ချရေး ပညာပေးမှုကို တိုင်းရင်းသားနယ်မြေများအတွင်းရှိ ပဋိပက္ခသတ်ရောက်မှုခံရသော လူမှုအသိုင်းအဝိုင်းများကို အာရုံးစိုက်ဆောင်ရွက်သည်။ အထူးသဖြင့် IDP များနှင့် ဒုက္ခသည်များကို အလေးပေး ပစ်မှတ်ထားဆောင်ရွက်သည်။

၁၉၉၉ခုနှစ်မှစ၍ ၂၀၁၉ ခုနှစ်အထိ ဆယ်စုနှစ်တစ်ခုလုံး မြန်မာနိုင်ငံတွင် မိုင်းနှင့်စစ်အတွင်းကြွင်းကျန်ရစ်သော ပေါက်ကွဲစေသောပစ္စည်းများကြောင့် ထိခိုက်ဒဏ်ရရခဲ့သူများနှင့် မသန်စွမ်းသူများအတွက် အကူအညီသည် မဖြစ်စလောက်သာ ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် အာဏာပိုင်များသည် ကျန်းမာရေးဝန်ဆောင်မှုကို နှစ်ပေါင်းများစွာ လျစ်လျူရှုခဲ့ခြင်းကြောင့်ဖြစ်သည်။ မြန်မာ အာဏာပိုင်များတွင် မိုင်းသင့်ပြည်သူများ အကူအညီပေးရေး အမျိုးသားအစီအစဉ် သို့မဟုတ် မဟာဗျူဟာတစ်ခု ရှိခဲ့သည်။ ၂၀၁၂ ခုနှစ်မှစ၍ မြန်မာနိုင်ငံတွင် မိုင်းသင့်ပြည်သူများအတွက် အကူအညီပေးရေးလိုအပ်ချက်အတွက် အမြင်များ သိသိသာသာ မြင့်မားလာခဲ့သည်ကို တွေ့ရသည်။ NGO များ၏ ကနဦး ဆောင်ရွက်ချက်များ၏ ရလဒ်များလည်း ဖြစ်သည်။  ၂၀၁၃ ခုနှစ်တွင် မြန်မာအစိုးရနှင့် သဘောတူညီချက်အရ ICRC သည် အစိုးရဦးစီးဆောင်ရွက်သော ပြန်လည်ပြုစုပျိုးထောင်ရေးဌာနများကို စတင် ထောက်ပံ့ခဲ့သည်။ ၂၀၀၇ ခုနှစ်မှစ၍ ၎င်းဌာနများသည် ပြင်ပ အကူအညီမရှိ လည်ပတ်ခဲ့ရသည်။

၂၀၁၄ ခုနှစ်မှ စတင်၍ အကူအညီပေးခြင်းဝန်ဆောင်မှုအရေအတွက် သိသိသာသာတိုးများလာခဲ့သည်။ ယခုအချိန်တွင် အစိုးရဌာနများ၊ UN၊ နိုင်ငံတကာနှင့် ဒေသခံ NGO များ၊ လူမှုအသိုင်းအဝန်း အခြေပြုအဖွဲ့အစည်းများ အပါအဝင် အဖွဲ့အစည်းပေါင်းတဒါဇင်ကျော်ရှိလာပြီဖြစ်သည်။ မိုင်းသင့်ပြည်သူများ အကူအညီပေးခြင်းဌာနများ ပေါ်ပေါက်လာပြီး၊ ရွှေ့ပြောင်းဝန်ဆောင်မှုများ အပါ

---

77."Stop Landmines, Airspace Violations, Bangladesh Minister told Myanmar Delegation," Radio Free Asia, 5 October 2017.

78.Myanmar is divided into states and regions. States are the designated home areas to some of Myanmar's larger ethnic minority groups. Other areas, which are not identified with a specific group, are referred to as administrative regions. The former military junta changed the country's name from Burma to Myanmar in 1989 and also changed the names of some states. Kayin state was previously known as Karen state, while the Bago region was previously known as the Pegu region. Many ethnic groups within the country still prefer to use the name Burma and the former state names. In this country profile, internal state and administrative region names are given in their current form.

အဂင် ခြေတုလက်တု ဂန်ဆောင်မှုများလည်း ပေါ်ပေါက်တိုးတက်လာသည်။ ဒေသတွင်း လူမှုအသိုင်းအဂန်းအခြေပြု ပြန်လည် ပြုစုပျိုးထောင်ခြင်း နှင့် အသက်မွေးဂမ်းကြောင်း သင်တန်းများလည်း တိုးများလာသည်။ မိုင်းအန္တရာယ်ရှိမှု လျော့ပါးရေးအလုပ်အဖွဲ့ (MRWG)အောက် လုပ်ငန်းခွဲတစ်ခုဖြစ်သော အမျိုးသားမိုင်းသင့်ပြည်သူများအကူအညီပေးရေးနည်းပညာအဖွဲ့ (NVATG) ပေါ်ပေါက်လာခြင်းနှင့်အတူ တာဂန်ခံ ဆောင်ရွက်မှုလုပ်ငန်းများ တိုးတက်လာခဲ့သည်။ ထို့အပြင် အရေးပါသော ဂန်ဆောင်မှုလုပ်ငန်းများ နည်းပါးနေဆဲဖြစ်သည်။ အထူးသဖြင့် အလှမ်းဂေးကွာသော ကျေးလက်ဒေသမှပြည်သူများအတွက်ဖြစ်သည်။

**မိုင်းအရေးတာဂန်ခံဆောင်ရွက်မှုများ**

| | |
|---|---|
| **အမျိုးသားမိုင်းအရေးစီမံခန့်ခွဲမှု ဆောင်ရွက်သူများ** | • တပ်မတော်သည် နိုင်ငံအတွင်း မိုင်းရှင်းလင်းခြင်းအတွက် ၎င်းတို့တွင် တာဂန်ရှိသည်ဟု ပြောဆိုသည်။ |
| **UN အေဂျင်စီများ** | UNICEF<br><br>UNHCR |
| **မိုင်းအရေးဥပဒေပြုခြင်းများ** | မရှိ |
| **မိုင်းအရေးမဟာဗျူဟာနှင့် လုပ်ငန်းအစီအစဉ်များ** | မိုင်းအရေးမဟာဗျူဟာ လက်တလောမရှိ။ |
| **မိုင်းအရေးဆောင်ရွက်မှု စံသတ်ချက်များ** | ၂၀၁၉ ခုနှစ်အောက်တိုဘာလတွင် မြန်မာနိုင်ငံ အမျိုးသားအဆင့် မိုင်းအရေးဆောင်ရွက်မှု စံသတ်ချက်ကို အပြီးသတ်ရေးဆွဲ နေဆဲဖြစ်သည်။<br><br>လတ်တလောတွင် နိုင်ငံတကာမှ မိုင်းအရေးဆောင်ရွက်သူများသည် နိုင်ငံတကာမိုင်းအရေးဆောင်ရွက်မှုစံသတ်မှတ်ချက်များ (IMAS) ကို လိုက်နာသည်။ |

၂၀၁၃ ခုနှစ်တွင် မြန်မာနိုင်ငံအစိုးရဟောင်းက မြန်မာနိုင်ငံငြိမ်းချမ်းရေးပြန်လည်ထူထောင်ရေး ဗဟိုဌာန (MPC) ၏ အောက်တွင် မြန်မာနိုင်ငံမိုင်းအရေးဆောင်ရွက်မှုဌာန (MMAC) တခုတည်ထောင်ရန် မူအရ သဘောတူခဲ့သည်။ သို့သော်ဌာနအတွက်မည်သည့်အခါမှဂန်ထမ်းခန့်အပ်ခြင်းမရှိခဲ့ပေ။ မိုင်းစစ်တမ်းကောက်ယူခြင်းနှင့် မိုင်းရှင်းလင်းခြင်း ဆောင်ရွက်ရန်အတွက် တနိုင်ငံလုံးတိုက်ခိုက်မှုရပ်စဲသဘောတူစာချုပ် အရင်ချုပ်ဆိုရန် လိုအပ်သည်ဟု အစိုးရက ပြောခဲ့သည်။[79] ရွေးကောက်ပွဲများအပြီး ၂၀၁၆ ခုနှစ်တွင် အစိုးရအပြောင်းအလဲဖြစ်ပြီး မိုင်းအရေးဆောင်ရွက်မှုဌာနကို ဖျက်သိမ်းခဲ့သည်။ မြန်မာအစိုးရအသစ်က ငြိမ်းချမ်းရေးသဘောတူစာချုပ်တစ်ခုရရန်အတွက် တွေ့ဆုံဆွေးနွေးမှုများသည် ၎င်း၏ ဦးစားပေးဖြစ်သည်ဟု ပြောဆိုခဲ့သည်။ ဆွေးနွေးမှုတွင် ပါဂင်သူ အများစုက မိုင်းအန္တရာယ်ခြိမ်းခြောက်မှုနှင့် မိုင်းရှင်းလင်းခြင်းလိုအပ်ချက်ကို အလေးပေးပြောဆိုကြသည်။[80] ၂၀၁၆ ခုနှစ် မေလ၊ နေပြည်တော်တွင် ပြုလုပ်သော အမျိုးသားလူငယ်ကွန်ဖရင့်က တပ်မတော်နှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများကို မိုင်းရှင်းလင်းရန် တောင်းဆိုခဲ့သည်။[81] မကြာသေးခင်နှစ်များအတွင်း မိုင်းရှင်းလင်းရေးအတွက် လူထုအခြေပြုအဖွဲ့အစည်း အများအပြားကလည်း တောင်းဆိုခဲ့သည်။

---

79.Roger Fasth နှင့် Pascal Simon (ဒိန်းမတ်မိုင်းဖော်ရေးအဖွဲ့), "မြန်မာနိုင်ငံအတွင်းမိုင်းအရေးလှုပ်ရှားမှု။" မိုင်းနှင့် ERW အရေးဆောင်ရွက်မှု ဂျာနယ်။ တွဲ ၁၉ .၂ ဇူလိုင် ၂၀၁၅။
80.See, for example: At the Union Peace Conference 21st Century Panglong, Daw Wint Wah Tun of the National League for Democracy said of her Shardaw township, Kayah state, "local people do not feel secure as landmine fields pose a threat to their way of life." "Union Peace Conference—21st Century Panglong continues," Global New Light of Myanmar, 2 September 2016.
81."Youth Empowerment: Myanmar's young people want an active role in the running of their country," Mizzima Weekly, 9 June 2016, p. 22.

၂၀၁၉ ခုနှစ် အောက်တိုဘာလတွင် Geneva International Centre for Humanitarian Demining (GICHID) နှင့် မိုင်းအသုံးပြုမှု တားမြစ်ပိတ်ပင်ခြင်းသဘောတူစာချုပ်၏ နော်ဝေ ဥက္ကဋ္ဌ တို့တက်ရောက်သော နိုင်ငံတကာ အလုပ်ရုံဆွေးနွေးပွဲတစ်ခုကို မြန်မာနိုင်ငံက လက်ခံကျင်းပခဲ့သည်။ အလုပ်ရုံဆွေးနွေးပွဲတွင် မြန်မာနိုင်ငံအတွင်း မိုင်းအရေးဆောင်ရွက်မှု အစီအစဉ်ကို ဦးဆောင်စီမံခန့်ခွဲမည့် အမျိုးသားမိုင်းအရေးဆောင်ရွက်မှု အာဏာပိုင် အဖွဲ့အစည်း တည်ထောင်ခြင်းနှင့်ပတ်သက်၍ ဆွေးနွေးခဲ့ကြသည်။[82]

၂၀၂၀ ပြည့်နှစ် ဖေဖော်ဝါရီလတွင် အမျိုးသားအဆင့် အစည်းအဝေးတစ်ခုကျင်းပခဲ့ပြီး လူမှုဖူလုံရေး၊ ကယ်ဆယ်ရေး နှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန (MoSWRR) ၏ ကြီးကြပ်မှုအောက်တွင် ရှိလာမည့် အမျိုးသားအဆင့် မိုင်းအရေးဆောင်ရွက်မှု အာဏာပိုင်အဖွဲ့အစည်းနှင့် အမျိုးသားအဆင့် မိုင်းအရေးဆောင်ရွက်မှု ဌာနဖွဲ့စည်းမှုကို ဆွေးနွေး ခဲ့သည်။ ကာကွယ်ရေးဝန်ကြီးဌာနမှ ပြည်နယ်နှင့် တိုင်းဒေသကြီးအဆင့် မိုင်းရှင်းလင်းခြင်းအုပ်စုများ တည်ထောင်ခြင်းနှင့်ပတ်သက်၍လည်း အစည်းအဝေးတွင် ဆွေးနွေးခဲ့သည်။[83]

၂၀၁၉ ခုနှစ် စက်တင်ဘာလအထိ အစိုးရသည် မိုင်းအရေးဆောင်ရွက်ခြင်းအတွက် ရှင်းလင်းသောမဟာဗျူဟာတစ်ခု ကြေ်ငြာထားခြင်းမရှိသလို ၎င်းမဟာဗျူဟာကို တာဝန်ခံဆောင်ရွက်မည့် စနစ်တစ်ခုလည်း မရှိပေ။ ၂၀၁၈ ခုနှစ် ဇန်နဝါရီလတွင် ပြည်ထောင်စုပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်မှုကော်မတီ (ပြည်ထောင်စုအဆင့်) အတွင်းရေးမှူး ဗိုလ်မှူးကြီးဂဠာအောင်က မိုင်းရှင်းလင်းခြင်းသည် အစိုးရနှင့် တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့အစည်းများအကြား အပြန်အလှန်ယုံကြည်မှု တည်ဆောက်နိုင်ခြင်း စတင်၍ မရနိုင်ကြောင်း ပြောဆိုခဲ့သည်။[84] ၂၀၁၇ ခုနှစ်မေလတွင် ပြည်ထောင်စု ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်မှုကော်မတီ အတွင်းရေးမှူး ဗိုလ်မှူးကြီးဂဠာအောင်က တပ်မတော်သည် မိုင်းရှင်းလင်းရေးအတွက် ဦးဆောင်မည်ဖြစ်ပြီး နိုင်ငံတကာနည်းပညာနှင့် အထောက်အကူပြုပစ္စည်းများကိုလည်း လက်ခံနိုင်ဖွယ် ရှိသည်ဟု ပြောဆိုခဲ့သည်။[85]

၂၀၁၇ ခုနှစ် ဩဂုတ်လတွင် တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် နယူးဇီလန် သံအမတ်ကြီးနှင့် တွေ့ဆုံခဲ့ပြီး နှစ်နိုင်ငံ စစ်တပ်အကြား အကူအညီပေးခြင်းနှင့် မိုင်းရှင်းလင်းရေး လုပ်ငန်းများအတွက် ပြောဆို ဆွေးနွေးခဲ့သည်။[86] ထိုအချိန်မှစ၍ နယူးဇီလန်သံရုံးသည် မိုင်းအရေးတာဝန်ခံ ညှိနှိုင်းရေးမှူးတစ်ဦးကို ငွေကြေး ထောက်ပံ့ခဲ့သည်။ ၎င်း၏အဓိကတာဝန်သည် အမျိုးသားအဆင့် မိုင်းအရေးဆောင်ရွက်မှု အာဏာပိုင်အဖွဲ့အစည်းတစ်ခု ဖွဲ့စည်းသည့်အချိန်အထိ ၎င်းကဏ္ဍထိရောက်မှု အားကောင်းစေရေး ပံ့ပိုးရန် ဖြစ်သည်။ ၎င်းအားထုတ်မှုကြောင့် လုပ်ထုံးလုပ်နည်းများ ပေါ်ပေါက်လာစေရေးအတွက် အောင်မြင်စွာ ပံ့ပိုးကူညီပေးနိုင်သည်ဟု သိရသည်။[87]

၂၀၁၉ခုနှစ် အောက်တိုဘာလတွင် မြန်မာနိုင်ငံသည် စနစ်တကျမိုင်းရှင်းလင်းခြင်းအတွက် အမျိုးသား မိုင်းအရေး ဆောင်ရွက်မှုစံသတ်မှတ်ကို အပြီးသတ်ဆောင်ရွက်ခဲ့သည်ဟု ကြေငြာခဲ့သည်။ မြန်မာနိုင်ငံသည် ဒေသတွင်းနိုင်ငံများနှင့်လည်း လက်တွဲဆောင်ရွက်နေသည်။ ASEAN ဒေသဆိုင်ရာ မိုင်းအရေး ဆောင်ရွက်ခြင်း ဌာန (ARMAC) အောက်ရှိ ASEAN ကာကွယ်ရေး ဝန်ကြီးဌာန အစည်းအဝေး (ADMM) - အပေါင်း လူသားချင်းစာနာသောမိုင်းအရေး ဆောင်ရွက်မှု ပညာရှင်များအလုပ်အဖွဲ့ နှင့် ပူးတွဲ ဆောင်ရွက်သည်။[88]

မြန်မာနိုင်ငံတွင် အမျိုးသားအဆင့် မိုင်းအရေးဆောင်ရွက်မှုဥပဒေ သို့မဟုတ် စံသတ်မှတ်ချက်များ မရှိသောကြောင့် မိုင်းရှင်းလင်းခြင်း အဖွဲ့အစည်းများသည် IMAS နှင့် ၎င်းတို့ကိုယ်ပိုင် လုပ်ထုံးလုပ်ငန်း စံသတ်မှတ် ချက်များကို ကိုင်ဆွဲ ဆောင်ရွက်နေကြသည်။

၂၀၁၂ ခုနှစ်မစ၍ နိုင်ငံတကာမိုင်းရှင်းလင်းခြင်း အဖွဲ့အစည်းများသည် မြန်မာနိုင်ငံသို့ စတင်ရောက်ရှိလာခဲ့သည်။ သို့သော် မိုင်းအော်ပရေးရှင်းတခုမှ စတင်နိုင်ခြင်းမရှိသေးပေ။ ၂၀၁၈ ခုနှစ်နှင့် ၂၀၁၉ ခုနှစ် အစောပိုင်းအတွင်း နိုင်ငံတကာမိုင်းဖေါ်ခြင်း ဆောင်ရွက်သည့် အဖွဲ့အစည်း ၆ ဖွဲ့သည် ရန်ကုန်နှင့်တခြား ခရိုင်မြို့များတွင် ၎င်းတို့ရုံးခန်းများ ဖွင့်လှစ်ခဲ့သည်။ APOPO၊ DanChurch အကူအညီပေးရေးအဖွဲ့(DCA)၊ ဒိန်းမတ် မိုင်းရှင်းလင်းရေးအဖွဲ့ (DDG)၊ မိုင်းအရေးဆောင်ရွက်မှု ဆွစ်ဖောင်ဒေးရှင်း (FSD)၊ HALO Trust အဖွဲ့၊ မိုင်းအရေး အကြံပေးအဖွဲ့ (MAG)နှင့် Norwegian People’s Aid (NPA) တို့ဖြစ်သည်။ ၎င်းနိုင်ငံတကာ NGO များသည် မိုင်းအန္တရာယ် ပညာပေးလုပ်ငန်းများ၊ လူမှုအသိုင်းအဝန်းကြားခံဆက်သွယ်ခြင်းလှုပ်ရှားမှုများနှင့် တချို့ဒေသများတွင် လူမှု အသိုင်းအဝန်း အန္တရာယ်ဖုံ သတ်မှတ်ခြင်းခြင်းလုပ်ငန်းများ လုပ်ကိုင်ကြသည်။

82.Statement of Myanmar, Mine Ban Treaty Fourth Review Conference, Oslo, 25–29 November 2019.

83.Khin Myat Myat Wai, “Myanmar begins talk on landmine clearing program,” Myanmar Times, 3 February 2020.

84.“Standard operating procedures for commanders drafted at JMC-U,” Global New Light of Myanmar, 20 January 2018. “Both sides are still discussing conducting workshops on mines. The NCA includes mine clearance work. But mutual trust needs to be created first so it is still under discussion and mine clearance cannot be implemented yet,” said Col. Aung.

85.Ye Khaung Nyunt, “Second day of 10th Union Joint Monitoring Committee meeting in Yangon,” Global New Light of Myanmar, 5 May 2017.

86.MNA, “Senior General meets New Zealand Ambassador,” Global New Light of Myanmar, 27 August 2017.

87.Response to Monitor questionnaire by Geoff Moynan, Programme Manager, HALO Trust, 27 April 2020.

88.Statement of Myanmar, UN General Assembly (UNGA) First Committee, Thematic Discussion on Conventional Weapons, New York, 25 October 2019.

၂၀၂၀ ပြည့်နှစ်တွင် မြန်မာနိုင်ငံသည် မိုင်းအရေးဆောင်ရွက်မှု ပါဝင်ဆောင်ရွက်နေသော အဖွဲ့အစည်းအရေအတွက် ကျဆင်းလာသည်ကိုတွေ့ရသည်။ ၂၀၁၉ ခုနှစ် ဩဂုတ်လအထိ အနည်းဆုံး အဖွဲ့အစည်း ၁၆ ခုသည် အန္တရာယ် လျော့ပါးရေးပညာပေး ပရောဂျက် ၂၁ မြို့နယ် ၈၅ ခုတွင် ဆောင်ရွက်ခဲ့ကြောင်း အစီရင်ခံခဲ့သည်။ ခြောက်လအကြာ ၂၀၂၀ ပြည့်နှစ် ဖေဖော်ဝါရီလတွင် ၎င်းအရေအတွက်သည် အဖွဲ့အစည်း ၁၃ ခု သည် မိုင်းအရေးဆောင်ရွက်မှု ပရောဂျက်များကို ၇၇ မြို့နယ်တွင် ဆောင်ရွက်ခဲ့သည်အထိ လျော့ကျခဲ့သည်။[89]

လတ်တလောအချိန်တွင် မိုင်းရေးဆောင်ရွက်သူများအားလုံးသည် အန္တရာယ်ရှိမှုနေရာသတ်မှတ်ချက် ဒေတာများ သိုလှောင်ရန် သီးခြားလွတ်လပ်သော အမျိုးသားအဆင့် အဖွဲ့အစည်း မရှိခြင်းကြောင့် ၎င်းတို့ကိုယ်ပိုင် စစ်တမ်းရလဒ်များကို ဆက်လက်ဆုပ်ကိုင်ထားကြသည်။ ၎င်းအချက်အလက်များသည် ပဋိပက္ခ ဆက်လက်ဖြစ်နေဆဲအချိန်ဖြစ်သောကြောင့် အကဲဆတ်မှု ရှိနေသည်။

## မိုင်းအန္တရာယ်လျော့ချရေးပညာပေးမှု စီမံခန့်ခွဲမှုနှင့် တာဝန်ခံညှိနှိုင်းဆောင်ရွက်မှု

| | |
|---|---|
| အစိုးရ ဆုံချက် | လူမှုဖူလုံရေး၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ လူမှုဖူလုံရေးနှင့် မသန်စွမ်းသူများဌာန |
| **UN ဆုံချက်** | UNICEF |
| တာဝန်ခံပူးပေါင်းဆောင်ရွက်ရေး<br>လုပ်ငန်းယန္တရား | MRWG သည် ဝန်ကြီးဌာနများဝ နိုင်ငံတကာနှင့် ပြည်တွင်းအဖွဲ့အစည်းများနှင့် ပြည်နယ်လေးခုမှ တာဝန်ခံ ညှိနှိုင်းရေး အေဂျင်စီများ ပါဝင်သည်။ MRWG သည် မိုင်းအန္တရာယ်လျော့ချရေးပညာပေးမှုနှင့် မိုင်းသင့်ပြည်သူ အကူအညီပေးခြင်းလုပ်ငန်းများကို ဦးဆောင်သည်။ |
| မိုင်းအန္တရာယ်လျော့ချရေးပညာပေးမှုစံသတ်မှတ်ချက်များ | ပြင်ဆင်ရေးဆွဲနေစဲ။ |

လူမှုရေးလုပ်ငန်းဌာန (DSW) သည် MRWG ကိုဦးဆောင်ပြီး UNICEF က ပူးတွဲ ဥက္ကဋ္ဌအဖြစ် တာဝန်ယူသည်။ MRWG တွင် ဝန်ကြီးဌာန ၁၀ခု၊ နိုင်ငံတကာနှင့် ပြည်တွင်းအဖွဲ့အစည်း ၄၁ ဖွဲ့ နှင့် ပြည်နယ်အဆင့် တာဝန်ခံ ပူးပေါင်း ဆောင်ရွက်ရေးအေဂျင်စီ ၄ ခု (ကချင်၊ ကယား၊ ကရင်နှင့် ရှမ်းပြည်နယ်) တို့ပါဝင်သည်။[90] ၎င်း အလုပ်အဖွဲ့သည် နေပြည်တော်တွင် လေးလ တခါတွေ့ဆုံသည်။ မိုင်းသင့်ပြည်သူ အကူအညီပေးခြင်း အလုပ်အဖွဲ့ခွဲတစ်ခုနှင့်အတူ မိုင်းအန္တရာယ်ပညာပေးခြင်းလုပ်ငန်းကို အဓိကထား လုပ်ဆောင်နေသည်။ လူသားချင်း စာနာသော လိုအပချက်များ၊ မိုင်းသင့်ပြည်သူ ဒေတာ၊ လက်တလော လားရာများနှင့် ဖွံ့ဖြိုးတိုးတက်မှုများ၊ မိုင်းအရေး ဆောင်ရွက်သော အဖွဲ့အစည်း ၉ ဖွဲ့အကြား တာဝန်ခံဆောင်ရွက်မှုများ နှင့် လူသားချင်းစာနာသော မိုင်းအရေး ဆောင်ရွက်သူများအတွင်း နောက်ဆက်အခြေအနေများ စသည့် ခေါင်းစဉ်များ ပါဝင်သည်။ မိုင်းအန္တရာယ် ပညာပေးမှုအစန်းများ ပို့ချရေး ဒေတာများလည်း ဖလှယ်သည်။

၂၀၁၉ ခုနှစ်တွင် MoSWRR သည် ရခိုင်ပြည်နယ်တွင် မိုင်းသင့်ပြည်သူ အကူအညီပေးခြင်းနည်းပညာအဖွဲ့တစ်ဖွဲ့ အပါအဝင် ပြည်နယ်အဆင့် MRWG အသစ်တစ်ခု ဖွင့်လှစ်နိုင်ရေးဆွေးနွေးတစ်ခုအတွက် သဘောတူခဲ့သည်။[91]

မိုင်းသင့်ပြည်သူ အကူအညီပေးခြင်းအတွက် ရည်မှန်းချက်အပါအဝင် ၂၀၂၀ - ၂၀၂၁ ခုနှစ်အတွက် MRWG မဟာဗျူဟာ လုပ်ငန်းအစီအစဉ်တစ်ခု ရေးဆွဲနေဆဲ ဖြစ်သည်။[92]

မြန်မာနိုင်ငံတွင် ပြည့်စုံသော သတင်းအချက်အလက် စီမံခန့်ခွဲမှု စနစ်မရှိသေးပေ။ MRWG သည် လေးလတစ်ကြိမ် မိုင်း/ERW ဖြစ်စဉ်ဒေတာများ ပေးသည်။ ၎င်းဒေတာများကို UNICEF နှင့် MoSWRR ကွန်ယက်များ၊ မိုင်းအရေးဆောင်ရွက်သူများ၏ ဒေတာဘေ့စ်များ၊ ထွေအုပ်နှင့် ရဲတပ်ဖွဲ့များမှတဆင့် ကောက်ယူသည်။[93] သို့သော် အမျိုးသားအဆင့် သတင်းအချက်လက်စောင့်

89.Myanmar Information Management Unit (MIMU), "The MIMU 3W: Who does What, Where," August 2019 and February 2020.
90.UNICEF, "Landmines and explosive remnants of war threaten children and communities across Myanmar," 4 April 2018.
91.Response to Monitor questionnaire by Fabrice Vandeputte, Regional Programme Director, HI, 14 May 2020.
92.Ibid.
93.Response to Monitor questionnaire by Bishu Mahat, ICRC Myanmar, 15 May 2020.

ကြည့်ခြင်း စနစ်မရှိခြင်း၊ အလှမ်းဝေးသော ဒေသများတွင် အကန့်အသတ်ဖြင့် ကျန်းမာရေးစောင့်ရှောက်မှုများ ဖြစ်နေခြင်းကြောင့် မိုင်းထိခိုက်မှု အဖြစ်အပျက်များစွာ အစီရင်ခံမှု မရှိသေးသည်ကို အသိအမှတ်ပြုရသည်။ ထို့ကြောင့် အချက်အလက်များသည် ပြည့်စုံမှု မရှိသေးပေ။[94] မိုင်းအရေးဆောင်ရွက်မှုတွင် ဦးစီးဦးဆောင်ပြုသူဖြစ်သော UNHCR သည် မြန်မာနိုင်ငံအတွင်း မိုင်းအရေးဆောင်ရွက်သူအဖွဲ့အစည်းအားလုံး၏ ဒေတာဘေ့စ်များကို သိမ်းဆည်းထားသည်။[95]

၂၀၁၉ ခုနှစ် နေပြည်တော်တွင် ကျင်းပခဲ့သော အလုပ်ရုံဆွေးနွေးပွဲတစ်ခုတွင် အမျိုးသားအဆင့်စံပြုစနစ်တစ်ခုဖြစ်ရေး စည်းရုံးလှုံ့ဆော်မှုလုပ်ငန်းများ ဆက်လက်လုပ်ဆောင်ရန် မိုင်းသင့်ပြည်သူ ဒေတာနှင့် စီမံခန့်ခွဲမှုဆွေးနွေးမှုတစ်ခု စတင်ခဲ့သည်။[96]

လက်ရှိအချန်အထိ မိုင်းအန္တရာယ်အသိပညာပေးစံသတ်မှတ်ချက် မရှိသေးပေ။ သို့သော် မိုင်းအရေးဆောင်ရွက်သူများအား အစိုးရ၏ စံသတ်မှတ်ချက် မူကြမ်းကို ကူညီပံ့ပိုးပေးရန် ဖိတ်ခေါ်ထားသည်။[97]

## မိုင်းသင့်ပြည်သူ အကူအညီပေးခြင်း တာဝန်ခံပူပေါင်းဆောင်ရွက်ခြင်း

| | |
|---|---|
| **အစိုးရဆုံချက်** | MoSWRR၊ လူမှုဖူလုံရေးနှင့် မသန်စွမ်းသူများ ဌာန |
| **တာဝန်ခံပူးပေါင်းဆောင်ရွက်ရေး လုပ်ငန်းယန္တရား** | လူမှုဖူလုံရေး၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန အောက်ရှိ ပြန်လည်ထူထောင်ရေးဝန်ကြီးဌာနနှင့် မိုင်းသင့်ပြည်သူ အကူအညီပေးခြင်းနှင့် တခြားမိုင်းအရေးဆောင်ရွက်မှု ကဏ္ဍများအတွက် တာဝန်ရှိသော MRGW တွင် UNICEF က ပူးတွဲဥက္ကဌအဖြစ်ဆက်လက်တာဝန်ယူထားသည်။<br><br>(HI) က တာဝန်ခံဆောင်ရွက်သော အမျိုးသားအဆင့် မိုင်းသင့်ပြည်သူ အကူအညီပေးရေးနည်းပညာအဖွဲ့ (NVATG)သည် MRWG ထီးရိပ်အောက်တွင် အမျိုးသားနှင့် နိုင်ငံတကာ မိုင်းသင့်ပြည်သူ အကူအညီပေးရေးဆောင်ရွက်သူများကို စုစည်းသည်။ |
| **ပုံမှန်တာဝန်ခံ ညှိနှိုင်းဆောင်ရွက်ခြင်းနှင့် ရလဒ်များ** | ၂၀၁၉ ခုနှစ်တွင် NVATG အစည်းအဝေးကို ရန်ကုန်တွင် ကျင်းပခဲ့ပြီး မိုင်းသင့်ပြည်သူအကူအညီပေးရေးရန်ပုံငွေအလုပ်ရုံဆွေးနွေးပွဲကို နေပြည်တော်တွင် ကျင်းပခဲ့သည်။ လေးလတစ်ကြိမ် မိုင်းသင့်ပြည်သူ အကူအညီပေးရေးအစည်းအဝေးများကို ကချင်၊ ကယား နှင့် ကရင် ပြည်နယ်များတွင် MRWG လုပ်ငန်းဘောင်အတွင်း ကျင်းပခဲ့သည်။[98] မသန်းစွမ်းသူများ အဖွဲ့အစည်းများသည် NVATG တွင် ပါဝင်ကြပြီး ရည်မှန်းချက်များ အောင်မြင်ရေးအတွက် လက်တွဲဆောင်ရွက်ကြသည်။ မြန်မာနိုင်ငံ မသန်စွမ်းသူများ အသင်း (MFPD) လည်း ၎င်းအုပ်စုတွင်ပါဝင်သော်လည်း အစည်းအဝေးများကိုတော့ ပုံမှန် လာရောက်လေ့ မရှိပေ။ |

94.Response to Monitor questionnaire by Bekim Shala, Country Programme Manager, MAG, 25 May 2020.
95.Response to Monitor questionnaire by Geoff Moynan, Programme Manager, HALO Trust, 27 April 2020.
96.Response to Monitor questionnaire by Fabrice Vandeputte, Regional Programme Director, HI, 14 May 2020.
97.Response to Monitor questionnaire by Bekim Shala, Country Programme Manager, MAG, 25 May 2020.
98. Response to Monitor questionnaire by Fabrice Vandeputte, Regional Programme Director, HI, 14 May 2020.

| | |
|---|---|
| **Plans/strategies** | မိုင်းသင့်ပြည်သူအကူအညီပေးရေးရည်မှန်းချက်များကို ၂၀၂၀ -၂၀၂၁ MRWG လုပ်ငန်းအစီအစဉ်တွင် ထည့်သွင်းနေသည်။<br>မသန်စွမ်းသူများ၏ အခွင့်အရေးအတွက် အမျိုးသားမဟာဗျူဟာ ပြင်ဆင်ရေးဆွဲခြင်းသည် ကော်မတီခွဲ ရှစ်ခု၏ အထောက်အပံ့နှင့်အတူ လုပ်ငန်းကောက်မတီ၏ ခေါင်းဆောင်မှုအောက်တွင် ဆောင်ရွက်နေ သည်။ အစိုးရကိုယ်စားလှယ်များ၊ မသန်းစွမ်းသူများအဖွဲ့အစည်းနှင့် တခြားNGOမှ ကိုယ်စားလှယ်များ၏ ပူးပေါင်းပါဝင်မှုနှင့်အတူ အဓိက လူမှုရေးဌာနများက ဦးဆောင်သည်။ ၂၀၁၉ခုနှစ် ဧပြီလတွင်လူမှုလူဖုံရေး၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီး ဌာနသည် CRPD အရ မြန်မာနိုင်ငံ၏ တာဝန်ရှိမှုနှင့်အညီအမျိုးသားအဆင့်မဟာဗျူဟာ မူကြမ်းရေးဆွဲခြင်းနှင့် စီမံကိန်းအစည်းအဝေးကျင်းပခဲ့သည်။[99] |
| **မသန်းစွမ်းကဏ္ဍထည့်သွင်း ပေါင်းစည်းမှု** | လူမှုဖူလုံရေး၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ ကိုယ်စားလှယ်တစ်ဦးက မြန်မာနိုင်ငံသည် CRPD အပေါ်အခြေခံ၍ အမျိုးသားအဆင့်မသန်စွမ်းမှုဥပဒေနှင့် အမျိုးသားအဆင့်လူမှုရေး အကာ အကွယ်ပေးခြင်း မဟာဗျူဟာတွင် မိုင်းသင့်ကူညီများအတွက် အကူအညီကို ထည့်သွင်းပေါင်းစပ်ထားကြောင်း ပြောကြားခဲ့သည်။[100] |
| **အသက်ရှင်ကျန်ရစ်သူများ**<br>**ပါဝင်ခွင့်ပေးခြင်းနှင့် ပူးပေါင်းပါဝင်ဆောင်ရွက်ခြင်း** | စစ်အတွင်းကြွင်းကျန်ရစ်ရစ်သော ပေါက်ကွဲစေသော ပစ္စည်းများ/မိုင်း ဒဏ်သင့်ခံရသူများ၏ ကိုယ်စားပြုမှု တိုက်ရိုက် မပါရှိသေးသော်လည်း များစွာ သော တာဝန်ခံညှိနှိုင်းမှုအခန်းကဏ္ဍများတွင် DPOs များစွာ ပါဝင်ကြသည်။<br>မြေမြုပ်မိုင်းနှင့် လက်နက်ကိုင်အကြမ်းဖက်မှုများကြောင့် မသန်စွမ်း ပြည်သူဦးရေ ပိုများလာသော်လည်း မူဝါဒနှင့် ဆုံးဖြတ်ချက်ချသူများက အကြံပြုဆွေးနွေးသူများအကြားတွင် ၎င်းတို့ မပါဝင်ပေ။[101] |

၂၀၁၅ ခုနှစ် ဇွန်လတွင် မြန်မာနိုင်ငံသည် မသန်စွမ်းသူများ အခွင့်အရေးဥပဒေ ပြဌာန်းခဲ့သည့်[102] ၂၀၁၈ခုနှစ် ဇူလိုင်လတွင် လူမှုဖူလုံရေး၊ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာနသည် ၂၀၁၅ ခုနှစ် ဥပဒေ၏ နည်းဥပဒေစည်းမျည်းများ ထုတ်ပြန်ခဲ့သည်။[103]

၂၀၁၄ ခုနှစ်တွင် မြန်မာနိုင်ငံသည် မသန်စွမ်းသူများ သတ်မှတ်ထားခြင်း ခံရသူအားလုံးကို ထောက်ပံ့ငွေပေးရန် အမျိုးသား လူမှုရေးဆိုင်ရာအကာအကွယ်ပေးရေးမဟာဗျူဟာစီမံကိန်းကို လူမှုဖူလုံရေး၊ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာ ချထားရေး ဝန်ကြီး ဌာနမှတဆင့် စတင်ခဲ့သည်။[104] ၂၀၁၇ ခုနှစ်နှင့်၂၀၁၉ ခုနှစ်များတွင် မြန်မာအစိုးရသည် ပြည်နယ်လေးခုရှိ မြို့နယ် ၉ မြို့နယ်အတွင်းရှိ မသန်းစွမ်းသူများ အတွက် လစဉ်ထောက်ပံ့ငွေကို စမ်းသပ်အစီအစဉ်အဖြစ် စတင်မည်ဖြစ်ပြီး နောက်ပိုင်းတွင် တစ်နိုင်ငံလုံး အတိုင်း အတာအထိ တိုးချဲ့သွားမည်ဖြစ်ကြောင်း မီဒီယာသို့ ပြောကြားခဲ့သည်။[105]

၂၀၂၀ ခုနှစ် ဖေဖော်ဝါရီလတွင် အမျိုးသားအဆင့် မိုင်းအရေးဆောင်ရွက်မှု အာဏာပိုင်အဖွဲ့အစည်းတစ်ခု ဖွဲ့စည်းရန် အမျိုးသားအဆင့်အစည်းအဝေးတစ်ခု နေပြည်တော်တွင် ကျင်းပခဲ့သည်။ MoSWRR သည် မြေမြှုပ်မိုင်းထိခံရသူ တစ်ဦးချင်းစီအတွက်

99.“Myanmar drafts national strategy for disabled,” Xinhua, 4 April 2019.

100.Presentation by Dr San San Aye, Deputy Director General of the Department of Social Welfare, Ministry of Social Welfare, Relief, and Resettlement, Meeting of National Mine Action Programme Directors, Geneva, 17 February 2015.

101.International Alert Myanmar, “Conflict impacts on gender and masculinities expectations on people with disabilities in Kachin state: A rapid assessment,” Kachinland Research Centre (KRC), December 2018.

102.“After delay, Disability Rights rules and regulations published,” The Myanmar Times, 13 July 2018.

103.“After delay, Disability Rights rules and regulations published,” The Myanmar Times, 13 July 2018.

104.ပြည်ထောင်စုမြန်မာနိုင်ငံအစိုးရ။ “မြန်မာနိုင်ငံအမျိုးသားလူမှုရေးကာကွယ်ပေးမဟာဗျူဟာ အစီအစဉ်။” ဒီဇင်ဘာ ၂၀၁၄။ စာ ၅၃။ မသွန်စွမ်းသူများဥပဒေ မပြဌာန်းမပြီးသရွေ့ ထောက်ပံ့ကြေးငွေ မရနိုင်သေး နှင့် အစိုးရသည် တရားဝင်သတ်မှတ်ခြင်းလုပ်ငန်းစဉ်ကို အကောင်အထည်ဖေါ်မည်။

105.Monthly assistance payments of K16,000 to K30,000 depending on circumstances. A disabled child will get K16,000 per month and a disabled adult up to 64 years old will get K30,000. The project pilot areas are the East Dagon township of Yangon region, Pathein and Kangyi Taung townships of Ayeyarwaddy region, Monywa, Ayardaw and Chaung Oo townships of Sagaing region and Thaton and Paung townships of Mon state. See, “Pilot project to register disabled people for welfare,” The Myanmar Times, 1 February 2019; and Htoo Thant, “Government to start disability payments,” Myanmar Times, 16 November 2017.

ခြေတုတစ်စုံနှင့် ကျပ်ငွေ ၂ သိန်း (၁၃၇ အမေရိကန်ဒေါ်လာ) ထောက်ပံ့ပေးမည်ဟု အစည်းအဝေး၏ အစီရင်ခံစာတွင် ဖော်ပြထားသည်။[106] ၂၀၁၉ ခုနှစ် စက်တင်ဘာလမှ ၂၀၂၀ ပြည့်နှစ် ဩဂုတ်လအထိ မိုင်းသင့်ပြည်သူ ၆၀၀ အတွက် ရံပုံငွေလျာထားခဲ့သည်။[107]

မသန်စွမ်းစစ်မှုထမ်းဟောင်းများသည် ဦးစားပေးအဆင့်နှင့် အကျိုးခံစားခွင့်ရှိသည်။ ပုံမှန်အားဖြင့် တူညီသော လစာနှုန်းထားနှင့် အစိုးရဌာနဆိုင်ရာလုပ်ငန်းများတွင် ဖြစ်သည်။ စစ်မှုထမ်းဟောင်း မဟုတ်သော မသန်စွမ်းသူများအတွက် တရားဝင် အကူအညီသည် ယာယီမသန်စွမ်းဖြစ်သူအတွက် လစာ၏ သုံးပုံနှစ်ပုံကို တနှစ်စာပေးပြီး၊ ထာဝရမသန်စွမ်းသူများအတွက် အခွန်လွတ်ထောက်ပံ့ငွေ ပေးသည်ဟု မူအားဖြင့် ရှိသည်။ ထာဝရမသန်စွမ်းဖြစ်သူ စစ်မှုထမ်းဟောင်း အပိုဆောင်းဆေးပင်စင်ကို ကာကွယ်ရေးဝန်ကြီးဌာနက ဒဏ်ရာပမာဏ အကြီးအသေးအပေါ်မူတည်၍ ဆုံးဖြတ်သည်။ မသန်စွမ်းစစ်ပြန်များနှင့် ၎င်းတို့မိသားစုများအတွက် စစ်တပ်က ဆောက်ပေးသော အလကားအိမ်ယာများ ဒါဇင်ပေါင်းများစွာရှိသည်ဟု ယုံကြည်ရသည်။ အခမဲ့အိုးအိမ်များသည် ပုံမှန်အားဖြင့် အလုပ်အကိုင်မရနိုင်သော၊ အခြေခံ ဝန်ဆောင်မှုများဖြစ်သော ရေနှင့် လျှပ်စစ် များမရှိသော နေရာများတွင် တည်ရှိလေ့ရှိသည်။ သို့သော် သာမန်စစ်သားများအဖို့ လုပ်ငန်းအခွင့်အလန်း နှင့် ဝင်ငွေရပေါက်လမ်းများ နည်းပါးသည်။[108]

မသန်စွမ်းမှု မှတ်ပုံတင်ခြင်းနှင့် မှတ်ပုံတင်ခြင်းလုပ်ငန်းစဉ်ကို MoSWRR မှ စတင်မိတ်ဆက်ပေးထားပြီး ပြန်လည်ထူထောင်ရေးဦးစီးဌာနလက်အောက်ရှိပြည်နယ်နှစ်ခုတွင်စမ်းသပ်ဆောင်ရွက်လျက်ရှိသည်။ မသန်စွမ်းသူများကိုတစ်နိုင်ငံလုံးအတိုင်းအတာဖြင့်မှတ်ပုံတင်မည်ဖြစ်ပြီး မသန်စွမ်းမှုပြင်းထန်မှုအပေါ် အခြေခံ၍ အမျိုးအစားခွဲခြား သတ်မှတ်ခြင်းအပါအဝင် မသန်စွမ်းမှုမှတ်ပုံတင်ကဒ်ပြားကိုလက်ခံရရှိလိမ့်မည်။ ၎င်းသည် မသန်စွမ်းသူများကို ပိုမိုကောင်းမွန်စွာ မှတ်ပုံတင်ခွင့်အခွင့်အရေးရရှိခြင်း၊ ၎င်းတို့၏ အခွင့်အရေးများအတွက် ပိုမိုထောက်ခံအားပေးခြင်းနှင့် အနာဂတ်တွင် လူမှုကာကွယ်စောင့်ရှောက်ရေးရန်ပုံငွေများရရှိရန်အတွက် အခွင့်အရေးတစ်ခု ဖန်တီးလိမ့်မည်ဟု မျှော်လင့်ရသည်။[109]

၂၀၁၉ ခုနှစ်တွင် အပြည်ပြည်ဆိုင်ရာကြက်ခြေနီအဖွဲ့ ICRC နှင့်အတူ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO) သည် ကျန်းမာရေးဝန်ကြီးဌာနနှင့်လက်တွဲကာ အမျိုးသားအဆင့်ပြန်လည်ထူထောင်ရေးကဏ္ဍ ပိုမိုအားကောင်းလာစေရန်နှင့် ဤလုပ်ငန်းကိုလမ်းညွှန်ရန် ဦးဆောင်ကော်မတီကိုဖွဲ့စည်းရန်ပြင်ဆင်မှုများ ဦးတည်သည့် မဟာဗျူဟာမူကြမ်း ပေါ်ထွန်းရေး ဆောင်ရွက်ခဲ့သည်။[110]

IMAS မိုင်းသင့်ပြည်သူအကူအညီပေးရေးစံသတ်မှတ်ချက်အား မြန်မာဘာသာသို့ ပြန်ဆိုထားပြီး အမျိုးသားအဆင့် မိုင်းသင့်ပြည်သူအကူအညီပေးရေးစံသတ်မှတ်ချက်တစ်ခု ပေါ်ထွက်ရန် ဆုံးဖြတ်ချက်တစ်ခု ချမှတ်ခဲ့သည်။[111]

**ဖြန့်ကျက်မှုများ**

| **မြေမြှုပ်မိုင်းများ** | **ဖြန့်ကျက်မှုပမာဏ။** မသိ။ လက်လုပ်မိုင်းများပါဝင်သည်။<br><br>၂၀၁၈ ခုနှစ် ၂၀၁၉ ခုနှစ်အတွင်း မိုင်းအသစ်ဖြန့်ကျက်မှုများ |
|---|---|
| **ထပ်ဆင့်ပေါက်ကွဲစေသော စစ်လက်နက်ပစ္စည်း အကြွင်းအကျန်များ** | ထပ်ဆင့်ပေါက်ကွဲစေသော စစ်လက်နက်ပစ္စည်းများ ဖြန့်ကျက်မှု မသိ။ |
| **တခြား ERW ဖြန့်ကျက်မှုများ** | ပမာဏ မသိရ။ |

မှတ်ချက်။ ERW - စစ်အတွင်းကြွင်းကျန်ရစ်သော ပေါက်ကွဲစေသော ပစ္စည်းများ

106.Khin Myat Myat Wai, "Myanmar begins talk on landmine-clearing program," The Myanmar Times, 3 February 2020.

107.Response to Monitor questionnaire by Fabrice Vandeputte, Regional Programme Director, HI, 14 May 2020.

108.Gerard McCarthy, "Veterans' Affairs in Myanmar's Reform Process," Institute of Southeast Asian Studies (ISEAS) Perspective Series, No. 78, 5 December 2018; and Htet Khaung Linn, "On society's fringes, disabled Tatmadaw veterans languish in poverty," Myanmar Now, 11 October 2016.

109.Response to Monitor questionnaire by Fabrice Vandeputte, Regional Programme Director, HI, 14 May 2020.

110.ICRC, "ICRC Annual Report 2019," Geneva, 29 June 2020, p. 350.

111.Response to Monitor questionnaire by Fabrice Vandeputte, Regional Programme Director, HI, 14 May 2020.

ပြည်နယ် နှင့် တိုင်းဒေသကြီး ၁၀ ခုအတွင်း မြို့နယ် ၉၀ (မြို့နယ်စုစုပေါင်း ၃၂၅ ခုအနက်) ခုတွင် မိုင်းဖြန့်ကျက်မှု အတိုင်းအတာတစ်ခုအထိ ရှိနေကြောင်းယုံကြည်ရသည်။ အဓိကအားဖြင့် လူသတ်မိုင်းများဖြစ်သည်။ လွန်ခဲ့သော နှစ်အတွင်း ရခိုင်ပြည်နယ်နှင့် နိုင်ငံ၏ မြောက်ဖက်ပိုင်းတွင် မိုင်းပြန့်နှံ့မှု တိုးများလာခဲ့သည်။ ရှမ်းပြည်နယ်နှင့် ကချင်ပြည်နယ်သည် မိုင်းပြန့်နှံ့မှု အလွန်များသည်။ ယခင်ကာလတွင် ကရင်ပြည်နယ် နှင့် ပဲခူးတိုင်းသည် မိုင်းပြန်နှံ့မှု အများ ဆုံးဖြစ်ပြီး မိုင်းသင့်ပြည်သူအရည်အတွက်လည်း အများဆုံး ဖြစ်သည်။[112]

၂၀၁၈ ခုနှစ် စက်တင်ဘာလတွင် UN အချက်အလက်ရှာဖွေရေးမစ်ရှစ်တစ်ခုက "၂၀၁၅ ခုနှစ် အောက်တိုဘာလတွင် မြေမြှုပ်မိုင်းများ အသုံးပြုကိုရပ်စဲပြီး၊ မိုင်းရှင်းလင်းရေး အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်မည်ဟု ကတိကဝတ်ပြုသော တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခတ်မှု ရပ်စဲရေးသဘောတူစာချုပ်ကို လက်မှတ်ရေးထိုးခဲ့သော်လည်း" မြေမြှုပ်မိုင်းအသစ်များ ဆက်လက် ထောင်နေဆဲဖြစ်သည်။[113]

တပ်မတော်နှင့် တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့အစည်းများသည် မြေမြှုပ်မိုင်းများထောင်သည်ဟု ယုံကြည်ရသော အစီရင်ခံမှုများရှိသည်။ "တပ်မတော်သားများသည် ရွာများကိုဝင်ရောက်တိုက်ခိုက်အပြီး သို့မဟုတ် အရပ်သားများ ထွက်ပြေးသွားသည့် နောက်ပိုင်းတွင် မြေမြှုပ်မိုင်းများထောင်လေ့ရှိသည်။အရပ်သားများ အသုံးပြုသောလမ်းများတွင်လည်း မကြာခဏဆိုသလို မိုင်းထောင်သည်။"[114]

၂၀၁၈ခုနှစ်နှင့် ၂၀၁၉ ခုနှစ်အတွင်း ရခိုင်ပြည်နယ်အလယ်ပိုင်းအတွင်း ယခင်က မြေမြှုပ်မိုင်းပြန့်နှံ့မှု မသိရသော မြို့နယ်များတွင် မိုင်းအသစ်ပြန့်နှံ့မှုများ မှတ်တမ်းတင်ခဲ့သည်။ ၂၀၁၈ ခုနှစ်တလျှောက်လုံး နှင့် ၂၀၁၉ ပထမ နှစ်လည်အထိ အစိုးရ စစ်တပ် နှင့် အစိုးရမဟုတ်သော လက်နက်ကိုင်တပ်များက ဆက်လက်အသုံးပြုနေခြင်းကြောင့် မိုင်းအသစ်ပြန့်နှံ့မှုများနှင့်ပတ်သက်၍ အစီရင်ခံမှုများ ရှိခဲ့သည်။ (အသေးစိတ်ကို မိုင်းအသုံးပြုမှု တားမြစ်ပိတ်ပင်ခြင်း မြန်မာနိုင်ငံဆိုင်ရာ အစီရင်ခံစာတွင်ကြည့်ပါ။)

မိုင်းပြန့်နှံ့တည်ရှိမှု ပမာဏအတိအကျကို တရားဝင်ခန့်မှန်းနိုင်ခြင်းမရှိသော်လည်း ယုံကြည်စိတ်ချရသော အစီရင်ခံစာများအရသည် အောက်ဖေါ်ပြပါ တိုင်းဒေသကြီးနှင့် မြို့နယ်များတွင် မိုင်းပြန့်နှံခြင်း၊ မိုင်းထိခိုက်ဒဏ်ရာရခြင်း သို့မဟုတ် မိုင်းအန္တရာယ်ရှိသော SHA ဒေသများဖြစ်ကြောင်း အစီရင်ခံမှုများရှိသည်။

တချို့မိုင်းများသည် နိုင်ငံပိုင်စက်ရုံများမှ ထုတ်သော မိုင်းများဖြစ်သည်။ ကပစ (မြန်မာနိုင်ငံ ကာကွယ်ရေး စက်ပစ္စည်းထုတ်စက်ရုံ)သည် PMN, POMZ နှင့် M14 ပြည်တွင်းထုတ်များအပါအဝင် လူသတ်မိုင်းအမျိုးအစား အနည်းဆုံး ၅ မျိုးထုတ်သည်။ (အသေးစိတ်ကို မိုင်းအသုံးပြုမှုတားမြစ်ပိတ်ပင်ခြင်းမူဝါဒ ထုတ်လုပ်ခြင်း အခန်းတွင် ကြည့်ပါ။)

မြန်မာနိုင်ငံအတွင်း မြေမြှုပ်မိုင်းပြန့်နှံ့မှုသည် ဒုက္ခသည်နှင့် စစ်ဘေးရှောင်ပြည်သူများ နေရပ်ရင်း ပြန်ရန်အတွက် အခက်အခဲတစ်ခု ဖြစ်နေသည်ဟု မကြာခဏ ထုတ်ဖေါ်ပြောဆိုခဲ့သည်။ ၂၀၁၈ ခုနှစ် ကချင်ပြည်နယ်တွင် နိုင်ငံတွင်း စစ်ဘေးရှောင် ပြည်သူများက မြေမြှုပ်မိုင်းသည် ၎င်းတို့ နေရပ်ရင်းပြန်နိုင်ရန် အခက်အခဲများအနက် တစ်ခုဖြစ်သည်ဟု ပြောဆိုခဲ့သည်။[115] ၂၀၁၉ ခုနှစ် နိုဝင်ဘာလတွင် မြန်မာအစိုးရသည် နိုင်ငံအတွင်းရှိသော စစ်ဘေးရှောင်စခန်းများအားလုံး ပိတ်နိုင်ရန် ရည်ရွယ်ချက်ဖြင့် အမျိုးသားအဆင့် မဟာဗျူဟာမူကြမ်းတစ်ခု ထုတ်ဝေခဲ့သည်။ သို့သော် မူကြမ်းပြင်ဆင်ချိန်တွင် မိုင်းရှင်းလင်းရန်လိုအပ်သည်ဟူ၍ ဖော်ပြထားခြင်းမရှိပေ။[116] ၂၀၁၉ ခုနှစ် နိုဝင်ဘာလ အော်စလိုတွင်ကျင်းပသော လေးကြိမ်မြောက် မိုင်းအသုံးပြုမှုတားမြစ်ပိတ်ပင်ခြင်းသဘောတူစာချုပ် ပြန်လည်သုံးသပ်ခြင်း ညီလာခံတွင် ပဋိပက္ခမရှိသောနေရာများတွင် လူသားချင်းစာနာသော မိုင်းဖော်ခြင်းလုပ်ငန်း စတင်ခြင်းသည် စခန်းများပိတ်သိမ်းခြင်း မဟာဗျူဟာ၏ တစိတ်တပိုင်းဖြစ်ကြောင်းနှင့် မိုင်အရေးဆောင်ရွက်မှုသည် နေရပ်ရင်းစွန့်ခွာသူ ပြည်သူများ လုံခြုံစွာ နေရပ်ပြန်လာရေးနှင့် ပြန်လည်နေရာချထားရေးတို့အတွက် တင်ကြိုသတ်မှတ်ချက်တစ်ခုဖြစ်ကြောင်းကိုလည်း အသိအမှတ်ပြုကြောင်း မြန်မာနိုင်ငံက ပြောဆိုခဲ့သည်။[117]

၂၀၁၉ ခုနှစ် ဇန်နဝါရီလတွင် တပ်မတော်သည် ယခင်တိုက်ပွဲများကြောင့် အိုးအိမ်စွန့်ခွာခဲ့သော ပြည်သူများ နေရပ်ရင်းပြန်လာနိုင်ရန် ကချင်ပြည်နယ် နမ်ဆန်ယန်းကျေးရွာမှ မြေမြှုပ်မိုင်းများ ဖယ်ရှားခဲ့သည်။[118]

---

112.Research by Landmine Monitor. Data sources included casualty information, sightings of mine warnings, and reports by NGOs and other organizations of use, as well as interviews with field staff and armed forces personnel. The survey included casualty data from January 2007 through December 2018 and data from other informants from January 2008 through October 2019.

113.UN, "Report of the Detailed Findings of the Independent International Fact-Finding Mission on Myanmar," A/HRC/39/CRP.2, 17 September 2017, p. 95.

114.Ibid., p. 95.

115.Durable Peace Programme Endline Report (Kachin, Myanmar, May 2018). The Durable Peace Programme is a consortium of seven local and international organizations serving the war affected population of Kachin state.

116.The Republic of the Union of Myanmar, Ministry of Social Welfare, Relief and Resettlement, Department of Disaster Management, "National Strategy on Closure of IDP Camps (Draft)," undated.

117.Statement of Myanmar, Mine Ban Treaty Fourth Review Conference, Oslo, 25–29 November 2019.

118.Ye Mon,"An unhappy return for IDPs in Kachin State," Frontier Myanmar, 22 August 2019.

| ပြည်နယ်/တိုင်းဒေသကြီး | မိုင်းဖြန့်ကျက်မှုရှိသော ပြည်နယ်များ |
|---|---|
| ကယားပြည်နယ် | မြို့နယ် ခုနစ်မြို့နယ်စလုံး |
| ကရင်ပြည်နယ် | မြို့နယ် ခုနစ်မြို့နယ်စလုံး |
| ကချင်ပြည်နယ် | ဗန်းမော်၊ချီဖွေ၊ ဖားကန့်၊ အင်ဂျားယန်၊ မန်စီ၊ မိုးကောင်း၊ မိုးညှင်း၊ မိုးမောက်၊ မူဆယ်၊ မြစ်ကြီးနား၊ ရွှေကူ ဆမ်ပရာဘန်၊ တနိုင်း၊ဆော့လော်နှင့် ပိုင်းမော် |
| မွန်ပြည်နယ် | ဘီးလင်း၊ ကျိုက်ထို၊ မော်လမြိုင်၊ သံဖြူဇရပ်၊ သထုံ နှင့် ရေးမြို့နယ် |
| ပဲခူးတိုင်းဒေသကြီး | ကျောက်ကြီး၊ ရွှေကျင်၊ သနပ်ပင် နှင့် တောင်ငူ |
| ရခိုင်ပြည်နယ် | အမ်း၊ မောင်းတော၊ ကျောက်ဖြူ၊ ကျောက်တော်၊ ဘူးသီးတောင်၊ မင်းပြား၊ မြောက်ဦး၊ မြေပုံ၊ ပုဏ္ဏားကျွန်း၊ ရသေ့တောင်နှင့်တောင်ကုတ်။ |
| ရှမ်းပြည်နယ် | ဟိုပုံး၊ သိန္နီ၊ ဆီဆိုင်၊ သီပေါ၊ ကျိုင်းတုံ၊ ကွမ်းယန်၊ ကွတ်ခိုင်၊ ကျောက်မဲ၊ကြေးသီး၊ လန်ခို၊ လားရှိုး၊လွိုင်လင်၊ လောက်ကိုင်၊ ရပ်စောက်၊ မိုင်းတုံ၊မောက်မိုင်၊မိုင်းရှူး၊ မိုင်းပန်၊ မိုင်းတုံ၊ မိုင်းဖြတ်၊ နမ့်ဆန်၊ မူဆယ်၊ တာချီလိတ်၊ နမ့်မတူ၊ နမ်ခမ်း၊ နောင်ချို၊ ပန်ဆန်၊ တန့်ယန်း နှင့် ရွာငံ |
| တနင်္သာရီတိုင်းဒေသကြီး | ဘုတ်ပြင်း၊ ထားဝယ်၊ မြိတ်၊ တနင်္သာရီ၊ သရက်ချောင်း နှင့် ရေဖြူ |
| ချင်းပြည်နယ် | ပလက်ဝ |
| စစ်ကိုင်းတိုင်းဒေသကြီး | အင်းတော်၊ ကလေးဝ၊ လေရှီး |

မြန်မာနိုင်ငံသည် မော်တာ၊ လက်ပစ်ဗုံး၊ အမြောက်ဆန် နှင့် ဂေဟောင်မှုကြဲသော ဗုံးများအပါအဝင် စစ်အတွင်းကြွင်း ကျန်ရစ်သော ပေါက်ကွဲစေသော ပစ္စည်းများ (ERW) ၏ သတ်ရောက်မှုကိုခံနေရသည်။ အခါအားလျော်စွာ ထုတ်ဝေသော အစီရင်ခံစာများအရ ပေါက်ကွဲစေသောပစ္စည်းများသည် ဒုတိယကမ္ဘာစစ်အတွင်း အသုံးပြုခဲ့သော လက်နက်များ ဖြစ်သည်ကို တွေ့ရသည်။[119] ကချင် ပြည်နယ်တွင် ၂၀၁၈ ခုနစ် နှောင်းပိုင်းနှင့် ၂၀၁၉ ခုနစ်အစောပိုင်းတွင် တိုက်ပွဲများနှင့်သက်ဆိုင်သော ERW အသစ်များ ပြန့်နှံ့မှုရှိကြောင်း အစီရင်ခံမှုများ ရှိခဲ့သည်။[120]

119.See, for example, "Unexploded WWII bombs discovered at central Myanmar sports ground," Coconuts Yangon, 30 September 2015; and N. Thwin, "World War II ordnance kills three," Democratic Voice of Burma, 20 March 2012

120.See, for example, unexploded aerial bomb allegedly from armed conflict in Kachin state in May 2018. Free Burma Rangers, "Rangers Help Vulnerable Civilians in Kachin State," 8 December 2018.

**ထိခိုက်ဒဏ်ရာရမှုများ**

| Casualties | | |
|---|---|---|
| **၂၀၁၉ ခုနှစ် အကုန်အထိ ရရှိသော ထိခိုက်ဒဏ်ရာရမှုများ** | မြန်မာနိုင်ငံတွင် ထိခိုက်ဒဏ်ရာရမှု စုစုပေါင်းကိန်းဂဏန်းကို မသိရနိုင်ပေ။ ၂၀၁၉ ခုနှစ် နှစ် ကုန် အထိမိုင်း/ERW ထိခိုက်ဒဏ်ရာရမှု စုစုပေါင်း ၄၉၈၁ ဦး (၇၀၅ ဦးသေဆုံး၊ ၄၁၅၈ ဦး ဒဏ်ရာ၊ ၁၁၈ ဦး မသိရ။) ရှိကြောင်း စောင့်ကြည့်လေ့လာရေးအဖွဲ့ Monitor က အစီရင်ခံခဲ့သည်။ | |
| **၂၀၁၉ ခုနှစ်အတွင်း ထိခိုက်ဒဏ်ရာရမှု**[121] | | |
| **နှစ်ပတ်လည် စုစုပေါင်း** | ၃၅၈ ဦး | ၂၀၁၈ ခုနှစ်မှ သေဆုံးသူ ၄၃၀ ဦး |
| **အသက်ရှင်ကျန်ရစ်မှု ရလဒ်** | သေဆုံး ၈၉ ဦး၊ ထိခိုက် ၂၆၉ ဦး | |
| **ထိခိုက်ဒဏ်ရာရခဲ့သော မိုင်းအမျိုးအစားများ** | ၂၉၅ လူသတ်မိုင်း၊ ၅ လက်လုပ်မိုင်း (လက်လုပ်တိုက်မိုင်းများ၊ IED များ) ကားမိုင်း ၁။ ၇၂ ERW၊ ၉ အမျိုးအစားမသိ ၉ အမျိုးအမည်ခွဲခြား မရ မိုင်း၊ မိုင်း/ERW ၄၀ | |
| **အရပ်သား** | ၃၃၅ဦး အရပ်သား၊ ၁၂ ဦး တပ်မတော် ၊ ၁၁ ဦး မသိ။ | |
| **အသက်အရွယ် နှင့် ကျားမ** | အနည်းဆုံး အမျိုးသား ၂၆၅ ဦး( ၃၃ အမျိုးသား ကလေးငယ်အပါအဝင်) | အနည်းဆုံး အမျိုးသမီး ၅၅ ဦး (မိန်းကလေး ၁၁ ဦးအပါအဝင် ) |

နိုင်ငံပိုင်နှင့် လွတ်လပ်သော သတင်းမီဒီယာအစီရင်ခံစာများ၊ အန်ဂျီအိုများနှင့် တခြားအဖွဲ့အစည်းများမှ ပေးပို့သော သတင်းအချက်အလက်များအရ ၂၀၁၈ ခုနှစ်အတွင်း ပြည်ထောင်စုမြန်မာနိုင်ငံအတွင်း မိုင်း/စစ်အတွင်း ကျန်ရစ်သောအကြွင်းအကျန်များ (ERW) ကြောင့် ထိခိုက်မှုအသစ် ၃၅၈ ခု အနည်းဆုံး ရှိခဲ့သည်။ ၂၀၁၈ ခုနှစ်အတွက် နှစ်စဉ် သေဆုံးမှုနှုန်းသည် ကျဆင်းသော်လည်း ၂၀၁၉ ခုနှစ်တွင် ထိခိုက်အနာတရဖြစ်မှုနှုန်း ယမန်နှစ် ၇၉ ခုမှ ၈၉ ခုအထိ တိုးတက်ခဲ့သည်။

၂၀၁၉ ခုနှစ်တွင် အဓိက ထိခိုက်မှု အများဆုံးနေရာ (၁၄၉) မှ ရှမ်းပြည်နယ်ဖြစ်ပြီး ရခိုင်ပြည်နယ် (၁၁၉) နှင့် ကချင်ပြည်နယ် (၅၁) ခုတို့ အသီးသီး ရှိခဲ့သည်။

မိုင်းအရေးဆောင်ရွက်သော အဖွဲ့အစည်းများအရေအတွက် နှင့် မိုင်းဒဏ်သင့်သူများ အကူအညီပေးရေး အစီအစဉ်များ ပိုရှိပိုများလာနေသော်လည်း အမျိုးသားအဆင့် ထိခိုက်ဒဏ်ရာရမှု နှင့် ပတ်သက်သော အချက်အလက်များ စနစ်တကျစုစည်းထားမှု မရှိခဲ့ပေ။ တရားဝင်အချက်အလက်ကောက်ယူသော လုပ်ငန်းယန္တရားမရှိခြင်း၊ အခြေခံအစီရင်ခံ ရေးသားခြင်းပုံစံ သို့မဟုတ် အချက်အလက် ဖလှယ်ခြင်းနည်းလမ်းမရှိခြင်း၊ စောင့်ကြည့်ကြပ်မတ်ခြင်းအဖွဲ့သို့ မတူညီသော သတင်းအရင်းအမြစ်မှ နှစ်စဉ် အချက်အလက်များ ရရှိသောကြောင့် အစီရင်ခံမှုသည် တတိုင်းပြည်လုံးတွင် ဖြစ်ပေါ်ခဲ့သော မိုင်း နှင့် စစ်အတွင်းကြွင်းကျန်ရစ်သော ပေါက်ကွဲစေသော ပစ္စည်းများကြောင့် သေဆုံးထိခိုက် ဒဏ်ရာရမှု အပြည့်အစုံကို ထင်ဟပ်ခြင်းမရှိဟု ယုံကြည်ရသည်။

များစွာသော မီဒီယာအစီရင်ခံမှုများအရ မကြာသောနှစ်များအတွင်း ထိခိုက်ဒဏ်ရာရမှု အရည်အတွက်သည် ပို၍ တိုးလာသည်ကို ညွှန်ပြနေသည်။ ၂၀၁၉ ခုနှစ် ဩဂုတ်လတွင် လူမှုဖူလုံရေး၊ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာ ချထားရေးဝန်ကြီးဌာနက မြန်မာနိုင်ငံတွင် မြေမြုပ်မိုင်းကြောင့်ထိခိုက်ဒဏ်ရာရမှုသည် နှစ်စဉ်တိုးများလာနေသည်ဟု ထုတ်ဖော်ပြောဆိုခဲ့သည်။ ”အာဆီယံ ဒေသဆိုင်ရာမိုင်းအရေးဌာန သို့မဟုတ် ARMAC၏မှတ်တမ်းများအရ သို့မဟုတ် အဖွဲ့ဝင်နိုင်ငံများ၊ လူမှုမီဒီယာ နှင့် ကျေးလက်ဒေသနေသက်ဆိုင်ရာအဖွဲ့အစည်းများ၏ မှတ်တမ်းများ အရ မိုင်းထိခိုက်ဒဏ်ရာရမှုများ နှစ်စဉ်တိုးများလာသည်။ မသန်စွမ်းဖြစ်ပွားမှုနှုန်းလည်း ပို၍တိုးများလာသည်ကို ကျွန်ုပ်တို့မြင်တွေ့ရသည်။”[122]

121.Unless noted otherwise, Monitor casualty data for 2018 is from a combined dataset of published and unpublished sources.
122.Myat Thura, “Official warns of rising landmine casualties,” Myanmar Times, 14 August 2019.

MRGW ၏ မှတ်တမ်းတွင် မိုင်း/ERW ထိခိုက်ဒဏ်ရာရမှုအရည်အတွက် ၂၀၁၇ ခုနှစ်တွင် ၁၇၆ ဦးမှ ၂၀၁၈ ခုနှစ်တွင် ၂၇၆ ဦးအထိ တိုးတက်ခဲ့ပြီး၂၀၁၉ခုနှစ် ဧပြီလ ၄ ရက်နေ့တွင် လူမသိနိုင်သော အဖြစ်အပျက်များစွာလည်း ရှိနေနိုင်ကြောင်း ရက်နေ့တွင် မြန်မာနိုင်ငံမီဒီယာတွင် ထုတ်ဖော်တင်ပြခဲ့သည်။[123] နှစ်ပတ်လည်ကိန်းဂဏန်းတွင် စုစုပေါင်းထိခိုက်ဒဏ်ရာရမှု အရေအတွက် ကွာခြားချက်ဖြစ်ရခြင်းအကြောင်းရင်းမှာ MRGW သည် ၎င်းသတ်မှတ်သည့်အချိန်အတွင်း လက်လှမ်းမီသည့် ကိန်းဂဏန်းအရည်အတွက် အပေါ်တွင် အခြေခံခြင်းဖြစ်သည်။ တချိန်တည်းတွင် Monitor သည် နှစ်တစ်နှစ်၏ နောက်ဆုံးအချိန်နီးအထိ အချိန်စောင့်၍ အချက်အလက်များကို ပြင်ဆင်ဖြည့်စွက်သဖြင့် အချိန်ပိုရသည်။ နှစ်ဖွဲ့စလုံး၏ အချက်အလက်များသည် ပြီးပြည့်စုံခြင်းတော့ မဟုတ်ပေ။ သို့သော် တရားဝင်အချက်အလက် မရနိုင်သည့်အခြေအနေအပေါ်တွင် လက်လှမ်းမီသော သတင်းအရင်းအမြစ်များထံမှ သတင်းအချက်များယူ၍ အကောင်းဆုံးအချက်အလက်များ ပေးထားခြင်းဖြစ်သည်။

၂၀၁၈ ခုနှစ် လေ့လာမှုတစ်ခုတွင် မြေမြှုပ်မိုင်းများနှင့် ပဋိပက္ခဆက်နွယ်သော အကြမ်းဖက်မှုများကြောင့် အစိုးရ မဟုတ်သော လက်နက်ကိုင်အဖွဲ့အစည်းများထိန်းချုပ်သော ဒေသများတွင် နိုင်ငံတွင်းအိုးအိမ်မဲ့ ရွှေ့ပြောင်းပြည်သူများအကြား မသန်စွမ်းဖြစ်မှုတိုးများလာသည်ဟု တွေ့ရှိခဲ့သည်။ သို့သော် အစိုးရထိန်းချုပ်သောဒေသတွင် မသန်းစွမ်းသူများ မသန်စွမ်းဖြစ်ရခြင်းအကြောင်းရင်း အများစုသည် မွေးရာပါ သို့မဟုတ် မတော်တဆ ဖြစ်မှုများကြောင့်ဟု တွေ့ရသည်။ မြေမြှုပ်မိုင်းနင်းမိပါက နိုင်ငံပိုင်ပစ္စည်းဖျက်ဆီးမှုနှင့် တရားစွဲခံရသည်ဟူသော အမြင်အယူအဆကြောင့် နောက်ထပ်ပြဿနာများထပ်ရှိသည်ဟု လေ့လာမှုက တွေ့ရှိခဲ့သည်။ ထို့ကြောင့် မြေမြှုပ်မိုင်းထိသူသည် ၎င်းတို့ မသန်စွမ်းဖြစ်ရမှုကို အမှန်မပြောပဲ မတော်မတဆဖြစ်ခြင်း သို့မဟုတ် ကားတိုက်ခံရခြင်း အစရှိသဖြင့် ပြောဆိုခြင်းကြောင့် ကိန်းဂဏန်းအရည်အတွက်တွင် လွဲမှားသွားခြင်းဖြစ်သည်။[124]

စစ်တပ်နှင့်တခြားလက်နက်ကိုင်များထိခိုက်မှုအရည်အတွက်ကို မသိနိုင်ပေ။ သို့သော် များပြားသည်ဟု ယုံကြည်ရသည်။ တပ်မတော်သားများအတွက် အသက်သေးဆုံးရခြင်း၏ အဓိကအကြောင်းရင်းတွင် မြေမြှုပ်မိုင်းကြောင့် အသက်သေဆုံး ထိခိုက်ဒဏ်ရာရခြင်းသည် အခြားအကြောင်းရင်းများနှင့်ယှဉ်ပါက အဓိကအကြောင်းရင်း ဖြစ်သည်ဟု ကာကွယ်ရေးဝန်ကြီးဌာနမှ အရာရှိတစ်ဦးက Monitor အဖွဲ့သို့ပြောကြားခဲ့သည်။ သို့သော် ထိုအချက်ကို ဖော်ပြပါက "ကျနော်တို့ ရန်သူအတွက် စိတ်ဓါတ် စစ်ဆင်ရေး လက်နက်ပေးသလို ဖြစ်သွားမှာပေါ့။" ဟု ထိုအရာရှိက ဆက်လက်ပြောကြားခဲ့သည်။[125] စစ်ဖက်ဆိုင်ရာ ထိခိုက်ကျဆုံးမှု များစွာရှိသော်လည်း ထိုကဲ့သို့သော စစ်ရေးမှတ်တမ်းများကို အများပြည်သူက လက်လှမ်းမမှီကြောင်း Monitor က ယခင်အစီရင်ခံစာများတွင် ထောက်ပြခဲ့သည်။[126]

မြန်မာနိုင်ငံတွင် ထိခိုက်ဒဏ်ရာရမှု စုစုပေါင်းကိန်းဂဏန်းကို မသိရနိုင်ပေ။ ၂၀၀၀ ခုနှစ်မှစ၍ ၂၀၁၉ ခုနှစ် နှစ်ကုန်အထိ ထိခိုက်ဒဏ်ရာရမှု စုစုပေါင်း ၄၉၈၁ ဦး (၇၀၅ ဦးသေဆုံး၊ ၄၁၅၈ ဦး ဒဏ်ရာ၊ ၁၁၈ ဦး မသိရ။) ရှိကြောင်း စောင့်ကြည့်လေ့လာရေးအဖွဲ့ Monitor က အစီရင်ခံခဲ့သည်။

**မိုင်းရှင်းလင်းခြင်း အော်ပရေတာ**

| **ပြည်တွင်း** | **နိုင်ငံတကာ (နည်းပညာမပါသော အလွတ်သဘော စစ်တမ်းကောက်ယူခြင်း)** |
|---|---|
| တပ်မတော်အင်ဂျင်နီယာများ | DDG<br>MAG<br>The HALO Trust |

123.UNICEF, "One out of four casualties of landmine incidents in Myanmar are children," 4 April 2019.

124.International Alert, "Conflict impacts on gender and masculinities expectations on people with disabilities in Kachin state: A rapid assessment," December 2018, pp. 14–15.

125.Landmine Monitor meeting with Col. (rtd) Min Htike Hein, Deputy Permanent Secretary for the Minister of Defense, Ministry of Defense, Naypyitaw, 29 June 2018.

126.See the 2009 edition of the Monitor report for Myanmar available on the Monitor website. Unprecedented levels of information on military casualties were received in 2008 from the State Peace and Development Council; 508 military casualties were identified. Information from this source has not been made available any other year.

| | |
|---|---|
| **၂၀၁၉ ခုနှစ်အတွင်းရှင်းလင်းမှု** | တပ်မတော်သည် မိုင်းရှင်းလင်းမှုတချို့လုပ်ဆောင်နေသော်လည်း လတ်တလောအသုံးပြုနေသော အော်ပရေးရှင်းစံသတ်မှတ်ချက်များကို မသိရပေ။၂၀၁၉ ခုနှစ်တွင် ရှင်းခဲ့သော မိုင်းပမာဏနှင့် ဖျက်ဆီးခဲ့သော လူသတ်မိုင်းအရေအတွက် ကို ထုတ်ပြန်ခြင်းမရှိပေ။ |
| **တိုးတက်မှုများ** | မြန်မာနိုင်ငံသည် ASEAN ဒေသဆိုင်ရာ မိုင်းအရေး ဆောင်ရွက်ခြင်း ဌာနအောက်ရှိ ASEAN ကာကွယ်ရေးဝန်ကြီးဌာန အစည်းအဝေး (ADMM) - အပေါင်း လူသားချင်း မိုင်းအရေး ဆောင်ရွက်မှု ပညာရှင်များအလုပ်အဖွဲ့ ၏ တစိတ်တပိုင်းဖြစ်သည်။<br><br>NGO များကို မိုင်းရှင်းလင်းခြင်းအတွက် ခွင့်ပြုခြင်းမရှိပါ။ ၂၀၁၆ ခုနှစ်မှစ၍ နည်းပညာမပါ အလွတ်သဘော စစ်တမ်း ကောက်ယူမှုအတွက် အကန့်အသတ်ဖြင့် ခွင့်ပြုခဲ့သည်။ |

**စစ်တမ်း**

၂၀၂၀ ခုနှစ် ဇူလိုင်လတွင် Monitor အဖွဲ့နှင့် ကုလသမဂ္ဂ၏ မြန်မာနိုင်ငံဆိုင်ရာသတင်းစီမံခန့်ခွဲမှုအဖွဲ့ (MIMU) သည် မြန်မာနိုင်ငံတွင် မိုင်းအန္တရာယ်အဖြစ်သသယရှိဒေသများ(SHA) မြို့နယ်များပြမြေပုံနှင့် မြေမြုပ်မိုင်း အသုံးပြုမှု သက်ရောက်မှုများပြ မြေပုံကားချပ်များကို ထုတ်လုပ်သည်။[127]

၂၀၁၆ ခုနှစ်တွင် ဒေသတချို့တွင် တချို့ နိုင်ငံတကာမိုင်းအရေးဆောင်ရွက်သူများကို နည်းပညာမပါသော စစ်တမ်းကောက်ယူမှုကို ခွင့်ပြုခဲ့သည်။ ၂၀၁၈ ခုနှစ် နှင့်၂၀၁၉ ခုနှစ်တွင် MAG, DDG, DCA နှင့် Halo Trust များကို နည်းပညာမပါသော စစ်တမ်းကောက်ယူမှု ဆက်လက်လုပ်ကိုင်ခွင့်ရခဲ့သည်။ ၎င်းအဖွဲ့များသည် မိုင်းပြန့်နှံ့မှု၏ အခြေခံအဆင့်ကို ဆုံးဖြတ်ချက်ချနိုင်မည့် ပြည်နယ် (ခရိုင်) တစ်ခုလုံးတွင် စစ်တမ်း ကောက်ယူနိုင်ခြင်း မရှိသေးပါ။

၂၀၂၀ ပြည့်နှစ် ဇန်နဝါရီလတွင် မိုင်အရေးဆောင်ရွက်မှုကဏ္ဍသည် IMAS နှင့် အညီ အမှတ်အသားပြုခြင်းနှင့် ခြံကာခြင်းလုပ်ငန်းများ စတင်ရန် နည်းပညာအဖွဲ့များ စတင်ထားရန် ခွင့်ပြုချက်ရရှိခဲ့သည်။[128] ပြန်လည်ပြုစု ပျိုးထောင်ရေးဦးစီးဌာနက မိုင်းအရေးဆောင်ရွက်မှုကဏ္ဍအား ကချင်ပြည်နယ်အတွင်း အိုးအိမ်စွန့်ခွာပြည်သူများ နေရပ်ရင်းပြန်နိုင်ရန်နှင့် ပြန်လည်အခြေချနိုင်ရန် နည်းပညာစစ်တမ်းကောက်ယူခြင်း၊ နေရာသတ်မှတ်ခြင်း၊ ခြံစည်းရိုး ကာခြင်းလုပ်ငန်းများကို ဦးစားပေးရန် တောင်းဆိုခဲ့သည်။[129]

Halo Trust အဖွဲ့သည် ကရင်ပြည်နယ် သံတောင်ကြီးနှင့် လှိုင်းဘွဲ့မြို့နယ်၊ ရှမ်းပြည်နယ်အတွင်းရှိ လားရှိုး၊ မူဆယ်၊ ကွတ်ခိုင်နှင့် ကျောက်မဲမြို့နယ်များတွင် နည်းပညာမပါသော အလွတ်သဘောစစ်တမ်းကောက်ယူမှုများ ဆောင်ရွက်ခဲ့ကြောင်း အစီရင်ခံခဲ့သည်။ ၂၀၁၉ ခုနှစ် SHA နေရာ ၄၉ ခု သတ်မှတ်နိုင်ခဲ့ပြီး ၂၀၂၀ ပြည့်နှစ် မတ်လအထိ နောက်ထပ် ၉ နေရာ သတ်မှတ်နိုင်ခဲ့သည်။ Halo Trust အဖွဲ့သည် SHA ၁၆ နေရာကို အန္တရာယ်ဆိုင်းဘုတ်များဖြင့် အမှတ်အသားပြုပေးခဲ့ပြီး ၂၀၂၀ မတ်လအထိ နောက်ထပ် SHA ၇ ခုကိုလည်း အမှတ်အသားပြုပေးနိုင်ခဲ့သည်။[130]

၂၀၁၉ ခုနှစ်တွင် MAG သည် မြို့နယ်နှင့် ကျေးရွာစု ၃၆ နေရာတွင် နည်းပညာမပါသော အလွတ်သဘော စစ်တမ်းကောက်ယူမှုများ ဆောင်ရွက်ခဲ့သည်။[131] MAG သည် မြန်မာနိုင်ငံတွင် အမှတ်အသားပြုခြင်း အော်ပရေးရှင်းများ စတင်ခဲ့ခြင်းမရှိသော်လည်း ၂၀၂၀ ပြည့်နှစ်တွင် အမှတ်အသားပြုခြင်းလုပ်ငန်းကို Covid-19 စည်းကမ်းများ မရှိတော့ချိန် နောက်ထပ်ဘဏ္ဍာထောက်ပံ့ငွေ ရရှိမည်ဆိုပါက စတင်ရန် စီစဉ်ထားခဲ့သည်။

၂၀၂၀ ပြည့်နှစ် ဖွန်လတွင် ထာဝရငြိမ်းချမ်းရေးအစီအစဉ်၏ ပံ့ပိုးမှုဖြင့် MAG သည် ကချင်ပြည်နယ်အတွင်း ကျေးရွာ ၅၉ ရွာ ပြန်လည်နေရာချထားရေး နေရာများသို့ စစ်တမ်းများ ကောက်ယူခဲ့သည်။ စစ်တမ်းကောက်ယူခဲ့သော ကျေးရွာများအနက် ၇၀ %

---

127.“Townships with Suspected Landmine Contamination (1999–2017) and Casualties in Myanmar (Jan–Dec2017)” UN MIMU, 26 November 2018. Infographic provides an 11-year overview of data from the Landmine Monitor (2007–2017). The infographic was also available in Burmese language. MIMU reported to the Landmine Monitor that the landmine infographic has been one of their most requested products.

128.Response to Monitor questionnaire by Bekim Shala, Country Programme Manager, MAG, 25 May 2020.

129.Durable Peace Programme, “Mine Risks in IDP Return and Resettlement Sites in Kachin State: Baseline Survey Results from DPP-MAG Joint Deployments,” briefing paper, June 2020.

130.Response to Monitor questionnaire by Geoff Moynan, Programme Manager, HALO Trust, 27 April 2020.

131.Response to Monitor questionnaire by Bekim Shala, Country Programme Manager, MAG, 25 May 2020.

သည် တိုက်ရိုက် မိုင်းပျံ့နှံ့မှုသက်သေများတွေ့ရပြီး နောက်ထပ် ၂၀% တွင် သွယ်ဝိုက်မိုင်းပျံ့နှံ့မှု သက်သေများတွေ့ခဲ့ရသည်။ ကျေးရွာများကို ရွေးချယ်ရာတွင် အစိုးရ သို့မဟုတ် ဒေသခံလူသားချင်း စာနာသော အရေးဆောင်ရွက်နေသူများက နေရပ် စွန့်ခွာ ပြည်သူများ နေရပ်ရင်းပြန်လာနိုင်ရေး နှင့် ပြန်လည်နေရာချထားရေးအတွက် အလားအလာရှိသော နေရာများအဖြစ် သတ်မှတ်ခံရသော နေရာများ ဖြစ်ခြင်းကြောင့် ဖြစ်သည်။[132]

HI သည် ၂၀၁၉ ခုနှစ် သို့မဟုတ် ၂၀၂၀ ပြည့်နှစ်တွင် နည်းပညာမပါသော အလွတ်သဘောစစ်တမ်းကောက်ယူမှု မပြုခဲ့သော်လည်း ၂၀၂၀ ပြည့်နှစ် စက်တင်ဘာလတွင် စစ်တမ်းကောက်ယူရန် စီစဉ်ခဲ့သည်။[133]

## မိုင်းရှင်းလင်းခြင်း

၂၀၁၉ ခုနှစ် ဇူလိုင်လတွင် ကာကွယ်ရေးဝန်ကြီးကိုယ်စားလှယ်တစ်ဦးက Landmine Monitor သို့ တပ်မတော်သည် ၎င်း၏ တာဝန်ဖြစ်သောကြောင့် မိုင်းများရှင်းလင်းသည်ဟု ပြောဆိုခဲ့သည်။ တပ်မတော်သားများသည် ရှေ့တန်းသို့ ငါးလမှ ခြောက်လအထိ တာဝန်သွားရောက်ယူရကြောင်း၊ ထို့နောက် စစ်သင်တန်းကျောင်းသို့ သင်တန်းတက်ရကြောင်း၊ ၎င်းကျောင်းများတွင် တခြားအရာများ ပါသလို မိုင်းရှင်းလင်းခြင်း အကြောင်းအရာကိုပါ သင်ကြားရကြောင်း ၎င်းက ပြောဆိုခဲ့သည်။ စစ်သားများအားလုံးတွင် မြေမြှုပ်မိုင်း ရှင်းလင်းခြင်း အတတ်ပညာတက်ကျွမ်းကြကြောင်း သူက အလေးထားပြောဆိုခဲ့သည်။ "ရွာအနားက မိုင်းတွေကို ကျနော်တို့ ရှင်းပေးရင် ရွာသားတွေက တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းတွေ ထောင်ထားတဲ့မိုင်းတွေကိုရှင်းပေးတဲ့အတွက် ကျနော်တို့ကို ကျေးဇူးတင်ကြတယ်။" ၂၀၁၈ ခုနှစ်တွင် လက်နက်ကိုင်ပဋိပက္ခ အနည်းအကျဉ်းသာ ဖြစ်ခဲ့သည်။ အပစ်အခတ်ရပ်စဲရေးလုပ်ထားသောကြောင့် တပ်မတော်သည် လွတ်လွတ်လပ်လပ် သွားလာနိုင်သည့်အပြင် မိုင်းတူးဖော်ခြင်းလုပ်ငန်းများကို ဆောင်ရွက်နိုင်ခဲ့သည်။[134]

၂၀၁၈ ခုနှစ်အောက်တိုဘာလတွင် တပ်မတော်သည် NCA လက်မှတ်ရေးထိုးထားသော အဖွဲ့အစည်းများနှင့် လက်တွဲ၍ ကရင်ပြည်နယ်အတွင်း လူသားချင်းစာနာသော မိုင်းရှင်းမှုတွင် ပါဝင်ခဲ့သည်။ ၂၀၁၁ ခုနှစ်မှစ၍ မြေမြှုပ်မိုင်းနှင့် ERW အလုံးပေါင်း ၃၆၀၀ ကျော် ရှင်းလင်းပေးနိုင်ခဲ့သည်။[135] တပ်မတော်သည် လက်နက်ကိုင် ပဋိပက္ခအတွင်း အခါအားလျော်စွာ မိုင်းရှင်းလင်းမှု ဆောင်ရွက်သည်ဟု နိုင်ငံပိုင်မီဒီယာက အစီရင်ခံသည်။[136]

၂၀၁၉ ခုနှစ် ဇန်နဝါရီလတွင် ကချင်ပြည်နယ် ဝိုင်းမော်မြို့နယ် နမ့်ဆမ်ယန်ကျေးရွာရှိ မိသားစုတချို့ ပြန်လည်နေရာချထားရန် တင်ကြို၍ ကန့်သတ်မိုင်း ရှင်းလင်းခြင်းလုပ်မည်ဟု ကြေငြာခဲ့သည်။[137] ၂၀၁၈ ခုနှစ် စက်တင်ဘာလတွင် တပ်မတော်သည် ၎င်းနေရာများတွင် မိုင်းထောင်ထားကြောင်း Landmine Monitor အဖွဲ့က အစီရင်ခံခဲ့ဖူးသည်။

"တပ်မတော်သည် ဘူဒိုဇာတစ်စီးနှင့် အိမ်ခြံများကို ရှင်း၍ မိုင်းရှင်းပေးနေကြောင်း၊ အိမ်ထောင်စုစာရင်းရှိသူများကို ထိုကဲ့သို့ ဆောင်ရွက်ပေးကြောင်း...နမ်ဆမ်ယန်သို့ ပြည်သူများပြန်ရန်အတွက် အဓိကအန္တရာယ်မှာ မြေမြှုပ်မိုင်းဖြစ်ကြောင်းနှင့် အကျိုးဆက်အဖြစ် ဘေးပတ်ဝန်းကျင်ရှိစိုက်ပျိုးမြေနေရာတော်တော်များများအား ကန့်သတ်နယ်မြေအဖြစ် သတ်မှတ်ခံထားရကြောင်း" နမ်ဆမ်ယန်အခြေစိုက် NGO တစ်ခုက ၂၀၁၉ခုနှစ် နိုဝင်ဘာလ လေ့လာ မအကဲဖြတ်ချက်တစ်ခုတွင် တွေ့ရှိခဲ့သည်။[138] သို့သော် ကနဦး မိသားစုများ ပြန်လည်နေရာချထားသည့်အချိန်မှစ၍ နမ်ဆမ်ယန်တွင် မိုင်းထိခိုက်မှုတချို့ ဖြစ်ပွားခဲ့သည်။[139]

၂၀၂၀ ပြည့်နှစ် မတ်လတွင် နမ်ဆမ်ယန်မှ ရွာသားများက ၎င်းတို့ယခုနေသောနေရာတွင် မြေမြှုပ်မိုင်းအန္တရာယ် ရှိနေသေးသည်ဟု တိုင်ကြားခဲ့သည်။[140] ၂၀၂၀ ပြည့်နှစ် ဇူလိုင်လတွင် တပ်မတော်သည် ၎င်းနေရာသို့ပြန်၍ စိုက်ပျိုးမြေ ဧက ၁၀၀ ကျော်မှ မိုင်းများ ဖယ်ရှားခဲ့သည်။[141] ၂၀၂၀ ပြည့်နှစ် ဩဂုတ်လတွင် တပ်မတော်ပြောရေးဆိုခွင့်ရှိသူ ဗိုလ်မှူးချုပ်ဇော်မင်းထွန်းက နမ်ဆမ်ယန်သည် အောင်မြင်သောသာဓကဖြစ်ကြောင်း၊ တပ်မတော်သည် နေအိမ်စွန့်ခွာ ပြည်သူများပြန်လာရန်အတွက်ချဲ့ထွင်ရန် စီစဉ်နေကြောင်းနှင့် မြေမြှုပ်မိုင်းရှင်းလင်းခြင်းနှင့် သယ်ယူပို့ဆောင်ရေးအတွက် ကူညီပေးမည်" ဟု မြန်မာနိုင်ငံမှ သတင်းထောက်တစ်ဦးကို

132.Durable Peace Programme, "Mine Risks in IDP Return and Resettlement Sites in Kachin State: Baseline Survey Results from DPP-MAG Joint Deployments," briefing paper, June 2020.

133.Response to Monitor questionnaire by Fabrice Vandeputte, Regional Programme Director, HI, 14 May 2020.

134.Landmine Monitor meeting with U Min Htike Hein, Assistant Secretary, Union Minister Office for Defense, Ministry of Defence, Naypyitaw, 5 July 2019.

135.Statement of Myanmar, UNGA First Committee, Thematic Discussion on Conventional Weapons, New York, 25 October 2019.

136.See, for example, "Tatmadaw column captures AA member dead after landmine attack," Global New Light of Myanmar, 11 May 2019, p. 11.

137."Seventeen Kachin IDP Families Return Home," Kachin News Group/Burma News International, 4 February 2019.

138.Dan Seng Lawn, "Safe and Dignified Returns? A Rapid Assessment of the Experiences of Returned Internally Displaced Persons in Nam San Yang Village, Kachin State, Myanmar," USAID/Kachinland Research Centre, 12 December 2019.

139."More Than One Year After IDPs Return to Nam San Yang, Burma Army Removes Landmines From Their Farmland," Kachinland News, 3 August 2020.

140."Returned IDPs Demand Landmines Be Removed From Nam San Yang," Kachin News Group/Burma News International, 25 March 2020.

141.Ibid.; See also, "More Than One Year After IDPs Return to Nam San Yang, Burma Army Removes Landmines From Their Farmland," Kachinland News, 3 August 2020.

ပြောကြားခဲ့သည်။[142] ၂၀၁၈ ခုနှစ်မေလထုတ် ထာဝရငြိမ်းချမ်းရေးအစီအစဉ်စုပေါင်းအစီရင်ခံစာအရ ကချင်ပြည်နယ်တွင် နိုင်ငံတွင်း စစ်ဘေးရှောင်ပြည်သူများက မြေမြှုပ်မိုင်းသည် ၎င်းတို့ နေရပ်ရင်းပြန်နိုင်ရန် အခက်အခဲများအနက် တစ်ခုဖြစ်သည်ဟု ပြောဆိုခဲ့သည်။[143]

၂၀၂၀ ပြည့်နှစ် ဇန်နဝါရီလတွင် ပြုလုပ်ခဲ့သော အဆင့်မြင့် နယ်စပ်လုံခြုံရေးအစည်းအဝေးတစ်ခုတွင် ဘင်္ဂလားဒေ့ရှ်က ၎င်းနှင့်ထိစပ်နေသော မြန်မာဖက်ခြမ်းတွင် မြေမြှုပ်မိုင်းများထောင်ခြင်းနှင့် ထိခိုက်ဒဏ်ရာရနေမှုများအပေါ် စိုးရိမ်ကြောင်း ထပ်မံ ပြောဆိုခဲ့သည်။ နောက်ထပ်ထိခိုက်မှုများမဖြစ်စေရန် မိုင်းများအကုန်ဖယ်ရှားပေးရန် ဘင်္ဂလားဒေ့ရှ်အရာရှိများက မြန်မာဖက်ကို တောင်းဆိုခဲ့သည်။ အစည်းအဝေးအပြီးတွင် မြန်မာနိုင်ငံမှရှစ်ဦးအဖွဲ့ ကိုယ်စားလှယ်ကို ဦးဆောင်လာသော မြန်မာရဲတပ်ဖွဲ့ ရဲချုပ်မျိုးသန်းက 'နှစ်နိုင်ငံထိစပ်နေသော နယ်စပ်တလျှောက်တွင် သောင်းကျန်းသူအုပ်စု အဖွဲ့ပေါင်းများစွာရှိသည်။ လက်လုပ်မိုင်းများကို ၎င်းအဖွဲ့များက ထောင်ထားသည်လည်း ဖြစ်နိုင်သည်။ မြန်မာ အစိုးရတပ်ဖွဲ့များ မဟုတ်။" ဟု စွတ်စွဲပြောဆိုခဲ့သည်။ အဖွဲ့ဝင် ၁၄ ဦး ပါသော ဘင်္ဂလားဒေ့ရှ်ကိုယ်စားလှယ်အဖွဲ့ကို ဦးဆောင်သူ ညွှန်ကြားရေးမှူးချုပ် ရဲမှူးချုပ် မက်ရှဖီနယ်အစ္စလမ်က လက်လုပ်မိုင်း သို့မဟုတ် မြေမြှုပ်မိုင်းများသည် နှစ်နိုင်ငံတပ်များအတွက် အန္တရာယ်ရှိကြောင်း ပြောဆိုခဲ့သည်။ ဘင်္ဂလားဒေ့ရှ်-မြန်မာနယ်စပ်တလျှောက်တွင် နယ်စပ်လမ်းမများ တည်ဆောက်မည်ဖြစ်ကြောင်းနှင့် 'မြန်မာကိုယ်စားလှယ်က လမ်းမဖောက်ခင် လက်လုပ်မိုင်းများ ဖယ်ရှားပေးမည်ဟု အာမခံခဲ့ကြောင်း' ၎င်းက ဖြည့်စွက်ပြောကြားခဲ့သည်။[144]

၂၀၂၀ ပြည့်နှစ် ဇန်နဝါရီလတွင် တပ်မတော်သည် ရခိုင်ပြည်နယ်မြေပုံမြို့နယ်ရှိ အိုင်ဒီပီစခန်းတစ်ခုကို ၎င်းနေရာအနီး မြေမြှုပ်မိုင်းရှင်းရန်အတွက် ပိတ်ခဲ့သည်။ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ရုံးမှ ထုတ်ပြန်သော ကြေငြာချက်တွင် တပ်မတော်သည် စခန်းအတွင်းနေထိုင်သူများကို မြေမြှုပ်မိုင်းအန္တရာယ်မှ လွတ်ကင်းရန်အတွက် ဖယ်ရှားပေးခိုင်းပြီး စခန်းမှ မီတာ ၂၀ အကွာခန့်တွင် မိုင်းတစ်လုံး ဖြုတ်ခဲ့သည်ဟု ဖော်ပြထားသည်။

တပ်မတော်သားများက စခန်းအတွင်းရှိ ယာယီနေအိမ်များကို မီးရှို့လိုက်သဖြင့် စခန်းအတွင်းနေထိုင်သူ ၅၀၀ အနက် ၄၀၀ ခန့် ကြောက်လန့်တကြား ထွက်ပြေးကြရသည်ဟု စခန်းအရာရှိများက ပြောသည်။ 'နောက်တနေ့ မနက် ခင်ဗျားတို့ကို ဒီမှာ မတွေ့ချင်ဘူး။ တစ်ခုခုဖြစ်ရင် ကျုပ်တို့ကို အပြစ်မပြောနဲ့။ ' ဟု စစ်သားများက ပြောခဲ့သည်ဟု စခန်းစီမံခန့်ခွဲသူများက ပြောသည်။[145] စခန်းအနီး မိုင်းရှင်းလင်းမှု ထပ် ရှိမရှိကို မသိရပေ။

လူသားချင်းစာနာသောမိုင်းအရေးဆောင်ရွက်သူ အဖွဲ့အစည်းများသည် အစိုးရမှသော်လည်း တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများမှသော်လည်းကောင်း မိုင်းရှင်းလင်းခွင့် ခွင့်ပြုချက် မရသေးပေ။ ၂၀၂၀ ပြည့်နှစ် ဧပြီလအထိ ၎င်းအတိုင်းဖြစ်သည်။
၂၀၁၉ ခုနှစ် ဒီဇင်ဘာလတွင် စစ်ပွဲကြောင့် ဘေးဒုက္ခရောက်သူပြည်သူများအတွက် ဆေးဖက်ဆိုင်ရာအကူအညီများ ပေးနေသော Free Burma Rangers (FBR) က ကူညီကယ်ဆယ်ရေးအသင်းသင်တန်းတွင် သင်တန်းသားအသစ် ၉၉ ဦးကို သင်တန်းဆင်း ပေးခဲ့သည်။ ၎င်းသင်တန်းတွင် လေ့ကျင့်သင်ကြားမှုများစွာအနက် ကရင်ပြည်နယ်အတွင်း ၎င်းတို့သင်တန်းစခန်းတွင် အရေးပေါ် မိုင်းရှင်းလင်းခြင်း သင်ခန်းစာပါ ထည့်သွင်းထားသည်။[146] FBR သည် လက်နက်ကိုင်ပဋိပက္ခကြောင့် မိုင်းသင့်ပြည်သူ အပါအဝင် ထိခိုက်ဒဏ်ရာရသူ သို့မဟုတ် ထွက်ပြေးတိမ်းရှောင်သူ ပြည်သူများကို ဆေးဝါးနှင့် အစားအစာ အကူအညီပေးသည်။ ၂၀၁၉ ခုနှစ် ဒီဇင်ဘာတွင် တပ်မတော်နှင့် ရခိုင်တပ်အကြား တိုက်ပွဲများ ဖြစ်ပြီးနောက် ရခိုင်ပြည်နယ်တွင်လည်း အလားတူ အကူအညီများပေးခဲ့သည်။[147] ၎င်း၏ ကူညီကယ်ဆယ်ရေးအဖွဲ့များအနက် ၈ ဖွဲ့သည် ၎င်းတို့လုပ်ငန်းများကို ကရင်၊ရှမ်း၊ ကချင်၊ ချင်းနှင့် ရခိုင်ပြည်နယ်များတွင် ဆောင်ရွက်နေစဉ် မြေမြှုပ်မိုင်းများ တွေ့ရှိခဲ့သည်ဟု အစီရင်ခံခဲ့သည်။

## မိုင်းရှင်းလင်းသူများ၏ လုံခြုံမှု

၂၀၁၉ ခုနှစ် မေလတွင် မြေမြှုပ်မိုင်းလုံခြုံမှု စစ်သင်တန်း၌ ၁၁ ဦး ထိခိုက်ဒဏ်ရာရခဲ့သည်။ မန္တလေးရဲသင်တန်း ကျောင်းတွင် မြေမြှုပ်မိုင်းလုံခြုံမှု၊ မိုင်းရှာဖွေခြင်းနှင့် တခြားမိုင်းအမျိုးအစားများအကြောင်း ရဲအရာရှိများကို သင်ကြားနေစဉ် မိုင်းပေါက်ကွဲမှု ဖြစ်ပေါ် ခဲ့သည်။ သင်တန်း၏တစိတ်တပိုင်းအဖြစ် ရဲတပ်ကြပ်တစ်ဦးသည် M14 ပလစတစ်မိုင်းပုံစံတူပေါ် တွင် နင်းမိ၍ တခြား သင်တန်းသားများက မိုင်းဖြုတ် ကယ်ဆယ်ရမည့် သင်ခန်းစာဖြစ်ကြောင်း မီဒီယာက ဖော်ပြခဲ့သည်။ တပ်မတော် သတင်းမှန်ပြန်ကြား ရေးအဖွဲ့ ပြောရေးဆိုခွင့်ရှိသူ ဗိုလ်မှူးချုပ် ဇော်မင်းထွန်းက ၎င်းသင်တန်းကို တပ်မတော်မှပညာရှင်က သင်ကြားပေးခြင်းဖြစ်သည်ဟု ပြောဆိုခဲ့သည်။ "သင်တန်းဆရာသည် မိုင်းပုံစံတူအစား မိုင်းအစစ်ကိုမှားယူလာခဲ့ကြောင်းနှင့် ၎င်းမိုင်းအစစ်ပေါ် သင်တန်းသားက နင်းမိပြီး ပေါက်ကွဲခဲ့တာလို့ ကျနော်တို့ကြားသိရပါတယ်။ ပုံမှန်ဆိုရင်တော့ မိုင်းအစစ်နဲ့ပုံစံတူ တွေကို အရောင်နှင့် ခွဲထားပါတယ်။ သို့သော်လည်း မှားတတ်ပါတယ်။အခု လိုမတော်တစဖြစ်တဲ့အပေါ် မှာ ကျနော်တို့ နောက်ထပ်စုံစမ်းမှုတွေပြုလုပ်နေပါတယ်။" ဟု ၎င်းက ပြောဆိုခဲ့သည်။[148]

၂၀၂၀ ပြည့်နှစ် ဇန်နဝါရီတွင် ခမရ ၇၀၈ မှ တပ်ရင်းမှူးသည် ကရင်ပြည်နယ် ဖာပွန်မြို့နယ် ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော် (KNLA) က ထောင်ထားသော ကားမိုင်းကို ဖယ်ဖို့ကြိုးစားစဉ် အသက်သေဆုံးခဲ့သည်။[149]

**မိုင်းအန္တရာယ်လျော့ပါးရေးပညာပေးခြင်း**

| အဖွဲ့အစည်းအမည် | လုပ်ငန်းအမျိုးအစား |
|---|---|
| **အစိုးရ** | |
| **ပညာရေးဦးစီးဌာန** | ကရင်ပြည်နယ်တွင် မိုင်းအန္တရာယ်လျော့ချမှု ပညာပေးလုပ်ငန်းများစာရင်းတွင် ဖော်ပြထားသည်။[150] |
| **ပြည်တွင်း NGO များ** | |
| နိုင်ငံတွင်းအိုးအိမ်မဲ့ ကရင်ပြည်သူ ရေးရာကော်မတီနှင့် ကရင်ကျောင်းဆရာ/မများ အလုပ်အဖွဲ့ | ၁၉၉၈ ခုနှစ်တွင် တည်ထောင်ခဲ့သော နယ်စပ်ဖြတ်ကျော် အဖွဲ့အစည်း တစ်ခု ဖြစ်သည်။ နိုင်ငံတွင်းအိုးအိမ်မဲ့ကရင်ပြည်သူများ၏ အကျပ်အတည်းများကို ပိုမိုသိရှိလာစေရန်အတွက် ရည်ရွယ်ဖွဲ့စည်းခဲ့သည်။ တခြားလူသားချင်း စာနာသော အကူအညီနှင့် စည်းရုံးလှုံ့ဆော်မှုလုပ်ငန်းများအပြင် အန္တရာယ်လျော့ချရေး ပညာပေးခြင်းများ ထောက်ပံ့ပေးသည်။[151] |
| **ကရင်ဖွံ့ဖြိုးရေးကွန်ယက်** | လူထုအခြေပြု အန္တရာယ် လျော့ချရေးပညာပေးအဖွဲ့အစည်း |
| **ကရင်နီလူမှုဖူလုံရေးနှင့် ဖွံ့ဖြိုးရေးဌာန** | ကရင်နီပြည်သူများ၏ ပဋိပက္ခအတွင်းအသက်ရှင်ရပ်တည်ရမှုအခက်အခဲကို တုန့်ပြန်ဆောင်ရွက်ရန် ၁၉၉၆ ခုနှစ်တွင် ဖွဲ့စည်းခဲ့သည်။ ၂၀၀၆ ခုနှစ်တွင် ကရင်နီ မိုင်းအန္တရာယ်လျော့ချရေးပညာပေးအုပ်စုကို တည်ထောင်ခဲ့သည်။ မိုင်းအန္တရာယ်လျော့ချရေးပညာပေးခြင်း၊ အကူအညီပေးခြင်းအပြင် မိုင်းထိပြည်သူများဆိုင်ရာ ဒေတာများကိုလည်း ကောက်ယူသည်။[152] |
| **ဒေသခံ ဖွံ့ဖြိုးရေးကွန်ယက်** | လူထုအခြေပြု အန္တရာယ် လျော့ချရေးပညာပေးအဖွဲ့အစည်း |
| **တအာင်းကျောင်းသားနှင့်လူငယ် အစည်းအရုံး** | တအာင်းလူငယ်များအား လူ့အခွင့်အရေးအသိအမြင်၊ ဒီမိုကရေစီ၊ အမျိုးသမီးအခွင့်အရေး၊ ဒီမိုကရေစီခေါင်းဆောင်မှု၊ အချက်အလက်ကောက်ယူခြင်း၊ မြေယာသိမ်းဆည်းခြင်း၊ ကျန်းမာရေးနှင့် ပညာရေးဆိုင်ရာကိစ္စရပ်များကို လေ့ကျင့်သင်ကြားပေးသည်။[153] |
| **ငြိမ်း (ရှလုံ) ဖောင်ဒေးရှင်း** | ငြိမ်းဖောင်ဒေးရှင်းသည် ငြိမ်းချမ်းရေးပညာပေးခြင်းနှင့် ငြိမ်းချမ်းရေးတည်ဆောက်ခြင်းလုပ်ငန်းစဉ်တွင် တက်ကြွစွာပါဝင်နေသည်။[154] |

150.MIMU, "Myanmar, Who/What/Where, Mine Action," 23 August 2020.
151.Land Portal, "Committee for Internally Displaced Karen People," undated.
152.See, Karenni Social Welfare and Development Center website.
153.Durable Peace Programme, "Ta-ang Student Youth Union (TSYU)," undated.
154.Durable Peace Programme, "Nyein (Shalom Foundation)," undated.

| | |
|---|---|
| ဝမ်ပေါင်နိုင်ထွမ် | ၂၀၁၁ ခုနှစ်၊ ဇွန်လတွင်ကချင်အခြေစိုက်ဘုရားကျောင်းများ၊ ရပ်ရွာအခြေပြုကော်မတီများနှင့်ဒေသခံ NGO များမှတည်ထောင်ထားသော ဝမ်ပေါင်နိုင်ထွမ်သည် ပဋိပက္ခမှ ရှောင်တိမ်းလာသော နေရပ်စွန့်ခွာသူများကို ကာကွယ်ရန်နှင့်ကူညီရန်အတွက် စီမံကိန်းများကိုအကောင်အထည်ဖော်သည်။ မိုင်းအန္တရာယ်လျော့ချရေး ပညာရေးအပြင် ကလေး သူငယ်ကာကွယ် စောင့်ရှောက်ရေး၊ အာဟာရ၊ ရေ၊ သန့်ရှင်းရေးနှင့် တစ်ကိုယ်ရေသန့်ရှင်းရေး (WASH) ဆိုင်ရာ ကိစ္စရပ်များ၊ အရေးပေါ်ပညာရေးနှင့်အမျိုးသမီး ဝင်ငွေဖန်တည်းရေးလုပ်ငန်းများ ပါဝင်သည်။[155] |
| Myanmar Heart Development Organization (MHDO) | MHDO ကို စေတနာ့ဝန်ထမ်း ၈ ဦးက ၂၀၀၆ ခုနှစ် ဇွန်လတွင်တည်ထောင်ခဲ့သည်။ |
| ကြက်ခြေနီမြန်မာနိုင်ငံကြက်ခြေနီ အသင်း | လူထုအခြေပြု အန္တရာယ် လျော့ချရေးပညာပေးအဖွဲ့အစည်း |
| **နိုင်ငံတကာ NGO များ** | |
| DanChurchAid (DCA)/Norwegian Church Aid (NCA) | သဘာဝဘေးအန္တရာယ်နှင့် ပဋိပက္ခ၏သက်ရောက်မှုများကို ဖြေရှင်းရန် အစီအစဉ်၏ တစ်စိတ်တစ်ပိုင်းအဖြစ် DCA / NCA သည် အန္တရာယ် လျော့ ချရေး ပညာရေးမှ တစ်ဆင့် ပိုမိုလုံခြုံသော လူမှုအသိုင်းအဝိုင်းများကို တည် ဆောက်သည်။[156] ပဲခူးတိုင်းဒေသကြီး၊ ချင်း၊ ကယား၊ ကရင်၊ မွန်နှင့် ရှမ်းပြည်နယ်များတွင် လုပ်ငန်းဆောင်ရွက်သည်။ |
| Danish Refugee Council (DRC)/Danish Demining Group (DDG) | DRC / DDG သည် မိုင်းအန္တရာယ်ပညာပေးအဖွဲ့များကို ဦးဆောင် လည်ပတ်သည်။ ၎င်းသည် ကယားပြည်နယ်နှင့်ရှမ်းပြည်နယ်တို့တွင် နည်း ပညာမပါ အလွတ်သဘော စစ်တမ်းကောက်ယူမှုလုပ်ငန်းကို အန္တရာယ် လျော့ချရေး ပညာပေးလုပ်ငန်းဖြင့် ပေါင်းစပ်ရန် စီစဉ်ထားသည်။[157] ကချင်၊ ကယားနှင့် ရှမ်းပြည်နယ်မြောက်ပိုင်းတွင် တာဝန်ယူဆောင်ရွက်သည်။ |
| The HALO Trust | ကချင်၊ကရင်နှင့် ရှမ်းပြည်မြောက်ပိုင်းတို့တွင် ကချင်းတိုင်းရင်းသားအဖွဲ့ ဖြစ် သော Never end Tomorrow (NET)၊ ရှမ်းတိုင်းရင်းသားအဖွဲ့ တစ်ဖွဲ့ဖြစ် သော ရှမ်းပြည်တောင်ပိုင်းလူငယ်အရည်အချင်းမြှင့်တင်ရေးဌာန(SSYCB) ပေါင်းဖက်၍ လက်တွဲဆောင်ရွက်သည်။ The Halo Trust သည် မိုင်း အန္တရာယ်လျော့ပါးရေးပညာရေးလုပ်ငန်းနှင့် ရှေးဦးသူနာပြုစုရေးဘာသာရပ် ရပ်ရွာအသိုင်းအဝိုင်းမှ လူပေါင်း ၇၅၀ ကို လေ့ကျင့် သင်ကြားပေးခဲ့သည်။ |
| Humanity & Inclusion (HI) | ကချင်ပြည်နယ်အတွင်း ကာကွယ်စောင့်ရှောက်ရေးနှင့် ပညာရေး သင်တန်း များကို မိတ်ဖက်အဖွဲ့အစည်းများနှင့် အကောင်အထည်ဖော်ဆောင်ရွက် သည်။[158] ပဲခူးတိုင်းဒေသကြီး အရှေ့ပိုင်းနှင့် ကရင်ပြည်နယ်တို့တွင်လည်း ဆောင်ရွက်သည်။ |

155.Durable Peace Programme, "Wunpawng Ninghtoi (WPN)," undated.
156.DCA, "DCA and NCA in Myanmar," undated.
157.DDG, "Where We Work: Myanmar," undated.
158.Response to Monitor questionnaire by Fabrice Vandeputte, Regional Programme Director, HI, 14 May 2020.

| | |
|---|---|
| International Committee of the Red Cross (ICRC) | ICRC သည် လတ်တလော ထိခိုက်ဒဏ်ရာရမှုများကို ကာကွယ်ဟန့်တားရန်အတွက် အရေးပေါ်အန္တရာယ်ပညာပေးခြင်းကို ရေတို အကူအညီပေးခြင်းလုပ်ငန်းများတဆင့် ကူညီသည်။ ထို့အပြင် မြန်မာနိုင်ငံ ကြက်ခြေနီ အသင်းစေတနာ့ဝန်ထမ်းများမှ လူထုအခြေပြု အန္တရာယ် လျော့ချခြင်း ပညာပေးခြင်း၊ စာသင်ကျောင်းများတွင် အန္တရာယ်လျော့ချမှု ပညာပေးမှုများ လုပ်ဆောင်သည်။ ICRC သည် လူမှုအသိုင်းအဝိုင်း စေတနာ့ဝန်ထမ်းများကို အန္တရာယ်လျော့ချခြင်းပညာပေးခြင်းနှင့် တခြား လူသားချင်း စာနာသော အဖွဲ့အစည်းများအတွက် အန္တရာယ်အသိပညာပေးမှုများ ပေးသည်။[159] |
| Johanniter International Assistance (JOIN) | JOIN သည် WASH နှင့်သက်ဆိုင်သည့်ကိစ္စရပ်များ၊ အာဟာရ၊ ကျန်းမာ ရေးနှင့် သဘာဝဘေးအန္တရာယ်အတွက်ကြိုတင်ပြင်ဆင်ထားမှုများကိုအဓိကထားပြီး ကျယ်ပြန့်သော အကူအညီပေးမှု၏ တစိတ်တဒေသအဖြစ် လုပ်ဖော်ကိုင်ဖက်များမှ တဆင့် အန္တရာယ်လျော့ချမှုပညာပေးမှုကို ပံ့ပိုးပေးသည်။[160] |
| Mines Advisory Group (MAG) | မိုင်းအန္တရာယ်လျော့ချမှုပညာရေးသည် ကျေးရွာများနှင့် IDP စခန်းများရှိ MAG ၏ ကြားခံဆက်ဆံရေးလှုပ်ရှားမှုများ၏ တစိတ်တဒေသဖြစ်သည်။ ကြားခံ ဆက်သွယ်ရေး အရာရှိနှစ်ဦးပါသော အလုပ်အဖွဲ့က ပို့ချပေးသည်။ MAG သည် ၂၀၁၉-၂၀၂၀ တွင် အကောင်အထည်ဖော်မည့် မိတ်ဖက်အဖွဲ့အစည်း သုံးဖွဲ့ရှိခဲ့သည်။ ဒေသခံ အဖွဲ့အစည်း (၁၄) ဖွဲ့အား မိုင်းအန္တရာယ်ပေးမှု ပညာပေးလုပ်ငန်းများ ဆောင်ရွက်ရန် ထာဝရငြိမ်းချမ်းရေးအစီအစဉ်ဖြင့် စာချုပ်ချုပ်ဆိုခဲ့သည်။ MAG သည် ကချင်၊ ကယား၊ ကရင်၊ ရှမ်းပြည်နယ် မြောက်ပိုင်းနှင့် တောင်ပိုင်းနှင့် တနင်္သာရီတိုင်း ဒေသကြီးတို့တွင် လုပ်ငန်း ဆောင်ရွက်သည်။ |

၂၀၁၉ ခုနှစ်တွင် ပဋိပက္ခသတ်ရောက်မှုရှိသောဒေသများမှ ပြည်သူပေါင်း ၂၈၀၀၀၀ ခန့် မိုင်းအန္တရာယ်ပေးမှုပညာပေးများ လက်ခံရရှိခဲ့သည်။[161] UNICEF က ကျောင်းဆရာဆရာမပေါင်း ၈၈၉ ဦး၊ လူမှုရေးလုပ်သား ၆၇ ဦးနှင့် NGO ဝန်ထမ်း ၁၀၇ ဦးကို အန္တရာယ်ပေးမှုပညာပေးများ လေ့ကျင့်ပေးခဲ့သည်။

၂၀၁၉ ခုနှစ် ဩဂုတ်လအထိ အနည်းဆုံး အဖွဲ့အစည်း ၉ ခုသည် အန္တရာယ်လျော့ပါးရေးပညာပေး ပရောဂျက် ၁၃ ခု ကို ချင်းပြည်နယ်၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ကရင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ပဲခူးတိုင်းဒေသကြီး အရှေ့ဖက်ခြမ်း၊ မွန်ပြည်နယ်နှင့် တနင်္သာရီတိုင်းဒေသကြီးတို့တွင် အကောင်ထည်ဖော်ခဲ့သည်။ ထို့အပြင် UNICEF သည် ရှမ်း၊ မွန်၊ ကရင်၊ ကချင် နှင့် ပဲခူး အရှေ့ခြမ်း များအတွင်း မိုင်းအန္တရာယ်လျော့ချရေးလုပ်ငန်းများကို ထောက်ပံ့ခဲ့သည်။ UNHCR သည် တနင်္သာရီတိုင်းဒေသကြီး နှင့် ကရင်ပြည်နယ် တို့တွင်လည်း မိုင်းအန္တရာယ်လျော့ချရေးလုပ်ငန်းများကို အထောက်အကူပြုခဲ့သည်။

UNICEF အချက်အလက်ပြည့်ွန်းကိန်းတွင် ၂၀၁၆ ခုနှစ် မှ ၂၀၂၀ ပြည့်နှစ် မတ်လအထိ (ပထမလေးလပတ်) အန္တရာယ် လျော့ချမှုပညာရေးအများဆုံး ရရှိသည့်နေရာများသည် ကချင်၊ ကရင်၊ ရှမ်း၊ ကယား နှင့် ရခိုင် တို့ ဖြစ်ကြသည်ဟု ဖော်ပြထားသည်။[162]

၂၀၁၉ ခုနှစ်တွင် မိုင်းအရေးဆောင်ရွက်သူအများစုသည် စခန်းများအတွင်းနှင့် အိမ်ရှင်အဖြစ်လက်ခံသူ လူမှု အသိုင်းအဝိုင်း များအတွင်းရှိ နေရပ်စွန့်ခွာပြည်သူများနှင့် မြို့ပြဒေသများတွင် အန္တရာယ်လျော့ချရေးပညာပေးမှုများ ဆောင်ရွက်သည်။ MAG, The HALO Trust နှင့် ICRC သည် အန်ဂျီအိုများ၊ အစိုးရအရာရှိများနှင့် ကျောင်းဆရာ ဆရာများကို လုံခြုံမှုသင်တန်းများပေးခဲ့ကြောင်း သိရသည်။ UNICEF သည် အန္တရာယ်လျော့ပါးရေး ပညာပေးမှု သင်တန်းကို ကျောင်းဆရာဆရာမများ၊ လူမှုရေးလုပ်သားများနှင့် အန်ဂျီအိုဝန်ထမ်းများကို ပေးခဲ့သည်။ ၂၀၁၉ ခုနှစ်တွင် MAG နှင့် ICRC သည် စာသင်ကျောင်းများတွင် အန္တရာယ်လျော့ပါးရေး

159.Response to Monitor questionnaire by Bishu Mahat, ICRC Myanmar, 15 May 2020.
160.JOIN, "International Assistance in Myanmar," undated.
161. Statement by Myanmar at the Mine Ban Treaty Fourth Review Conference, Oslo, 25–29 November 2019. Meanwhile, HALO Trust reported providing risk education that benefited 8,188 men, 10,715 boys, 11,461 women and 11,702 girls. ICRC reported providing risk education that benefited 17,217 men, 12,112 boys, 23,378 women and 13,385 girls. MAG reported providing risk education that benefited 8,917 men, 6,954 boys, 9,021 women and 7,461 girls.
162.UNICEF, "Mine Action in Myanmar Fact Sheet (as of 31st March 2020)," April 2020.

ပညာပေးမှုများ ပြုလုပ်ပေးခဲ့သည်။ တချို့နေရာများတွင် ကျောင်းဆရာဆရာမများသည် အန္တရာယ်လျော့ပါးရေး ပညာပေးမှု သင်တန်းများ ရရှိသော်လည်း ၎င်းပညာပေးမှုကို နိုင်ငံတော်သင်ရိုးညွှန်းတမ်းတွင် ထည့်သွင်းပေါင်းစပ်ထားခြင်းမရှိပေ။

၂၀၁၆ ခုနှစ်တွင် မိုင်းအန္တရာယ်ပညာပေးမှု ဘုံသုံး သင်ထောက်ကူကို လက်တွေ့စမ်းသပ်ပြီး အစိုးရက အတည်ပြု ပေးခဲ့သည်။ ၂၀၁၇ ခုနှစ်တွင် DCA နှင့် UNICEF သည် လူကယ်ပြန်ဂန်ကြီးဌာန၏ ပံ့ပိုးမှုဖြင့် DCA, UNICEF နှင့် MRWG တို့နှင့် စုပေါင်းဆောင်ရွက်သော သင်ထောက်ကူတစ်ိတ်တဒေသအဖြစ် app တစ်ခုကိုရေးဆွဲခဲ့သည်။[163]

အန္တရာယ်လျော့ပါးရေးပညာပေးမှုတွင် ပါဝင်သော မိုင်းအမျိုးအစားမှာ လူသတ်မိုင်း၊ ကားမိုင်း၊ လက်လုပ်မိုင်းနှင့် တခြား ERW များ ပါဝင်သည်။ တပ်မတော်နှင့် ရခိုင်တပ်မတော် တိုက်ပွဲဖြစ်နေသော ရခိုင် နှင့် တောင်ပိုင်း ချင်းပြည်နယ်တွင် ကားမိုင်းအသုံးပြုမှု အစီရင်ခံစာများ ထွက်ပေါ်လာနေသည်။[164]

အန္တရာယ်လျော့ပါးရေးပညာပေးမှုတွင် မျက်နှာချင်းဆိုင်သင်ကြားပို့ချပေးခြင်းသည် အဓိက နည်းလမ်းဖြစ်သော်လည်း The Halo Trust မှ အဖွဲ့များက PA စနစ်ဖြင့်သော်လည်းကောင်း မြောက်ပိုင်း မြန်မာ MAG အဖွဲ့များက ရေဒီယိုမှတဆင့် သတင်းစကားပေးခြင်းဖြင့်သော်လည်းကောင်း ပို့ချကြသည်။[165] မြန်မာနိုင်ငံတွင် မြေမြုပ်မိုင်းရှင်းလင်းရန် ခွင့်ပြုချက်မရှိခြင်းကြောင့် အန္တရာယ် လျော့ပါးရေး ပညာပေးမှုသည် သီးခြားလုပ်ငန်းတစ်ခုပမာ ဖြစ်နေသည်။ တခါတရံတွင်တော့ နည်းပညာမပါသော အလွတ်သဘော စစ်တမ်းကောက်ယူမှုတွင် ပေါင်းစပ်ထားသည်။ MAG သည် လုပ်ငန်းများစတင်နိုင်သည်ဆိုသည်နှင့် အန္တရာယ်လျော့ပါးရေးပညာပေးမှုကို နည်းပညာစစ်တမ်းကောက်ယူမှုတွင် ထည့်သွင်းပေါင်းစပ်ရန် စီစဉ်ထားသည်။

MAG သည် ကချင်ပြည်နယ်၊ ရှမ်းပြည်မြောက်ပိုင်းတွင် ဆရာဖြစ်သင်တန်းအစီအစဉ်များပေးရန် နှင့် NGO ၁၄ ဖွဲ့ကို ၎င်းတို့၏ လူသားချင်းစာနာသော အကူအညီပေးမှုများတွင် မိုင်းအန္တရာယ်လျော့ပါးရေးပညာပေးမှု ထည့်သွင်းနိုင်ရေးအတွက် ကူညီပေးရန် အတွက် ဥရောပသမဂ္ဂ (EU) က ငွေကြေးထောက်ပံ့သော ထာဝရငြိမ်းချမ်းရေး အစီအစဉ် (DPP) နှင့်ကွန်ထရိုက် ရေးထိုးထားသည်။ မိတ်ဖက်အေဂျင်စီများသည် MAG ထောက်ပံ့သောသင်တန်း၊ ရုပ်ဂတ္တု အကူအညီ၊ ကောင်းမွန်သော အရည်အသွေးများနှင့်အတူ ၎င်းတို့ လုပ်ဆောင်နိုင်သော အတိုင်းအတာကို အခြေခံ၍ အန္တရာယ်လျော့ပါးရေးပညာပေးမှုကို ပူးတွဲပြင်ဆင်ရေးဆွဲသည်။[166]

မြန်မာနိုင်ငံတွင် နေရပ်စွန့်ခွာပြည်သူများနှင့် နေရပ်ရင်းပြန်သူများသည် အန္တရာယ်လျော့ပါးရေးပညာပေးမှုအတွက် အဓိက ပစ်မှတ်ထားအုပ်စုများဖြစ်သည်။ စခန်းများတွင် သို့မဟုတ် လက်ခံထားသော ရပ်ရွာများအတွင်း နေထိုင်သော်လည်း အိမ်မွေး တိရိစ္ဆာန်များ၊ နေအိမ်၊ ခြံ ၊ စိုက်ခင်းစသည်တို့ကို ရွာပြန်၍ ကြည့်လေ့ရှိသည်။ ကချင်ပြည်နယ် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များထိန်းချုပ်သော ဒေသများအတွင်းရှိ အိုင်ဒီပီ စခန်းများတွင် နေထိုင်ကြသော အမျိုးသား၊ အမျိုးသမီးများသည် ကိုယ်ခန္ဓာ သန်စွမ်းသည်ဖြစ်စေ မသန်စွမ်းသည်ဖြစ်စေ စခန်းပြင်ပ ထွက်၍ ဂင်ငွေရှာအလုပ်လုပ်ကြသည်ဟု HI က အစီရင်ခံခဲ့သည်။[167]

အန္တရာယ်သတိပေးချက်ဆိုင်းဘုတ်များနှင့် မိုင်းသင့်နေရာအသစ်များနှင့်ပတ်သက်၍ ဗဟုသုတ အကန့်အသတ်ဖြစ်နေခြင်းကြောင့် မည်သည့်နေရာသည် လုံခြုံမှုရှိ၍ မည်သည့်နေရာသည် မလုံခြုံသည်နှင့် ပတ်သတ်၍ သတင်းအချက်အလက် အကန့်အသတ်ဖြစ်နေသည်။[168]

အရွယ်ရောက်အမျိုးသားများသည် တခါတရံ အိမ်နှင့် အလှမ်းဝေးသေ အန္တရာယ်ရှိမရှိမသိနိုင်သော နေရာ တောထဲအထိသွားကူ အစားအစာရှာခြင်း အမဲလိုက်ခြင်းများ ပြုလေ့ရှိသည်။ ထို့ကြောင့် စီးပွားရေးလိုအပ်ချက်ကြောင့် မိသားစုအတွက် စွန့်စား၍ သွားရသော အမျိုးသားများ ထိခိုက်ဒဏ်ရာရမှု အချိုးအစားအလွန်မြင့်နေခြင်း ဖြစ်သည်။

အရွယ်ရောက်အမျိုးသားများသည် ၎င်းတို့၏ စားဂတ်နေရေးလုပ်ငန်းများကြောင့် အန္တရာယ်အရှိဆုံးအုပ်စုအဖြစ် သတ်မှတ်ခံထားရသော်လည်း ၎င်းတို့သည် အန္တရာယ်ရှိမှုပညာပေးလုပ်ငန်းကို သူများထက်ပိုနည်း၍ ရနေကြသည်ဟု UNICEF ဒေတာများက ဖော်ပြသည်။ ၂၀၁၆ ခုနှစ် မှ ၂၀၂၀ ပြည့်နှစ် မတ်လအထိ ဒေတာများအရ ပြည်သူပေါင်း ၁,၀၅၀,၇၂၅ ဦးကို ပညာပေးခဲ့သည့်အနက် ၈၁ ရာခိုင်နှုန်းသည် အမျိုးသမီးနှင့် ကလေးများ ဖြစ်ကြသည်။[169]

အမျိုးသားများကို အန္တရာယ်ရှိမှုပညာပေးအတွက် ပစ်မှတ်ထားရခြင်းမှာ ၎င်းတို့၏ စားဂတ်နေရေးလုပ်ငန်းများကြောင့် မိုင်းအန္တရာယ်ထိနိုင်ချေ များသောကြောင့်ဖြစ်သည်ဟု MAG က အစီရင်ခံသည်။ အန္တရာယ်ရှိမှုပညာပေး သင်တန်းများပေးချိန်တွင် အမျိုးသားများသည် နေ့လည်ခင်းတွင် ရွာအပြင်ဖက်ထွက်၍ အလုပ်လုပ်ရသောကြောင့် MAG သည် အန္တရာယ်ရှိမှုပညာပေးသင်တန်းများ

163.GICHD, "Review of New Technologies and Methodologies for Explosive Ordnance Risk Education (EORE) in challenging contexts," August 2020.

164.Response to Monitor questionnaire by Geoff Moynan, Programme Manager, HALO Trust, 27 April 2020.

165.Response to Monitor questionnaire by Geoff Moynan, Programme Manager, HALO Trust, 27 April 2020; and by Bekim Shala, Country Programme Manager, MAG, 25 May 2020.

166.Response to Monitor questionnaire by Bekim Shala, Country Programme Manager, MAG, 25 May 2020.

167.Response to Monitor questionnaire by Fabrice Vandeputte, Regional Programme Director, HI, 14 May 2020.

168.Response to Monitor questionnaire by Bishu Mahat, ICRC Myanmar, 15 May 2020.

169.UNICEF, "Mine Action in Myanmar Fact Sheet (as of 31st March 2020)," April 2020.

ကို ညဖက်နှင့် ရုံးပိတ်ရက်များတွင် ပေးသည်။[170]

နေရပ်စွန့်ခွာကလေးများသည် အန္တရာယ်ရှိမှုများသောအုပ်စုများဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် ၎င်းတို့သည် ပဋိပက္ခဖြစ်သော နေရာများနှင့် နီးနီးစပ်စပ်နေရခြင်းနှင့် မလုံခြုံသောဝန်းကျင်တွင် စော့ကစားရခြင်းကြောင့် ဖြစ်သည်။ IDP စခန်းများ တွင် အန္တရာယ်ရှိမှုပညာပေးလုပ်ငန်းများလုပ်ရန် ကျောင်းဆရာဆရာမ အလုံအလောက်မရှိကြောင်းနှင့် အထူးသဖြင့် အလွန် အလှမ်းဝေးသောဒေသများတွင် ဖြစ်သည်ဟု HI က အစီရင်ခံခဲ့သည်။ ကလေးများအတွက် အန္တရာယ်ရှိမှုပညာပေးအများစုသည် ကျောင်းပြင်ပတွင် ဖြစ်သည်။[171] ၂၀၁၈ ခုနှစ် ဒီဇင်ဘာလတွင် MAG သည် Clowns without Borders နှင့် ၎င်း၏ ဌာနခွဲ Clown Me In အဖွဲ့တို့နှင့် ပူးပေါင်း၍ ကလေးများအတွက် ပျော်ရွှင်စရာ ကစားပွဲများနှင့် အပြန်အလှန်ဆော့ကစားသည့် အန္တရာယ်ရှိမှုပညာပေး သင်တန်းများ ပို့ချခဲ့သည်။

အကန့်အသတ်များရှိနေခြင်းကြောင့် အလှမ်းဝေးသော ဒေသများနှင့် လူနည်းစုတိုင်းရင်းသားအုပ်စုနေရာများသို့ သွားရောက်ရန် ခက်ခဲသည်။ နိုင်ငံရေးအရ အကဲဆတ်သောနေရာများသည် ခွင့်ပြုလေ့မရှိသော်လည်း နိုင်ငံတကာ NGOများသည် ဝေးလန်သောလူမှုအသိုင်းအဝိုင်းများသို့ လက်လှမ်းမိစေရန် ဒေသခံ မိတ်ဖက် အဖွဲ့အစည်းများနှင့် ချိတ်ဆက်ဆောင်ရွက်ကြသည်။

များပြားလှသော ဘာသာစကားများကြောင့်လည်း အန္တရာယ်လျှော့ပါးရေးပညာပေးမှုနှင့် အန္တရာယ်လျှော့ပါးရေး ပညာပေးမှု အထောက်အကူပြုပစ္စည်းများ ပြင်ဆင်ရေးအတွက် စိန်ခေါ် မှုများ ဖြစ်စေသည်။[172]

## *၂၀၁၉ ခုနှစ်အတွင်း အဓိကဖြစ်ထွန်းမှုများ*

၂၀၁၉ ခုနှစ်တွင် MAG နှင့် MRWG တို့ စုပေါင်း၍ မြန်မာနိုင်ငံအတွက် မိုင်း အန္တရာယ်လျှော့ချရေးပညာရေး အက်ပလီကေးရှင်း တစ်ခု ရေးဆွဲခဲ့သည်။ ၎င်းအက်ပလီကေးရှင်းကို စမက်ဖုန်းများ၊ ကွန်ပျူတာများတွင် အသုံးပြုနိုင်ပြီး အသက်အရွယ်မရွေး အုပ်စုများ အတွက် အန္တရာယ်လျှော့ချရေးပညာရေးသတင်းစကားများထည့်သွင်းထားသည့်အပြင် ဂိမ်းများ၊ လေ့ကျင့်ခန်းများနှင့် ဗဟုသုတ တိုးများစေရန် အမေးအဖြေများပါ ထည့်သွင်းထားသည်။[173] Covid-19 ကူးစက်မှု ရလဒ်အဖြစ် အိုင်ဒီပီစခန်းများနှင့် ရပ်ရွာများအတွင်း အကောင်အထည်ဖော်နိုင်သော အွန်လိုင်း အန္တရာယ် လျှော့ချရေးပညာရေးသင်တန်းများဖြင့် DDDG က ၎င်း၏ အန္တရာယ်လျှော့ချရေး ပညာရေးအစီအစဉ်ကို ပြောင်းလဲပြင်ဆင်ခဲ့သည်။ ၎င်းသင်တန်းများကို မြန်မာနိုင်ငံတွင် အသုံးများသော ပလက်ဖောင်းများဖြစ်ကြသည့် Viber ၊ Facebook ၊ Messanger နှင့် Skype များမှတဆင့် ပို့ချနိုင်သည်။[174]

မသန်စွမ်းကလေးများနှင့် မသန်စွမ်းပြည်သူများပါ ပါဝင်နိုင်အောင် HI သည် အန္တရာယ်လျှော့ချရေးပညာရေး အထောက်အကူပစ္စည်းများကို ပြင်ဆင်လျက်ရှိသည်။ သာမန်နားလည်ရလွယ်သော ရိုးစင်းသည့်အသုံးအနှုန်းများ၊ ရေဒီယိုအသံလွှင့်မှုများ၊ လွယ်ကူသော စကားလုံးများ အရောင်းများ အသုံးပြုခြင်း စသည်တို့ပါဝင်သည်။[175]

၂၀၁၉ ခုနှစ်တွင် ICRC သည် ကချင်ပြည်နယ် ဖားကန့်မြို့နယ်တွင် ရပ်ရွာစေတနာ့ဝန်ထမ်းများနှင့် ကျေးရွာ ခေါင်းဆောင်များမှတဆင့် အရေးပေါ် အန္တရာယ်လျှော့ချရေးပညာရေးများ ပို့ချခဲ့သည်။[176] မြောက်ပိုင်းရှမ်းပြည်နယ်အတွင်း တိုက်ပွဲများဖြစ်ပြီးနောက် ၂၀၁၉ ခုနှစ် ဩဂုတ်လတွင် The HALO Trust အဖွဲ့သည် အိုင်ဒီပီစခန်းများတွင် အရေးပေါ် အန္တရာယ်လျှော့ချရေးပညာရေး ပို့ချပေးခဲ့သည်။[177]

၂၀၂၀ ပြည့်နှစ်တွင် HI သည် ကချင်ပြည်နယ်အတွင်း အစိုးရ ထိန်းချုပ်သော နေရာများနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများ ထိန်းချုပ်သော နေရာများအတွင်းရှိ အိုင်ဒီပီစခန်းများတွင် ဒေသခံမိတ်ဖက်အဖွဲ့အစည်းမှတဆင့် လူမှုအသိုင်းအဝိုင်း အန္တရာယ်လျှော့ချရေးပညာရေး ဆောင်ရွက်ရန် စီစဉ်ထားသည်။ အိုင်ဒီပီစခန်း ငါးခုမှ ကျောင်းဆရာဆရာမများအတွက် ဆရာဖြစ်သင်တန်းအစီအစဉ်စတင်ရန်နှင့် ကျောင်းသင်ရိုးညွှန်းတမ်းများတွင် အန္တရာယ်လျှော့ချရေးပညာရေးထည့်သွင်းရန် ကျောင်းဆရာ ဆရာများနှင့် လက်တွဲဆောင်ရွက်မည့် မိတ်ဖက် အဖွဲ့အစည်းများ၏ 'အရေးပေါ်အခြေအနေအောက် ပညာရေး' ကို ထောက်ပံ့ပေးရန်လည်း HI က စီစဉ်ထားသည်။

၂၀၂၀ ပြည့်နှစ် ဇန်နဝါရီတွင် The HALO Trust သည် ရခိုင်တိုင်းရင်းသားများ ကွန်ဂရက်၏ ဝန်ထမ်းများကို အန္တရာယ်လျှော့ချရေးပညာရေး နှင့် ရှေးဦးသူနာပြု သင်တန်းများပေးခဲ့သည်။ ထို့အတွက် ၎င်းတို့မှတဆင့် တပ်မတော်နှင့် ရခိုင်တပ်များ ပဋိပက္ခဖြစ်နေသော ဒေသများရှိ ပြည်သူများထံသို့ ၎င်းတို့ ဗဟုသုတများကို ထပ်ဆင့် ပြန်လည် ဖြန့်ဖြူးပေးနိုင်မည် ဖြစ်သည်။

170.Response to Monitor questionnaire by Bekim Shala, Country Programme Manager, MAG, 25 May 2020.
171.Response to Monitor questionnaire by Fabrice Vandeputte, Regional Programme Director, HI, 14 May 2020.
172.Response to Monitor questionnaire by Geoff Moynan, Programme Manager, HALO Trust, 27 April 2020.
173.Response to Monitor questionnaire by Fabrice Vandeputte, Regional Programme Director, HI, 14 May 2020.
174.DDG, "Virtual Mine Risk Education in Myanmar," 10 June 2020.
175.Response to Monitor questionnaire by Fabrice Vandeputte, Regional Programme Director, HI, 14 May 2020.
176.Response to Monitor questionnaire by Bishu Mahat, ICRC Myanmar, 15 May 2020
177.Response to Monitor questionnaire by Geoff Moynan, Programme Manager, HALO Trust, 27 April 2020.

*အမှတ်အသားပြုခြင်း*

တပ်မတော်သည် မိုင်းရှိသည်ဟုသိရသော နေရာများကို ၎င်းတို့ကိုယ်ပိုင် သတိပေးဆိုင်းဘုတ်များတပ်ဆင်ခြင်း၊ ခြံစည်းရိုးခတ်ခြင်းတို့ စသည်စနစ်များ ဖန်တည်းကျင့်သုံးသည်။ သို့သော် ၎င်းလုပ်ငန်းများသည် မည်မျှစနစ် ကျသည်ကိုတော့ မသိရပေ။[178]

**မိုင်းသင့်ပြည်သူ အကူအညီပေးခြင်း**

| မိုင်းသင့်ပြည်သူ အကူအညီပေးသူများနှင့် လုပ်ငန်းများ | |
|---|---|
| **အဖွဲ့အစည်းအမည်** | **လုပ်ငန်းအမျိုးအစား** |
| **အစိုးရ** | |
| **လူမှုဖူလုံရေး၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာ ချထားရေး ဝန်ကြီးဌာန** | လူမှုစီးပွားရေးနှင့် ပြန်လည် ပြုစုပျိုးထောင်ရေး ဝန်ဆောင်မှုများ၊ မိုင်းနှင့် တခြားပေါက်ကွဲစေသော ပစ္စည်းများကြောင့် အသက်ရှင်ကျန်ရစ်သူများ အပါအဝင် မသန်စွမ်းသူများအတွက် အတတ်ပညာသင်ကျောင်းများ |
| **ကျန်းမာရေးနှင့် အားကစားဝန်ကြီး ဌာန** | ခြေတု လက်တု တပ်ဆင်ရေး ဌာနများနှင့် အရိုးကု ဆေးရုံ နှစ်ရုံ |
| **ကာကွယ်ရေးဝန်ကြီးဌာန** | ဌာနသုံးခုမှတဆင့် ခြေတုလက်တု တပ်ဆင်ပေးသည် |
| **ပြည်တွင်း** | |
| **နဒေါ်မြရီဖောင်ဒေးရှင်း** | အိန္ဒိယနိုင်ငံ ဂျပူရာခြေတု အဖွဲ့နှင့်ပေါင်းစပ်၍ ရန်ကုန်မြို့တွင် ခြေတုလက်တု အလုပ်ရုံရုံဖန်ရုံခါ ပြုလုပ်သည်။ |
| **နိုင်ငံတွင်းအိုးအိမ်မဲ့ လှည့်လည်နေထိုင်သူ ကရင် လူမျိုးများ ကူညီ စောင့်ရှောက်ရေး ကော်မတီ** | ကရင်ပြည်နယ် ဖာပွန်မြို့နယ် ခိုကေ ခြေတုလက်တု ဆေးခန်းမှ ခြေတု လက်တု ထုတ်လုပ်သည်။ |
| **ကရင်ကျန်းမာရေး နှင့် လူမှု ဖူလုံရေး ဌာန** | ရှေးဦးသူနာပြုစုရေးအကူအညီ နှင့် ခွဲစိတ်ကုသမှု ပေးခြင်း |
| **ကရင်နီကျန်းမာရေး လုပ်သားများအဖွဲ့** | ကရင်နီပြည်နယ် လွိုင်ကော် တွင် ခြေတုလက်တု တပ်ဆင် ပေးသည်။ |
| ကရုဏာလူမှုရေးဆောင်ရွက်မှု အသင်းတော် (KMSS ကွန်ယက်) | ရှေးဦးသူနာပြုစုခြင်းနှင့် လက်ငင်းအကူအညီထောက်ပံ့ခြင်း |

178.Landmine Monitor interview with photojournalist accompanying Tatmadaw clearance engineers in Kayin State in August 2015. Signs were placed near a site of armed conflict between a Democratic Karen Buddhist Army (DKBA) splinter group and the Tatmadaw in Hlaing-Bwe township during reported clearance. Photographer provided a photograph of the signs to the Monitor on 3 August 2018. He said the truck in which he traveled with the Tatmadaw had many of the mine warning signs. Also, in November 2018, in eastern Bago region, after a mine incident near a school in Tha Pyay Nyunt village, Tatmadaw soldiers from Light Infantry Battalion 8/53 fenced the area to make it inaccessible. Karen Human Rights Group (KHRG), "KHRG Submission to Landmine Monitor," September 2019, unpublished.

| | |
|---|---|
| **မြန်မာနိုင်ငံ ရုပ်ပိုင်းဆိုင်ရာ မသန်စွမ်းသူ များ အသင်း (MPHA)** | မသန်စွမ်းအခွင့်အရေးစည်းရုံးတိုက်တွန်းခြင်း။ အထောက်အကူပြု ပစ္စည်းများထုတ်လုပ်ခြင်း၊ အလုပ်အကိုင်မှတဆင့် ဝင်ငွေရလုပ်ငန်း များ ထည့်သွင်းရန် အားပေးခြင်း |
| **နိုင်ငံတကာ** | |
| **အကူအညီ နှင့် ကယ်ဆယ်ရေးအသင်း - ဂျပန် (AAR Japan)** | အသက်မွေးကြောင်းသင်တန်း၊ လူထုအခြေပြု ပြန်လည်နေရာချထား ရေး၊ လွှဲပြောင်းရေးစနစ်၊ အသက်ရှင်ကျန်ရစ်သူများ အခွင့်အရေး/ စည်းရုံး တိုက်တွန်းခြင်း |
| **Exceed Worldwide** | ရန်ကုန် အမျိုးသားပြန်လည်ထူထောင်ရေးဆေးရုံ (NRH) တွင် ခြေတု အလုပ်ရုံ လည်ပတ်လုပ်ဆောင်နေခြင်း၊ မန္တလေး မြန်မာနိုင်ငံ ခြေတု လက်တုစာသင်ကျောင်းတွင် ခြေတုအလုပ်ရုံအသစ်အတွက် ငွေကြေး ထောက်ပံ့ခြင်း။ |
| **အနာကြီးရောဂါတိုက်ဖျက်ရေးအသင်း (မြန်မာနိုင်ငံ)** | ပြန်လည်ပြုစုပျိုးထောင်ခြင်း နှင့်ခြေတု တပ်ဆင်ခြင်း |
| **ဒိန်းမတ်မိုင်းတူးဖော်ရေးအဖွဲ့/ဒိန်းမတ် ဒုက္ခသည် ကောင်စီ** | ကချင်ပြည်နယ်အတွင်း မိုင်းနှင့် ERW အသက်ရှင် ကျန်ရစ်သူများအ တွက် ဆေးဝါး၊ ပြန်လည်ပြုစု ပျိုးထောင်ရေး စောင့်ရှောက်မှု နှင့် လွှဲ ပြောင်းရေး အကူအညီများ တိုက်ရိုက်ပေးသည်။ |
| **Handicap International** | လူမှုအသိုင်းအဝန်းအဆင့် အချက်အလက်ကောက်ယူခြင်း၊ ဝန် ဆောင်မှုနှင့် အခက်အခဲ လေ့လာသတ်မှတ်ခြင်း၊ လွှဲပြောင်းပေးခြင်း၊ စိတ်ပိုင်းဆိုင်ရာ အထောက်အပံ့၊ ရွှေ့လျားနိုင်သော အထောက်အကူ ပြုပစ္စည်းများ ပြင်ပေးခြင်း၊ အကူအညီများ တာဝန်ခံ ဆောင်ရွက်ခြင်း နှင့် အသက်ရှင် ကျန်ရစ်သူ/ မိုင်းဒဏ်သင့်သူများ၏ လိုအပ်ချက်ကို စည်းရုံးတိုက်တွန်းခြင်း၊ MPHA စွမ်းရည်မြှင့်တင်ခြင်း။ |
| **World Education** | ရုပ်ပိုင်းဆိုင်ရာပြန်လည်ပျိုးထောင်ခြင်း၊ စီးပွားရေး လုပ်ငန်းများတွင် ပါဝင်ခွင့်ရခြင်း၊ ဆေးဝါးနှင့် အသက်မွေး ဝမ်းကြောင်း ရံပုံငွေများ အသုံးပြုခွင့်ရှိခြင်း၊ အသက်ရှင် ကျန်ရစ်သူ/ထိခိုက်နစ်နာသူများ၏ လို အပ်ချက်များဆိုင်ရာ အကူအညီပေးခြင်း နှင့် စည်းရုံး တိုက်တွန်း ခြင်းများဆိုင်ရာ တာဝန်ခံ ညှိနှိုင်းဆောင်ရွက်ခြင်း။ |
| ICRC/ မြန်မာနိုင်ငံ ကြက်ခြေနီ အသင်း | ဘားအံခြေတုလက်တု တပ်ဆင် လေ့ကျင့်ရေးဌာနနှင့် ရပ်ဝေး ဒေသ များတွင် ခြေတုလက်တု တပ်ဆင်ရေးအတွက် ထောက်ပံ့ပေးသည်။ |
| **ကမ္ဘာ့ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီး (UNHCR)** | သယ်ယူပို့ဆောင်ခြင်း၊ အသက်မွေးဝမ်းကြောင်းလုပ်ငန်း အစီအစဉ်မှ တဆင့် စီးပွားရေး လုပ်ငန်းများထည့် သွင်းခြင်း အပါအဝင် စစ်ကြောင့် ထိခိုက် အနာတရ ဖြစ်ရသူများ၊ မြေမြှုပ်မိုင်းဒဏ်ခံ အသက်ရှင် ကျန်ရစ်သူများအတွက် ဆေးဝါးကုန်ကျစရိတ်နှင့် ပြန်လည်ပြုစုပျိုး ထောင်ရေးအတွက် လွတ်လပ်စွာ အသုံးပြုခွင့် ရှိသော ဘဏ္ဍာငွေ။ |

### *၂၀၁၉ ခုနှစ်အတွင်းအဓိက ဖြစ်ထွန်းမှုများ*

မြန်မာနိုင်ငံတွင်ထိခိုက်ဒဏ်ရာရမှုသည် နာမကျန်းဖြစ်ခြင်း၏ အဓိကအကြောင်းရင်းဖြစ်ပြီး သေဆုံးခြင်းရခြင်း တတိယအမြင့်များဆုံးအချက်ဖြစ်သည်။ အရေးပေါ်ဆေးဝါးဌာနတွင် လေ့ကျင့်ပေးထားသော သမားတော် အနည်းအကျဉ်းသာ ရှိသည်။ ၎င်းတို့သည် ပုံမှန်အားဖြင့် ကျေးလက်ဒေသများတွင် မရှိကြပါ။ လူနာကို ဆေးရုံသို့ ပို့ဆောင်ပေးမည့် တစ်နိုင်ငံလုံး ချိတ်ဆက်ထားသော လူနာတင်ယဉ်ဝန်ဆောင်မှုမရှိပါ။ ရန်ကုန်၊ မန္တလေး နှင့် နေပြည်တော်ကဲ့သို့သော အဓိက မြို့ကြီးသုံးမြို့တွင် အရေးပေါ်အခြေအနေကို တုန့်ပြန်ဆောင်ရွက်နိုင်သည့် စွမ်းရည်မရှိပါ။ ၎င်းမြို့တစ်မြို့စီတွင် အရေးပေါ်အခန်း တစ်ခန်းသာ ရှိသည်။[179]

မြန်မာနိုင်ငံတွင် မသန်စွမ်းသူများအတွက် ပြန်လည်ပြုစုပျိုးထောင်ရေးဝန်ဆောင်မှု ရရန်မလွယ်ကူပေ။ အထူးသဖြင့် ကျေးလက်ဒေသများတွင် နေထိုင်သူများအတွက်ဖြစ်သည်။ လက်ရှိ ရုပ်ပိုင်းဆိုင်ရာ ပြန်လည်ပြုစုပျိုးထောင်ရေးဌာနများသည် တိုင်းပြည်လိုအပ်ချက်၏ ၁၀ ရာခိုင်နှုန်းသာ ရှိသည်။ ဌာနအများစုသည် မြို့ကြီးများတွင်သာရှိ၍ လမ်းခရီးစရိတ်ကြီးမြင့်မှုက အဟန့်အတား ဖြစ်စေသည်။[180]

၂၀၁၇ ခုနှစ်မှစ၍ HI သည် ကရင် ကျန်းမာရေးနှင့်ဖူလုံရေးဌာန (KDHW)နှင့် ပူးတွဲ၍ နိုင်ငံ၏ အရှေ့တောင်ဖက်ခြမ်းဒေသအတွင်းရှိ ပဋိပက္ခအကဲဆတ်မှုအခြေအနေကို တုန့်ပြန်ဆောင်ရွက်ခြင်းအားဖြင့် ကရင်ပြည်နယ်အတွင်း အစိုးရ နှင့် အစိုးရ ထိန်းချုပ်ခြင်းမရှိသော ဒေသနှစ်ခုစလုံးတွင် ဝန်ဆောင်မှုများ ပေးနေသည်။[181] KDHW သည် ကရင်အမျိုးသားအစည်းအရုံး (KNU) ၏ ကျန်းမာရေးဌာနတစ်ခုဖြစ်ပြီး ကျန်းမာရေးလုပ်သားများအတွက် ဆေးသင်တန်းများပေးသည်။ သို့သော်လည်း KNU ထိန်းချုပ်ဒေသတွင် ကျန်းမာရေးဝန်ဆောင်မှုများအတွက် လေ့ကျင့်ပေးသော ဆေးမှူးများ ပို၍ လိုအပ်နေသေးသည်။[182] ၂၀၁၉ ခုနှစ်တွင် HI သည် လူမှုရေးရန်ပုံငွေတစ်ခုကို အသုံးပြု၍ ဆေးဝါးစောင့်ရှောက်မှုအထောက်အပံ့များ ထပ်တိုးပေးခဲ့သည်။[183]

ICRC သည် ကချင်၊ ရခိုင် နှင့် ရှမ်းပြည်နယ်များအတွင်း လက်နက်ကိုင်အဖွဲ့များထိန်းချုပ်သောဒေသအတွင်းရှိ ဌာနများ အပါအဝင် ကျန်းမာရေးဌာနများနှင့် လူမှုအသိုင်းအဝန်းအခြေပြုဌာနများကို ထောက်ပံ့ပေးခဲ့သည်။[184] ရွှေ့ပြောင်းကျန်းမာရေးယူနစ်များ အပါအဝင် ရခိုင်ပြည်နယ်အတွင်းရှိဆေးရုံများ တခြားသော ကျန်းမာရေးဌာနများသည် ICRC ၏ အကူအညီဖြင့် စစ်ဘေးရှောင်ပြည်သူများနှင့် တခြားအကြမ်းဖက်ခံရသူ ပြည်သူများအတွက် ကျန်းမားရေးစောင့်ရှောက်မှု ပေးသည်။[185] ICRC သည် ရခိုင်ပြည်နယ်အတွင်း လူသားချင်းစာနာသောလုပ်ငန်းများ တုန့်ပြန်ဆောင်ရွက်ရန်အတွက် ရုပ်ပိုင်းဆိုင်ရာပြန်လည်ပြုစုပျိုးထောင်ခြင်း အပါအဝင် ရုပ်ပိုင်းဆိုင်ရာ ပြန်လည်ပြုစုပျိုးထောင်ရေးဌာန ၅ ခုကို ဆက်လက်ထောက်ပံ့ပေးနေသည်။[186]

၂၀၁၉ ခုနှစ်တွင် ICRC သည် မန္တလေးတွင် ခြောက်ခုမြောက် စင်တာတစ်ခုကို ထောက်ပံ့နိုင်ခြင်းမရှိခဲ့ပေ။[187] ICRC သည် ပြန်လည်ပြုစုပျိုးထောင်ရေးအတွက် Service Users Referral System အစီအစဉ်ကို အသုံးပြုရန် အမျိုးသားအဆင့် ကြက်ခြေနီစေတနာ့ဝန်ထမ်းများကို လေ့ကျင့်ပေးခဲ့သည်။ ပြန်လည်ပြုစု ပျိုးထောင်ရေး ပရောက်ဖက်ရှင်နှင့် မန်နေဂျာများအတွက် သင်တန်းများ ပို့ချပေးခဲ့သည်။[188]

၂၀၂၀ ခုနှစ် မတ်လအထိ မြန်မာနယ်စပ်ထိစပ်နေသော ထိုင်းမြို့ မဲဆောက်အခြေစိုက် မယ်တော်ဆေးပေးခန် (MTC) ၏ ခြေတုလက်တုဌာနသည် ယခင်က မြန်မာနိုင်ငံမှ လာရောက်ဆေးကုသခံယူသူများအတွက်သာ ခြေတုလက်တုများ ပေးခဲ့ဖူးသော်လည်း လုပ်ငန်းကို ရပ်တန့်လိုက်ပြီဖြစ်သည်။ ၎င်း၏ ကျန်ရှိသော ကိရိယာများကို ကရင်ပြည်နယ် ဖာပွန်မြို့နယ် ကလိုယော်လေး ကျေးရွာမှ KDHW က ဖွင့်လှစ်သော ဆေးပေးခန်းကို ပေးပို့ခဲ့သည်။ ၂၀၁၉ ခုနှစ်တွင် MTC သည် မြန်မာနိုင်ငံမှ လူနာများအတွက် ခြေတု ၇၆ ခု ထောက်ပံ့ပေးခဲ့သည်။[189]

မိုင်း/ERW အသက်ရှင်ကျန်ရစ်သူများသည် ၎င်းတို့မိရိုးဖလာ အသက်မွေးဝမ်းကြောင်းမှုကို စွန့်လွှတ်ခဲ့ရသောကြောင့် ၎င်းတို့အတွက် အစားထိုးအသက်မွေးဝမ်းကြောင်းမှုနည်းလမ်းများ နှင့် အသက်မွေးဝမ်းကြောင်း သင်တန်းများ လိုအပ်သည်။[190] DRC-DDG သည် ပဋိပက္ခသတ်ရောက်မှုရှိသော လူမှုအသိုင်းအဝန်းများနှင့် မိုင်း/ERW သတ်ရောက်မှုရှိသော လူမှုအသိုင်းအဝန်းများကို ကူညီရန်

179.Susan Becker, "Progress towards health systems strengthening in Myanmar," Journal of Global Health Reports, Vol. 2, 30 March 2018.

180.ICRC Physical Rehabilitation Programme (PRP), "Annual Report 2018," Geneva, 2019, p. 45.

181.HI, "Federal Information – Country Card: Myanmar," September 2018.

182."Health workers are still needed in KNU areas, KDHW says," BNI, 5 September 2018.

183.Response to Monitor questionnaire by Fabrice Vandeputte, Regional Programme Director, HI, 14 May 2020.

184.ICRC, "Annual Report 2017," Geneva, 2018, p. 327.

185.ICRC, "Annual Report 2018," Geneva, 2019, p. 366.

186.ICRC PRP, "Annual Report 2018," Geneva, 2019, p. 45.

187.ICRC, "Annual Report 2019," Geneva, 29 June 2020, p. 349.

188.ICRC, "Physical Rehabilitation Programme: 2019 Annual Report," Geneva, 3 July 2020, p. 47.

189.Landmine Monitor interview with Naw Annie Po Moo, Director of Operations, MTC, 28 January 2020. The Prosthetics Department, and the new operations in Klo Yaw Lay clinic, receive financial support from Together Against Landmines (Gemeinsam gegen Landminen, GGL), an NGO based in Austria.

190.DDG, "DDG Study Aims to Counter Rise in Victims from Mines in Myanmar," 16 January 2018.

အတွက် အသက်မွေးဝမ်းကြောင်းအကူအညီများ ထောက်ပံ့ပေးသည်။ ထို့အပြင် မိုင်း/ERW ထိခိုက်နစ်နာသူများအတွက် စီးပွားရေးနှင့် စိုက်ပျိုးရေး လုပ်ငန်းများဆိုင်ရာ အတတ်ပညာသင်တန်းများကိုပါ ကူညီပေးသည်။[191]

AAR ဂျပန်သည် ရန်ကုန်မြို့တွင် ၎င်း၏ဌာနတွင် မသန်စွမ်းများအတွက် အသက်မွေးဝမ်းကြောင်း သင်တန်းများပေးသည်။[192] ၂၀၁၈ ခုနှစ် ဩဂုတ်လတွင် မြန်မာနိုင်ငံတာဝန်ယူမှုရှိသောစီးပွားရေးဌာန နှင့် AAR ဂျပန်သည် လူမှု ဖူလုံရေး၊ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ပြန်လည်ပြုစုပျိုးထောင်ရေးဌာန အကူအညီနှင့်အတူ သက်ဆိုင်သူများအစည်းဝေးကို ကျင်းပခဲ့သည်။ မသန်စွမ်းသူများ အလုပ်ခန့်အပ်ခြင်း လက်စွဲ စာအုပ်မူကြမ်းနှင့်ပတ်သက်၍ အကြံဉာဏ်ရယူရန် ဖြစ်သည်။[193]

HI သည် အမေရိကန်ပြည်ထောင်စု ထောက်ပံ့သော မြန်မာနိုင်ငံလူသားချင်းစာနာသော မိုင်းအရေးလုပ်ရှားမှုကို ဆောင်ရွက်သည်။ ကရင်ပြည်နယ်အတွင်း မြို့နယ်သုံးခု နှင့် အရှေ့တောင်ဖက်ခြမ်းဒေသအတွင်းရှိ ပဲခူးအရှေ့ ဖက်ခြမ်း ဒေသတွင် မြန်မာနိုင်ငံ ရုပ်ပိုင်းဆိုင်ရာ မသန်စွမ်းသူများအဖွဲ့ (MPHA) နှင့်ပူးပေါင်း၍ လူမှု-စီးပွား ဖွံ့ဖြိုးမှု အားလုံး ပါဝင်ခွင့် နှင့် အားလုံးအတွက် လူသား လုံခြုံမှုလုပ်ငန်းများ ဆောင်ရွက်သည်။[194] ဒေသတွင်း အသက်ရှင်ကျန်ရစ်သူများအတွက် အကူအညီများဆက်လက်ထောက်ပံ့ပေးနိုင်ရန်အတွက် MPHA ၏ ပရောဂျက်စီမံခန့်ခွဲမှု ကျွမ်းကျင်မှုများကို HI က ဆက်လက်ကူညီပံ့ပိုးပေးခဲ့သည်။[195]

ICRC/သို့မဟုတ် အမျိုးသားလူမှုအဖွဲ့အစည်းက ကချင်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်အတွင်း ပဋိပက္ခကြောင့် ဘေးဒုက္ခရောက်သူပြည်သူများနှင့် တခြား အကြမ်းဖက်မှုခံရသူ ပြည်သူများအတွက် ရုပ်ပိုင်းဆိုင်ရာ အကူအညီများပေးခဲ့သည်။ ICRC သည် ရခိုင်မြောက်ဖမ်းခြမ်းဒေသအတွင်း အကြမ်းဖက်မှုခံရသော မိသားစုဝင်များအတွက် ဝင်ငွေ ငွေသား အထောက်အပံ့ပေးခြင်းကို ကန့်သတ်ခံရပြီး အိမ်ထောင်စုများအတွက် မရှိမဖြစ် လိုအပ်ချက်ပစ္စည်းများ၊ စိုက်ပျိုးရေးပစ္စည်းများဖြင့် ဝေငှပေးခြင်းဖြင့် ပြန်လည်အစားထိုးခဲ့သည်။[196] ၂၀၁၉ ခုနှစ်တွင် ICRC သည် မြန်မာနိုင်ငံတွင် ဒုတိယအကြိမ်မြောက် ဂိုးချဲဘက်စက်ဘော အလုပ်ရုံတခု ကျင်းပခဲ့ပြီး အားကစားပွဲများ၊ အသေးစား စီးပွားရေး အစပြုမှုများ နှင့် အသက်မွေးဝမ်းကြောင်း သင်တန်းများတွင် မသန်စွမ်းသူများ ပါဝင်ရန် ဆောင်ရွက်ပေးခဲ့သည်။[197]

World Education အဖွဲ့သည် ကယားပြည်နယ်နှင့် ပဲခူးတိုင်းဒေသကြီးအတွင်းရှိ အောက်ခြေ ကိုယ်ထူကိုယ်ထ မသန်စွမ်းသူများ အဖွဲ့ငယ်များကို စွမ်းရည်များမြှင့်တင်ပေးခဲ့သည်။ ကယားပြည်နယ် နှင့် မွန်ပြည်နယ်အတွင်းရှိ ဝန်ဆောင်မှုပေးသူ လမ်းညွှန်များကို စုစည်း၊ ဘာသာပြန်၍ ထုတ်ဝေ ဖြန့်ချိပေးခဲ့သည်။[198]

UNICEF အစီရင်ခံမှုအရ ကလေးမသန်စွမ်းဦးရေ ၈၇ ရာခိုင်နှုန်းသည် ဆရာဝန်ထံ သွားရောက်ပြသခြင်းမရှိသလို ၂၀ ရာခိုင်နှုန်းက ကျောင်းတွင် အနိုင်ကျင့်ခံရသည်ဟု ပြောဆိုကြောင်း သိရသည်။[199]

လိုအပ်ချက်အကဲဖြတ်မှုလုပ်ငန်းအသစ်များ ဆောင်ရွက်ခဲ့သည်ဟူသော အစီရင်ခံမှုများ မရှိပေ။

၂၀၁၉ ခုနှစ်တွင် ပြည်ထောင်စုမြန်မာနိုင်ငံ မိုင်းအရေးဆောင်ရွက်ရန်အတွက် အလှူရှင် ၁၀ နိုင်ငံက အမေရိကန်ဒေါ်လာ ၆.၃ သန်းလှုဒါန်းခဲ့ သည်။ ၂၀၁၅ မှ ၂၀၁၇ ခုနှစ်အထိ နှစ်ပတ်လည် ရရှိခဲ့သော ငွေကြေးပမာဏနှင့် တူသည်။[200]

နိုင်ငံတကာမှ ထည့်ဝင်မှုများသည် နည်းပညာမပါသော အလွတ်သဘော စစ်တမ်းကောက်ယူခြင်း၊ အန္တရာယ်လျော့ချရေးပညာပေးခြင်း သို့မဟုတ် ICRC၊ UNICEF နှင့် တခြားသော အစိုးရမဟုတ်သော အဖွဲ့အစည်းများမှတဆင့် ထိခိုက်နစ်နာသူများအတွက် အကူအညီပေးသော လုပ်ငန်းများအတွက် ဖြစ်ခဲ့သည်။

191.DRC/DDG, "Factsheet Kayah State, 2018," 2018.

192.AAR Japan, "Annual Report 2018: April 2018-March 2019," undated but 2019, p. 17.

193.Myanmar Center for Responsible Business, "Workshop to Consult Government Departments on the Draft Handbook on Employment of Persons with Disabilities," 23 August 2018.

194.HI, "Federal Information – Country Card: Myanmar," September 2018.

195.HI, "Humanity & Inclusion in Myanmar," undated.

196.ICRC, "Annual Report 2018,"Geneva, 2019, p. 368.

197.ICRC, "Physical Rehabilitation Programme: 2019 Annual Report," Geneva, 3 July 2020, p. 47.

198.Email from Khin Mar Aung, Director, World Education Myanmar, 25 October 2018.

199.UNICEF, "Children with disabilities: Ensuring inclusive policy and action to provide access to services," undated.

200.Australia Convention on Cluster Munitions Article 7 Report, Form I, 3 January 2020; response to Monitor questionnaire by Natascha Hassan Johns, Head of Section, Denmark Ministry of Foreign and Ministry of Defence, 26 June 2020; Ireland Mine Ban Treaty Article 7 Report, Form J, 30 March 2020; Japan Mine Ban Treaty Article 7 Report, Form J, 30 March 2020; response to Monitor questionnaire by Steve Hoscheit, Desk Disarmament, Luxembourg Ministry of Foreign and European Affairs, 4 May 2020; email from Ingrid Schøyen, Senior Advisor, Humanitarian Affairs, Norway Ministry of Foreign Affairs, 5 June 2020; Sweden Mine Ban Treaty Article 7 Report, Form J, 2020; email from Kajsa Aulin, Assistant Health Affairs and Disarmament, Permanent Mission of Sweden to the United Nations in Geneva, 24 September 2020; Switzerland Convention on Cluster Munitions Article 7 Report, Form I, 28 April 2020; and United Kingdom Mine Ban Treaty Article 7 Report, Form J, 2020.

**နိုင်ငံတကာ အကူအညီပေးမှုများ အကူအညီပေးမှုများ - ၂၀၁၉[201]**

| အလှူရှင် | ကဏ္ဍ | ပမာဏ (သက်ဆိုင်ရာနိုင်ငံ များ၏ငွေကြေး) | ပမာဏ ($) |
|---|---|---|---|
| **ဂျပန်** | အန္တရာယ်လျှော့ချရေး ပညာပေးခြင်း နှင့် မိုင်းသင့်ပြည်သူအကူအညီ | ¥325,176,898 | 2,982,727 |
| **အင်္ဂလန်** | အန္တရာယ်လျှော့ချရေး ပညာပေးခြင်း | £796,463 | 1,016,924 |
| **ဆွစ်ဇာလန်** | အန္တရာယ်လျှော့ချရေး ပညာပေးခြင်း နှင့် မိုင်းသင့်ပြည်သူအကူအညီ | CHF738,500 | 743,182 |
| **နော်ဝေ** | အန္တရာယ်လျှော့ချရေး ပညာပေးခြင်း | NOK3,500,000 | 397,723 |
| **ဆွီဒင်** | အန္တရာယ်လျှော့ချရေး ပညာပေးခြင်းနှင့် စစ်တမ်းကောက်ယူခြင်း | SEK3,345,000 | 353,579 |
| **သြစတေးလျ** | အန္တရာယ်လျှော့ချရေး ပညာပေးခြင်း | A$435,378 | 302,675 |
| **ဥရောပသမဂ္ဂ** | အန္တရာယ်လျှော့ချရေး ပညာပေးခြင်း | €255,719 | 286,252 |
| **လူဇင်ဘတ်** | မိုင်းသင့်ပြည်သူအကူအညီ | €76,500 | 85,634 |
| **အိုင်ယာလန်** | စစ်တမ်းကောက်ယူခြင်း | €70,000 | 78,358 |
| **ဒိန်းမတ်** | အန္တရာယ်လျှော့ချရေး ပညာပေးခြင်း | DKK192,000 | 28,784 |
| **စုစုပေါင်း** | | | **6,275,838** |

၂၀၁၅ ခုနှစ်မှစ၍ မြန်မာနိုင်ငံသို့ ပေးသော နိုင်ငံတကာအကူအညီများသည် စုစုပေါင်း ဒေါ်လာ ၂၈ သန်း ထက်မနည်း ရှိနေပြီဖြစ်သောကြောင့် နှစ်စဉ် ဒေါ်လာ ၅.၇ သန်းခန့် ရရှိသည်ဟု အဓိပ္ပါယ်ရသည်။

201.Average exchange rates for 2019: A$1=US$0.6952; DKK6.6703=US$1; €1=US$1.1194; NOK8.8001=US$1; £1=US$1.2768; SEK9.4604=US$1; CHF0.9937=US$1; and ¥109.02=US$1. US Federal Reserve, "List of Exchange Rates (Annual)," 2 January 2020.

**နိုင်ငံတကာ အကူအညီပေးမှုများ အကူအညီပေးမှု အကျဉ်းချုပ် - ၂၀၁၅ မှ ၂၀၁၉ အထိ**[202]

| နှစ် | နိုင်ငံတကာအကူအညီများ ($) |
|---|---:|
| ၂၀၁၉ | 6,275,838 |
| ၂၀၁၈ | 2,872,606 |
| ၂၀၁၇ | 6,725,763 |
| ၂၀၁၆ | 6,525,640 |
| ၂၀၁၅ | 6,240,315 |
| **စုစုပေါင်း** | **28,640,162** |

**မြန်မာနိုင်ငံဆိုင်ရာ ထပ်ဆင့်ပေါက်ကွဲစေသော စစ်လက်နက်ပစ္စည်းများ အသုံးပြုမှု တားမြစ်ပိတ်ပင်ခြင်း အစီရင်ခံစာ**

ဆယ်နှစ်တာ သုံးသပ်ချက်။ စာချုပ်အဖွဲ့ဝင်မဟုတ်သော မြန်မာနိုင်ငံသည် သဘောတူစာချုပ်တွင်ပါဝင်လိုကြောင်း စိတ်ဝင်စားမှုကို ဖော်ပြထားပြီးဖြစ်သည်။ သို့သော် စာချုပ်တွင်ပါဝင်ရန် တစုံတရာလုပ်ဆောင်မှု မရှိသေးပေ။ ၂၀၁၉ ခုနှစ် ဒီဇင်ဘာတွင် သဘောတူစာချုပ်အား မြှင့်တင်သော အဓိက ကုလသမဂ္ဂဆုံးဖြတ်ချက်များတွင် မဲမပေးနေခဲ့သည်။

မြန်မာနိုင်ငံက ၎င်းသည် ထပ်ဆင့်ပေါက်ကွဲစေသော စစ်လက်နက်ပစ္စည်းများကို မည်သည့်အခါမှ အသုံးပြုခြင်း၊ ထုတ်လုပ်ခြင်း သို့မဟုတ် လွှဲပြောင်းခြင်းမရှိဟု ပြောဆိုခဲ့သည်။

**မူဝါဒ**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသည် မြေမြှုပ်မိုင်းအသုံးပြုမှု ပိတ်ပင်တားဆီးခြင်း သဘောတူစာချုပ်ကို သဘောတူ လက်ခံထားသော နိုင်ငံတနိုင်ငံမဟုတ်ပေ။[203]

၂၀၁၉ ခုနှစ် နိုဝင်ဘာလတွင် ကျင်းပခဲ့သော ကမ္ဘာ့ကုလ သမဂ္ဂအထွေထွေညီလာခံတွင် မြန်မာနိုင်ငံက ၎င်းသည် သဘောတူစာချုပ်သို့ ဝင်ရောက်လိုသော်လည်း အစိုးရမဟုတ်သော လက်နက်ကိုင်အဖွဲ့အစည်းများနှင့် တစ်နိုင်ငံလုံးငြိမ်းချမ်းရေးသဘောတူစာချုပ်ချုပ်ဆိုနိုင်သည့်အထိ သဘောတူစာချုပ်တွင် ပါဝင်နိုင်ခြင်းမရှိသေးကြောင်း ပြောဆိုခဲ့သည်။[204] ၂၀၁၇ ခုနှစ်တွင် မြန်မာနိုင်ငံက ၎င်း သည် သဘောတူစာချုပ်တွင် ပါဝင်မည့် ၎င်း၏ရပ်တည်ချက်ကို ပြန်လည်သုံးသပ်ခဲ့ကြောင်းနှင့် "အထိန်းအကွပ်မရှိ နေရာအနှံ့ သတ်ရောက်စေသော လက်နက်များ …….လူသားချင်းစာနာသော နောက်ဆက်တွဲ အကျိုးသတ်ရောက်မှုများ ဖြစ်စေနိုင်သော လက်နက်များကို ကာကွယ်ဟန့်တားရန်" ၎င်းအနေဖြင့် ရည်ရွယ်သည်ဟု ပြောဆိုခဲ့သည်။[205]

မြန်မာနိုင်ငံသည် ထပ်ဆင့်ပေါက်ကွဲစေသော လက်နက်ပစ္စည်းများ အသုံးပြုမှုပိတ်ပင် တားမြစ်ခြင်းဆိုင်ရာ သဘောတူစာချုပ် (ကျင်းခေါင်၊ လာအို ဒီမိုကရက်တစ်သမ္မတနိုင်ငံ၊ အောက်တိုဘာ ၂၀၀၈) ဖြစ်လာစေသော အော်စလိုအစည်းအဝေး (Oslo Process) ၏ ဒေသဆိုင်ရာ အစည်းအဝေးသို့ တက်ရောက်ခဲ့သည်။ ၂၀၀၉ ခုနှစ် နိုဝင်ဘာလတွင် အင်ဒိုနီးရှားနိုင်ငံ၊ ဘာလီမြို့တွင် ကျင်းပသော ဒေသဆိုင်ရာ အစည်းအဝေးသို့လည်း တက်ရောက်ခဲ့သည်။

မြန်မာနိုင်ငံသည် သဘောတူစာချုပ်အစည်းအဝေး၏ အစည်းအဝေးများသို့ လေ့လာသူအဖြစ်တက်ရောက်ခဲ့ဖူး သော်လည်း ၂၀၁၃ ခုနှစ်မှစ၍တက်ရောက်ခြင်းမရှိတော့ပေ။[206] ၂၀၁၉ ခုနှစ် စက်တင်ဘာလ ဂျနီဗာတွင် ကျင်းပခဲ့သော ၉ ကြိမ်မြောက်အဖွဲ့ဝင်နိုင်ငံများအစည်းအဝေကို မြန်မာနိုင်ငံ ဖိတ်ကြားခံရသော်လည်း တက်ရောက်ခဲ့ခြင်းမရှိပေ။

၂၀၁၉ ခုနှစ် ဖွန်လတွင် မြန်မာနိုင်ငံသည် ဖိလစ်ပိုင်နိုင်ငံက မနီလာမြို့တွင် အိမ်ရှင်အဖြစ်လက်ခံကျင်းပသော သဘောတူစာချုပ်ဆိုင်ရာဒေသဆိုင်ရာအလုပ်ရုံဆွေးနွေးပွဲများကို တက်ရောက်ခဲ့သည်။ ၂၀၁၉ ခုနှစ် ဧပြီလ ဗီယက်ကျန်းတွင် လာအိုနိုင်ငံက ကျင်းပ

202.Monitor အစီရင်ခံစာအဟောင်းများကိုကြည့်။ Total for 2017 has been rectified as a result of revised US funding data.

203.ယခင်က ပြည်ထောင်စုမြန်မာနိုင်ငံဟုခေါ်သည်။ ယခင် စစ်အစိုးရလက်ထပ်တွင် Burma မှ Myanmar သို့ ပြောင်းလဲသတ်မှတ်ခဲ့သည်။ တိုင်းရင်းသား အဖွဲ့အစည်းအများစု နှင့် နိုင်ငံအများစုက Burma ဟူ၍သာ ဆက်လက်ခေါ်ဝေါ်သုံးစွဲလိုကြသည်။

204.Myanmar, Explanation of Vote on Resolution A/C.1/L.46, UN General Assembly (UNGA) First Committee on Disarmament and International Security, New York, 6 November 2019. Myanmar has previously indicated that it is considering joining the convention.

205.Myanmar, Explanation of Vote on Resolution L.41, 72nd Session, UNGA First Committee, New York, 31 October 2017, UNGA, Official Records, A/C.1/72/PV26, pp. 18–19/29.

206.Myanmar participated as an observer in the convention's annual Meetings of States Parties in 2010 and 2012 and then its intersessional meetings in 2013. Myanmar has not attended a meeting of the convention since 2013.

သော နောက်ထပ်ဆွေးနွေးပွဲတစ်ခုကိုလည်း တက်ရောက်ခဲ့သည်။[207]

၂၀၁၈ ခုနှစ် ဒီဇင်ဘာလတွင် မြန်မာနိုင်ငံသည် သဘောတူညီချက်ဆိုင်ရာ UN ဆုံးဖြတ်ချက်တွင် မဲမပေး ကြားနေနိုင်ငံအဖြစ် ရပ်တည်ခဲ့သည်။ ၎င်းဆုံးဖြတ်ချက် အဖွဲ့ဝင်နိုင်ငံများအား ထပ်ဆင့်ပေါက်ကွဲစေသော စစ်လက်နက် ပစ္စည်းများအသုံးပြုမှု တားမြစ်ပိတ်ပင်ခြင်းသဘောတူစာချုပ်တွင် အမြန်ဆုံးပါဝင်ကြရန် အကြံပြုထားသည်။[208] ၂၀၁၅ ခုနှစ်တွင် ပထမအကြိမ် စတင်မိတ်ဆက်ခဲ့သော သဘောတူစာချုပ် မြှင့်တင်ခြင်း UNGA နှစ်ပတ်လည် ဆုံးဖြတ်ချက်ချခဲ့သည့်အချိန်မှစ၍ မြန်မာနိုင်ငံကမဲမပေးကြားနေအဖြစ် ဆက်လက်ရပ်တည်လာခဲ့ခြင်းဖြစ်သည်။

မြန်မာနိုင်ငံသည် မိုင်းအသုံးပြုတားမြစ်ပိတ်ပင်ခြင်းသဘောတူစာချုပ် အဖွဲ့ဝင်မဟုတ်ပေ။ ထို့အပြင် သမာရိုးကျ လက်နက်များ သဘောတူစာချုပ်အဖွဲ့ဝင် နိုင်ငံတစ်နိုင်ငံလည်း မဟုတ်ပေ။

## အသုံးပြုခြင်း၊ ထုတ်လုပ်ခြင်း၊ လွှဲပြောင်းခြင်းနှင့် သိုလှောင်ခြင်း

၂၀၁၉ ခုနှစ်နိုဝင်ဘာလတွင် မြန်မာနိုင်ငံသည် ဒေသဆိုင်ရာအစည်းအဝေးတစ်ခုတွင်ဤသို့ ပြောဆို ခဲ့သည်။ "မိမိတို့သည် ထပ်ဆင့်ပေါက်ကွဲစေသော လက်နက်ပစ္စည်းများ၊ ဖွံ့ဖြိုးခြင်း၊ ထုတ်လုပ်ခြင်း၊ ရယူခြင်း၊ ထိန်းသိမ်းခြင်း၊ တခြားသူတစ်ဦးထံ တိုက်ရိုက်သို့မဟုတ် သွဲ့ဝိုက်၍ လွှဲပြောင်းခြင်း၊ သို့မဟုတ် ကူညီခြင်း၊ ဤ သဘောတူညီချက်အရ တားမြစ်ထားသော လုပ်ငန်းများကို တခြားတဦးဦးအား လုပ်ဆောင်ရန် အားပေးခြင်း၊ ဆွဲဆောင်ခြင်းများ မပြုလုပ်ပါ။" [209]

မြန်မာနိုင်ငံသည် ထပ်ဆင့်ပေါက်ကွဲစေသော စစ်လက်နက်ပစ္စည်းများအသုံးပြုခြင်းကိုငြင်းဆန်ခဲ့သည်။ ၂၀၁၅ ခုနှစ်တွင် မြန်မာနိုင်ငံက အောက်ပါအတိုင်း ပြောဆိုခဲ့သည်။ "မိမိတို့၏ လက်နက်ကိုင် တပ်ဖွဲ့များသည် ထပ်ဆင့်ပေါက်ကွဲစေသော စစ်လက်နက်ပစ္စည်းများကို မည်သည့် စစ်ဆင်ရေးတွင်မှ အသုံးပြုခဲ့ခြင်းမရှိပေ။" [210]

၂၀၁၃ ခုနှစ် ဇန်နဝါရီ ၂၆ ရက်နေ့တွင် ကချင်ပြည်နယ် လိုင်ဇာအနီး ခေါတ်မီုထပ်ဆင့်ပေါက်ကွဲ စစ်လက်နက်နှင့် ပုံစံတူသော လက်နက်ပေါင်းတစ်ခုကို တပ်မတော်က အသုံးပြုခဲ့သည်ဟု ကချင်လွတ်လပ်ရေး တပ်မတော် စွပ်စွဲပြောဆိုခဲ့သည်။[211]

HRW ကလက်ခံရရှိသော ဓါတ်ပုံတွင် မြင်တွေ့ရသည့် "ထပ်ဆင့်ပေါက်ကွဲပုံစံတူ" နှင့် ပေါင် ၂၀ လေးသော ဖြန့်ထွက် ဗုံးများသည် ထပ်ဆင့်ပေါက်ကွဲစေသော စစ်လက်နက်ပစ္စည်းများ ထိန်းချုပ်ခြင်း သဘောတူစာချုပ်ပါ ထပ်ဆင့်ပေါက်ကွဲ စစ်လက်နက်ပစ္စည်း ဖွင့်ဆိုချက်တွင် အကျုံးဝင်သည်။[212]

မြန်မာနိုင်ငံသည် ၁၂၂ မီလီမီတာ အမျိုးအစား ၈၁ နှင့် ၉၀ ဘီ အမျိုးအစား နှင့် မြေပြင်မှ မြေပြင်ပစ် ၂၄၀ မမ ရော့ကက်လောင်ချာတို့ ပိုင်ဆိုင်သည်။ သို့သော် ၎င်းကျည်များတွင် ထပ်ဆင့်ပေါက်ကွဲ ပုံစံများ ပါမပါတော့ မသိနိုင်ပေ။[213]

---

207.Regional Seminar on Landmines, Cluster Munitions and Explosive Remnants of War, Vientiane, Lao DPR, 29–30 April 2019. See, "Experts Discuss Landmine-related Risks At A Regional Seminar," Lao News Agency, 2 May 2019; and "Asia-Pacific Workshop on CCM Universalization," Convention on Cluster Munitions Quarterly Newsletter, April 2019.

208."Implementation of the Convention on Cluster Munitions," UNGA Resolution 73/54, 5 December 2018.

209.ဦးရဲမင်းသိန်း၏ ပြောဆိုချက်။ လက်ထောက်ဒါရိုက်တာ။ နိုင်ငံတကာအဖွဲ့အစည်းများနှင့် စီးပွားရေးဌာန။ နိုင်ငံခြားရေးဝန်ကြီးဌာန။ Regional Conference on Promotion and Universalization of Convention on Cluster Munitions.ဘာလီ။ နိုဝင်ဘာ ၁၆ ၂၀၁၉ ။

210.မြန်မာနိုင်ငံဆိုင်ရာထုတ်ပြန်ချက်။ လက်နက်ဖြုတ်သိမ်းရေးနှင့် နိုင်ငံတကာလုံခြုံရေးဆိုင်ရာ UNGA ပထမကော်မတီ အစည်းအဝေး။ နယူးယောက်။ ၁၅ အောက်တိုဘာ ၂၀၁၅။

211."Burma army uses cluster bombs to take key KIO position near Laiza," Kachin News Group, 26 January 2013. On 19 April 2013, the deputy secretary of the Kachin National Council (KNC) provided photographs to the Cluster Munition Coalition (CMC) showing an unknown type of air-dropped bomb that it said, "confirmed that the World War-Two era 20 pound fragmentation bombs were used during the airstrikes in the KIA's strategic outposts between 14 December 2012 and 8 January 2013 by the Myanmar Air Force." According to the KNC, "this type has never been used in Burma's civil war before." The photographs were contained in an email sent to the CMC by Hkun Htoi, Deputy Secretary, KNC, 19 April 2013.

212.There is evidence that Myanmar government forces mounted six fragmentation bombs to the adaptor, which then separated from the rack when dropped from the air. Photographs show a metal tubular rack that appears to be similar in design to the United States-produced M1 cluster adapter. The small fragmentation bombs are of a more modern design and marking than World War II-era munitions. A military officer who requested anonymity confirmed that the weapon was manufactured in Myanmar; additionally, a former military ordnance officer confirmed that the markings on the weapons were those used by Myanmar's armed forces.

213.မြန်မာနိုင်ငံကာကွယ်ရေးလက်နက်များ။၂၀ မတ်လ ၂၀၁၄။ လှဦး၏ မြန်မာ့တပ်မတော်၏MRLSသို့မဟုတ်ရော့ကက်မျိုးစုံပစ်နိုင်သောစနစ်ကို အင်္ဂလိပ်လို ဘာသာပြန်ဆိုမှု။ ၂၃၊မတ် ၂၀၁၄။